www.burmeseclassic.com

ကိုယ်တို့ခေတ်ရဲ့

မင်းကုသ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပဉ္စမံဒေါင်း

ဟာသလုံးချင်းဝတ္ထု

**ကိုယ်တို့ခေတ်ရဲ့ မင်းကူသ**

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ― ၅၀၀၉၀၉၀၆၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ― ၅၀၀၉၉၀၀၇၀၈

ထုတ်ဝေခြင်း ― ပထမအကြိမ်၊ သြဂုတ်၊ ၂၀၀၈

ထုတ်ဝေသူ

ဦးစန်းမွန်အောင်
(ငါတို့စာပေ)
75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း
အာကာ

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဒေါ်မေသက်နိုင်
(ပြည့်စုံပုံနှိပ်တိုက်)

အုပ်ရေ
၅၀၀

တန်ဖိုး ― ၁၅၀၀ ကျပ်

BURMESE CLASSIC .com

# ပုညခင်

၏

ထွက်ရှိပြီးစာအုပ်များ

၁။ ဆယ်ရက်အတွင်းယောက္ခမသိမ်းသွင်းနည်း
၂။ တစ္ဆေဆရာအလွဲ
၃။ မတော်တဆ
၄။ ချောင်းသမှ ကမောက်ကမ
၅။ နတ်ဆိုးကျီစားတဲ့အချစ်
၆။ ကျွန်တော့်ချစ်ခြင်းသစ်ပင်
၇။ ဘယ်တော့မှ အလွမ်းချည်းမဟုတ်
၈။ ဒါမျိုးကြီး စိန်သာဗလ
၉။ ချစ်ဖက်

## ကိုယ်တို့ခေတ်ရဲ့ မင်းကုသ

**ဆက်လက်ပြီး...**

၁၀။ အချုပ်ပို
၁၁။ ဘောလုံးဟင်းခါး

www.burmeseclassic.com

ဘုရားဟော ဇာတ်နိပါတ်တော်များမှ အဖြစ်အပျက်တို့သည် ယခုရိ ကာဘီယလှိုင်း ရိုက်ခတ်နေသောကာလတွင်ရှိ အဖြစ်အပျက်တစ်ခုနှင့် ဟိုက်ဆိုက်တာမျိုးလည်း ရှိတတ်ပါသည်။ သို့နှင့် ဤဝတ္ထုရေးဖို့ ဖြစ်ပေါ်လာရပါသည်။

ကိုယ်ဟာ အသိဉာဏ်ရှိတဲ့ လူဖြစ်ပြီးဆိုမှတော့
လူတွေကိုကြည့်ပြီး
သူတို့ သာယာကြည်နူးချမ်းမြေ့တာ ပြုံးတာရွှင်တာ
စသဖြင့် မုဒိတာပွားမိတာ
အပြစ်မဟုတ်တန် ကောင်းပါရဲ့။

www.burmeseclassic.com



# ၁

အိမ်ခြံဝင်းတစ်ခုလုံး တောရရိပ်သာကျောင်းတစ်ခုလို တိတ်ဆိတ်နေသည်။ ဘာသံမှ မကြားရ။

ကြားရစရာကလည်း အကြောင်းမရှိလှ။ ရှိတာက အိမ်မှာဆိုလျှင် ကျွန်တော့်ဒယ်ဒီရယ်၊ ကျွန်တော်ရယ်၊ ထမင်းချက် ဟင်းချက် လင်မယား ကိုဖိုးထောင်နဲ့ မအေးတို့ရယ် ဒါပဲရှိပါသည်။ ကျွန်တော့် ဒယ်ဒီက အိမ်မှာနေတာ နည်းသည်။ သူ ဖွင့်လှစ်ထားသော ကွန်ပျူတာ အရောင်းပြခန်းနှင့် တခြားစီးပွားရေး ကုမ္ပဏီများတွင် ရှယ်ယာထည့် ဝင်ထားသဖြင့် သူ့လုပ်ငန်းကိုင်ငန်း ကိစ္စများနှင့်သာ 'မျိုးကြီး' သီချင်း ခေါင်းစဉ်ထဲကလို 'နိစ္စဓူဝ' အလုပ်ရှုပ် လို့နေပါသည်။

ကျွန်တော်ကရော တစ်ဦးတည်းသော သားပီပီ ဒယ်ဒီက ဘာမှ မလုပ်နိုင်။ မာမီက ကျွန်တော် ဆယ်နှစ်သားကတည်းက ဆုံးပါးသွားသဖြင့် ဒယ်ဒီက အချစ်ပိုပြီး ကျွန်တော့်ကို ပညာသာသင်ခိုင်းသည်။ ကျွန်တော့်ခမျာ စီးပွားရေးနှင့်ဘွဲ့ရပြီးပေမယ့် ကျွန်တော် ရရှိသောဘွဲ့ကို ဘာမှအသုံးမချရသေးပါ။ ဒယ်ဒီက ကျွန်တော် ဝါသနာပါရာကို သာ လုပ်ခိုင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



[illegible]ကြောင်း ထို့အတွက်တော့ ဒယ်ဒီ့ကို ကျွန်တော် ကျေးဇူးအထူးတင်မိပါသည်၊ ကျွန်တော့်မှာ ဝါသနာပါတာတွေက ခပ်များများရှိပါသည်။

ဆင်းရဲခဲ့တာကို ဝါသနာပါသည်။ သစ်ပင်စိုက်ပျိုးရတာကိုလည်း ဝါသနာပါသည်။ စာဖတ်ခြင်းနှင့် လူတွေကို ကူညီရခြင်းကိုလည်း ဝါသနာအလွန်ပါသည်။ လူမှုရေးကိစ္စများ ဆောင်ရွက်ရခြင်းကိုလည်း ဝါသနာက ပါပြန်သေးသည်။ သည့်အတွက် ဒယ်ဒီကလည်း ဘာမှမပြော။ သူငယ်ချင်းတွေကလည်း သုံးမကုန်နိုင်အောင် ကြွယ်ဝသော ကျွန်တော်တို့မိသားစုအနေအထားကိုကြည့်ပြီး ဂုဏ်မာန်မာနမဖောက်သဖြင့် ကျွန်တော့်ကို အံ့အားသင့်ကြပါသည်။

ဘာအံ့အားသင့်စရာ ရှိပါသလဲ။ ကျွန်တော်သည်လည်း အများနည်းတူ မိုးကောင်းကင်ကြီးအောက်မှာ နေထိုင်သော လူတစ်ဦးပင် ဖြစ်ပါသည်။ သူများတွေ ပူအိုက်လို့ ချွေးထွက်သလို ကျွန်တော်လည်း ချွေးထွက်ပါသည်။ သူများတွေ ဆာလောင်မှုရှိသလို ကျွန်တော်လည်း ဆာလောင်တတ်ပါသည်။ တကယ်တော့ အရာအားလုံးသည် ပညတ်များသာ မဟုတ်ပါလား။

ကျွန်တော့်အမြင် ပြောရလျှင် လူဖြစ်လာလျှင် လူလိုနေထိုင်ဖို့၊ လူပီသဖို့ကသာ အရေးကြီးပါသည်။

* * *

'မင်းထွက်... မင်းထွက်... ဟာကွာ... မင်းနဲ့ ဒီလောက် ငါ ဟစ်ကြွေးနေတာတောင် မကြားဘူးလား'



တွေးချင်ရာတွေးပြီး ပန်းသီးပုံကလေးများ ထိုင်ဆွဲနေသော ကျွန်တော့်အဖို့ ကျွန်တော့်သူငယ်ချင်း မျိုးဟန်က ကျွန်တော့်အနား ရောက်လာပြီး အော်ပြောလိုက်သဖြင့် သည်ကောင့်အသံကြောင့် ကျွန်တော့်ခြံဝင်း တောရရိပ်သာလေး ပျက်သုဉ်းသွားရသလိုမျိုး ဖြစ်သွားပါသည်။

'စကားဆိုတာမျိုးက အဝေးကပြောလည်း ဒီအကြောင်းပဲ၊ အနီးနားကပြောလည်း ဒီအကြောင်းပါပဲကွာ၊ မင်းနဲ့ ကိုယ့်ရဲ့ လေအင်အားကို ဘာလို့မချွေတာတာလဲ'

ပန်းချီဆွဲနေရင်းမှ ကျွန်တော်က နည်းနည်းပွားလိုက်သဖြင့် မျိုးဟန်တစ်ယောက် နည်းနည်းတော့ တင်းသွားပါသည်။

'ဟေ့ကောင်... အဘိဓမ္မာဆရာ သူဌေးသား၊ မင်း ငါ့ကို စကားလုံးတွေနဲ့ မပစ်နဲ့၊ ဘဝကို ပေါ့ပေါ့ပါးပါး ဖြတ်သန်းစမ်းပါကွာ'

မျိုးဟန်က ကျွန်တော်ဆွဲထားသော ကတ္တူစက္ကူ အဖြူပေါ်မှ တောင်တန်းနှင့် ငှက်များပုံကို ကောက်ယူကြည့်လိုက်ရင်းမှ ပြောလိုက်ပါသည်။

'ဒီထက် ငါ့ဘဝကို ပေါ့ပါးရဦးမှာလား၊ သူများတွေ ထမင်းစားသလို ငါစားတယ်၊ သူများနေသလို ငါနေတယ်၊ ဟိုကွာ... သူများတွေ အိမ်သာတက်သလိုမျိုး ငါလည်းတက်တယ်၊ ဒီ့ထက် ဘဝဟာ ပေါ့ပါးရဦးမလား'

ကျွန်တော့်စကားကြောင့် မျိုးဟန် တော်တော်စိတ်ညစ်သွားသည်

www.burmeseclassic.com



ထင်ဝါရဲ့ ခေါင်းကို လက်နှင့် တွင်တွင်ချည်း ကုတ်လို့နေပါသည်။

'မင်းကိုတော့ ငါ မပြောတော့ဘူး၊ အမြဲတမ်း မင်းက မင်းဆီ ရောက်လာမယ့် ဘောလုံးတွေကို ခုခံကာကွယ်ဖို့ အဆင်သင့် လုပ်ပြီးသားပဲ၊ ဒါနဲ့ ဒီလောက်ပုံတွေဆွဲနေတာ ဘာလုပ်ဖို့လဲ'

ကျွန်တော့်အနီးအနားမှာ ဟိုတစ်စ သည်တစ်စ ပြန့်ကျဲနေသော [illegible]ပြား အဖြူပေါ်မှာ ရေးဆွဲထားသော ပုံတွေကို ရေတွက်ရင်း မှ မျိုးဟန်က မေးပြန်ပါသည်။

'ဒါလား… ဒီရပ်ကွက်ထဲက ကလေးတွေကို ပေးဖို့လေ၊ သူတို့က ဦးဦး ပုံဆွဲပေးပါဆိုလို့ ဆွဲပေးရတာ၊ ညနေရောက်ရင် သူတို့ ဒီမှာ လာယူကြလိမ့်မယ်၊ ဒါကြောင့် တစ်ပုံနဲ့တစ်ပုံ မတူအောင် ဆွဲနေရတာပေါ့ကွာ'

'မင်းလေ အလုပ်မရှိ အလုပ်ရှာတဲ့ကောင်၊ ဒါတွေလုပ်မယ့် အစား ကိုယ့်အဖေရဲ့အလုပ်ကို ဝင်လုပ်ပါလား၊ ဒီလိုဆို မင်း အဖေရဲ့စီးပွား ပိုတိုးတက်သွားမယ်၊ အခုဟာက ကြောင်ကို ရေချိုးပြီး သန်းရှာသလို ဖြစ်နေတယ်'

ကျွန်တော် ထင်ပါသည်။ မျိုးဟန်တစ်ယောက် မတွေ့လိုက်နှင့်။ တွေ့လိုက်တာနဲ့ ကျွန်တော့်ကို ဒါမျိုးချည်း ပြောမည်ဆိုတာ။

'ငါ့ဒယ်ဒီရဲ့ အလုပ်က သူ့ဟာနဲ့သူ ကွက်တိဖြစ်ပြီးသား၊ ဘယ် အလုပ်လုပ်ရင် ဘယ်လောက်မြတ်မယ်ဆိုတာ တွက်ထားပြီး သား၊ ဒီတော့ ငါ့ဒယ်ဒီလုပ်နေတဲ့အလုပ်တွေဟာ ပုံသေနည်း ဆန်တယ်၊ ငါက ဒါမျိုးမလိုချင်ဘူး၊ ငါက လူတွေက ကြည်နူး





တာမျိုးကို မြင်ချင်တယ်၊ အမြတ်မလိုဘူး၊ ငါဖန်တီးတဲ့ ပန်းချီ ကားလေးတွေကို ကလေးတွေကြည့်ပြီး ပြုံးနေ ပျော်နေရင် ငါ ကျေနပ်တယ်၊ ဒီလိုပဲ ငါ စိုက်ထားတဲ့ အပင်လေးတွေက ပန်းတွေပွင့်နေတာကို ပန်းလာတောင်းတဲ့လူကို ပေးလိုက်ရတာ ကို ငါ ဂုဏ်ယူတယ်၊ အဲဒီပန်းတွေကို ဘုရားပဲတင်တင် သူတို့ ပန်ပဲပန်ပန် ဘယ်လောက်ကျေနပ်စရာလဲ၊ ဒီလိုပေါ့ကွာ… မင်း လည်း သိတာပဲ၊ ငါ ထမင်းဟင်းချက် ဘယ်လောက်ဝါသနာ ပါလဲ၊ အရပ်ထဲ ဘာထဲ အလှူဆို ငါ ထမင်းဟင်းဝင်ချက်ပေး တာ၊ မင်းတို့လို သူငယ်ချင်းတွေကို ချက်ကျွေးရတာ ဒါ ဘယ် လောက်ပီတိဖြစ်လဲ၊ အဲဒါတွေနဲ့ ငါ ရှင်သန်နေတာကွ'

ကျွန်တော့်စကားကြောင့် မျိုးဟန် ဘာမှမပြောနိုင်တော့ပါ။ ကျွန်တော် ပြောတာတွေက အားလုံးအမှန်တွေချည်း ဖြစ်နေလို့ပါ။

'ဒါပေါ့ကွာ… ချမ်းသာတဲ့လူတွေများ ဘာပဲလုပ်လုပ် တင့် တယ်တာပေါ့ကွာ၊ ငါသာ မင်းနေရာမျိုးမှာဆို မင်းလို ရုပ်ရည်မျိုး နဲ့ဆို ရည်းစားတွေတစ်ယောက်ပြီးတစ်ယောက် တွဲပစ်လိုက်မယ်'

'မင်းတွေးတာ သဘာဝကျပါတယ် မျိုးဟန်ရာ၊ ကမ္ဘာပေါ်မှာ လက်ထပ်တာတို့ ရည်းစားထားတာတို့ဆိုတာ ဘုရင်ကစလို့ သူဖုန်းစားထိအားလုံး လုပ်နိုင်တာပဲ၊ လွယ်တာကို လူတွေက ခက်အောင်လုပ်နေကြတာပါ၊ ငါလိုချင်တာ ငါမပိုင်ဆိုင်ဘဲ ငါ့ဒယ်ဒီပိုင်ဆိုင်တဲ့ စီးပွားဥစ္စာတွေကို မက်မောပြီး ငါ့ကို လာချစ်မယ့် အမျိုးသမီးမျိုး မဟုတ်ဘူး၊ သန့်သန့်လေး ဘာတို



www.burmeseclassic.com

www.burmeseclassic.com



အဖြူသည်ထို သဘောထားပြီးချစ်မယ့် အချစ်မျိုးကိုပဲ လိုတယ်၊ ငွေ၊ အာဏာ၊ ရွှေကြေးစည်းစိမ်ဆိုတာ လူတွေက မက်မောတယ်ဆိုပေမယ့် အဲဒါတွေရှိရင်ရော လူတွေ ငြိမ်းချမ်းနိုင်ပါ့မလား ပြည့်စုံပါ့မလား'

တွန်းတော့စကားအဆုံးမှာ ကျွန်တော့်ခြံဝင်းထဲကို ရပ်ကွက်ထဲက ကလေးငယ်တွေ အပြေးအလွှား ဝင်ချလာပါသည်။

'ကိုမင်းထွတ်··· သားတို့အတွက် ပုံတွေဆွဲပြီးပြီလား'

'ဟာ··· ဒီမှာ သမင်လေးတွေပုံဟေ့'

'ဟ··· ဒီမှာ မျောက်ကြီး၊ သစ်ပင်ပေါ်မှာ ငှက်ပျောသီးစားနေတယ်'

'ဟေ့ကောင်··· အဲဒီတိုက်အိမ်ပုံ မလုနဲ့၊ ငါယူမှာ'

'ဟယ်··· ဒီမှာ မီးမီးအတွက် ဘိုမပုံလေး'

'ဟာ··· ဒါ ငါ့ဟာ၊ ဝက်ဝံကြီး'

'မလုနဲ့လေ၊ ဟေ့ကောင်'

'ကိုမင်းထွတ်··· ကျွန်တော့်ဟာ ဒီကောင် လုသွားပြီ'

'ညီလေး ပြန်ပေးလိုက်၊ ကိုကြီး ထပ်ဆွဲပေးမယ်'

'ရော့··· ဒီမှာရှိသေးတယ်'

စောစောတုန်းက တောရရိပ်သာကျောင်းလို တိတ်ဆိတ်နေသော ကျွန်တော့်အိမ်ခြံဝင်းသည် ယခုအခါတော့ လက်ပံပင် ဆက်ရက်ကျသလို ရပ်ကွက်ထဲ သူပုန်ဝင်သလိုမျိုး ကလေးတွေနှင့် ဆူညံကုန်ပါတော့သည်။

✷





ဒါ့နှင့်ပင် မပြီးသေးပါ။ ကျွန်တော့်ခြံဝင်းထဲမှာ ကလေးတွေ ဆော့ကစားနေကြတာ သူတို့အဖို့ ကလေးကစားကွင်း ရောက်နေသလိုမျိုးကို ဖြစ်နေပါသည်။

✷

ထိုမြင်ကွင်းကိုကြည့်ပြီး ပြုံးပြုံးကြီးနှင့် ကျွန်တော် ကျေနပ်နေပါသည်။

ထိုမြင်ကွင်းကိုကြည့်ပြီး စိတ်ညစ်နေသူကတော့ မျိုးဟန်ပင် ဖြစ်ပါသည်။

✷

ဘယ့်နှယ်··· သူငယ်ချင်းတွေစုပြီး ဘီယာသောက်ဖို့ ချိန်းထားတာ။ ကျွန်တော်၏ကိစ္စကြောင့် နောက်လည်း ကျ၊ အစီအစဉ်ကလည်း ပျက်သွားသောကြောင့် ဖြစ်ပါသည်။

ဒါကို ကျွန်ကော်ဆိုသော ငတိက မသိရေးချ မသိ။

✳ ✳ ✳



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားတစ်ဦးကို
တန်ဆာဆင်ထားတာ
မွေးရာပါပင်ကိုအလှဆိုတော့...
အဲဒီအလှကြောင့်
စိတ်ညစ်နေရသူတွေ
ဘယ်လောက်တောင် များလေပြီလဲကွယ်။

# ၂

မိန်းမသားတစ်ဦးအဖို့ လှတာက သူများတွေတော့ မသိ။ ‘ပဲပ
ဒီ’လို့ အမည်ပေးထားသည့် ကျွန်မအဖို့ တော်တော်ဒုက္ခရောက်ရပါ
ည်။ ဘယ်သွားသွား ပုရိသယောက်ျားများ၏ ‘ငမ်း’ခြင်းက မလွတ်။
ည့်ကြားထဲ စာပေးခံရတာက တစ်မျိုး၊ ဘယ်ကနေ ဘယ်လို ကျွန်မ
ဆောင်ထားသည့် ဟမ်းဖုန်းနံပါတ်ရော၊ အိမ်ဖုန်းနံပါတ်ရော ရသလဲ
ဖုန်းတွေထဲကနေ ရည်းစားစကားပြောခံရတာလည်း ရှိသေး။
တော့ Message တွေ ဘာတွေလည်း ဟမ်းဖုန်းထဲ ခဏခဏပို့လွှန်း
I love you very much ဆိုသည့် စကားလုံးကို ကြည့်တောင်
ကြည့်ချင်တော့။ တော်တော့်ကို ကျွန်မ မုန်းနေပါသည်။

မြို့ထဲမှာ ဖေဖေနှင့် မေမေတို့ ဖွင့်ထားသည့် ရွှေဆိုင်မှာရော၊
တော့ တီဗီ၊ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ ဗီစီဒီ၊ ဒီဗီဒီ၊ စလော
င်းသည့် Show Room ဆိုင်ကိုလည်း မသွားရဲလောက်အောင်ပင်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေများ ဆောင်လို့ ရောက်သွားနိုင်။ ဟိုမေးသည်မေးသလို လို့ ဘာလိုလိုနှင့် ငေးသိရုပ်သိလုပ်နေသော ကောင်လေးတွေရော အသက်သုံးဆယ်ဝန်းကျင် ယောကျ်ားသားဘို့၏ တဝကြီးငမ်းခြင်းကို ခံရတာလည်း ရှိသေးသည်။

ကျွန်မက ကြာလာတော့ အဲဒါတွေကို စက်ဆုပ်လာပါသည်။ တိုယ်နှင့်ဆန့်ကျင်ဘက်လိင်ဟု ခေါ်ဆိုသော ယောကျ်ားသားများက မိန်းမတစ်ယောက်ကို ချစ်တာ ဘာလဲ။ လှလို့ ချစ်တာလား။ ကျွန်မက မလှဘူး ရုပ်ဆိုးအကျည်းတန်မယ်ဆိုရင်ရော သင်းတို့က အခုလိုမျိုးပဲ ငမ်းမှာလား။

ပြောမည့်သာ ပြောတာ။

ကျွန်မလည်း ယောကျ်ားသားများ ကျွန်မကို စိတ်ဝင်စားခြင်း အတွက် ဘာမျှမတတ်နိုင်ပါ။

✱

အခုလည်း ကြည့်ပါဦး။

တရုတ်တန်း သံဈေးကနေ ကြက်တူရွေးတစ်ကောင်နှင့် ကြက်တူရွေးထည့်ဖို့ လှောင်အိမ်ကိုဝယ်ပြီး ဘောက်ထော်မှာရှိသည့် ကျွန်မ၏ အိမ်ကိုပြန်ဖို့ ကားမောင်းပြီးလာတာ ကျွန်မ ဟမ်းဖုန်းထဲ Message တ ရောက်နေပါသည်။

***'မင်းကားရဲ့နောက်မှာ ကိုယ့်ကား ပါလာတယ်'***

ဘယ်က ဘယ်သူများ ကျွန်မသွားရာနောက်ကနေ ကျွန်မ လှူ





ဒွားမှုမှန်သမျှကို F.B.I အဖွဲ့ကြီးလို အရိပ်တကြည့်ကြည့် စုံစမ်းထောက် လှမ်းနေသလဲ မသိ။ ကိုယ့်ဘာသာကိုယ် ကားကို ကောင်းကောင်း မောင်းလို့ မရ။

မသိမသာ ကားရှေ့မှန်အဝိုင်းကနေ နောက်ကားကို လှမ်းအကဲ ခတ်လိုက်တော့ ဆူပါရုဖ်ကားအဖြူတစ်စီးက ကျွန်မ ကားနောက်က နေ ကပ်လိုက်လာသည်ကို တွေ့ရပါသည်။

ကျွန်မ ကားကို လမ်းဘေးပလက်ဖောင်းနားသို့ ကပ်ရပ်လိုက် ပါသည်။ နောက်က ကပ်လိုက်လာသော ဆူပါရုဖ်ကားက ရပ်ထား သော ကျွန်မ၏ကားကိုကျော်ပြီး ကျွန်မကားရှေ့မှာ ထိုးရပ်လိုက်ပါ သည်။

ကားတံခါးကို ခပ်ပြင်းပြင်းဆွဲဖွင့်ပြီး ကျွန်မ ဆင်းလိုက်သည်။ ဆူပါရုဖ်ကားမှလည်း ကျွန်မနှင့် သက်တူရွယ်တူရှိမည့် အမျိုးသား တစ်ဦးက ကားတံခါးဖွင့်ပြီး ကျွန်မရှိရာသို့ လာနေပါသည်။

'စောစောက ကျွန်မရဲ့ ဟမ်းဖုန်းထဲကို မက်ဆေ့ချ်ပို့တာ ရှင် လား'

'ဟုတ်ပါတယ်၊ Sorry ကိုယ့်နာမည်က ချစ်ကိုကိုပါ၊ ပပဝတီ ကတော့ ကိုယ့်ကို သတိထားမိမှာ မဟုတ်ဘူး၊ ကိုယ်က ပပ ဝတီတို့ ရွှေဆိုင်မှာ ဟမ်းချိန်းလာလုပ်ဖူးတယ်၊ အဲဒီကစပြီး ပပဝတီကို စွဲလမ်းသွားတာ၊ ဟမ်းဖုန်းနံပါတ်ကို မရမက စုံစမ်း ထားတာ၊ အခုလို ကိုယ့်ကို အသိအမှတ်ပြုပြီး ကားရပ်ပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ချစ်ကိုကိုဆိုသည့် လူက သူ့အထင်နှင့်သူ ကျွန်မကို စွတ်ကဲ နေပါသည်။

'ရှင် ပြောစရာစကား ကုန်ပြီလား၊ ဒါဆို ကျွန်မ ပြောမယ် ကျွန်မရဲ့ကားကို ရပ်လိုက်တာ ရှင်ပို့ဖို့ မက်ဆေ့ချ်အတွက် အသိအမှတ်ပြုပေးဖို့ မဟုတ်ဘူး၊ ရှင့်ကို အပြတ်ရှင်းမလို့'

'ဘယ်လို အပြတ်ရှင်းမှာလဲ၊ ကျွန်တော် နည်းနည်းစားသွား ပြီ'

ချစ်ကိုကိုက ကျွန်မစကားကို နားမလည်သည့် အမူအရာမျိုး ဖြစ်နေပါသည်။

'ကျွန်မလို မိန်းမသားတစ်ဦးအဖို့ ဒီလို ဖုန်းနဲ့ မက်ဆေ့ချ်ပို့တာ လောက်နဲ့ ရှင့်အဖို့ သိပ်လွယ်မယ် ထင်နေသလား၊ ကျွန်မက မိကောင်းဖခင် သားသမီးရှင့်၊ ကျွန်မရဲ့ကားရပ်တာ ဘာဖြစ်လို့ လဲ ရှင်သိလား၊ ရှင့်ကားကို ဖြတ်တိုက်မလို့'

'ဗျာ... ဘယ်လို... ကျွန်တော့်ကားကို တိုက်မလို့၊ ဟုတ် လား'

'ဟုတ်တယ်... ကျွန်မဘာသာ ကျွန်မ ကားကို အေးအေးဆေး ဆေး မမောင်းရဘူး၊ ရှင်က ဝင်ရှုပ်တယ်၊ ဒီတော့ ရှင့် ဆူ ရဖ်ကားက ဘယ်လောက်တန်လဲ'

'ကျွန်တော့်ရဲ့ကားလား'

ကျွန်မ အမေးစကားကြောင့် ချစ်ကိုကိုက သူ့ကားကို ကြည့် လိုက်ရင်းမှ...



'သိန်းသုံးရာကျော်လောက်ပါပဲ'

'ရပြီ... ဒါဆိုရင် ရှင့်ကားကို လမ်းလယ်ခေါင်မှာ ရပ်လိုက်၊ ကျွန်မရဲ့ကားက ရှင့်ကားကို ဖြတ်တိုက်လို့ပြီးရင် ရှင့်ကားရဲ့ တန်ဖိုးကျသင့်တဲ့ငွေကို ကျွန်မအိမ်မှာ လိုက်ယူ၊ ကဲ... ပြော တာ ကြာပါတယ်၊ ရှင့်ကားကို လမ်းလယ်ခေါင်မှာ ရပ်လိုက် ပါ'

ကျွန်မက ကျွန်မ၏ ကားတံခါးကို ပြန်ဖွင့်မလို့အလုပ်မှာပဲ ချစ်ကိုကို ဆိုသူက...

'ပပဝတီ မလုပ်ပါနဲ့၊ ဟာဗျာ... ဒါမျိုးက မဖြစ်သင့်တာပဲလေ'

ချစ်ကိုကိုဆိုသူက မျက်စိပျက် မျက်နှာပျက်နှင့် ကျွန်မကားနား ရောက်လာရင်းမှ ပြောသည်။ သူ့မျက်နှာက ကျွန်မ တကယ်လုပ်မှာ ကို စိုးရိမ်ပုံပေါ်နေပါသည်။

ထိုအချိန်မှာပဲ ပါဂျဲရိုးကားတစ်စီးက ကျွန်မတို့ရှိနေသော အနီး အနားမှာ ထိုးရပ်လိုက်သည်။

ထိုးရပ်လိုက်သော ပါဂျဲရိုးကားကိုကြည့်ပြီး ကျွန်မ စိတ်တော် တော်ညစ်သွားပါသည်။

'ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး'တာထက် ပိုဆိုးသွားလို့ ဖြစ်ပါသည်။

အမြဲတမ်း ကျွန်မကို ဖုန်းထဲကတစ်မျိုး၊ လူကိုယ်တိုင်တစ်မျိုး ကျွန်မဆီကနေ အဖြေတောင်းခဲ့ထားသော လုမြင့်ဦး ဖြစ်နေလို့ပါ။ သူက ပိုတောင်ဆိုးပါသေးသည်။ ကျွန်မ အိမ်ကနေ ဘယ်သွားမလဲ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာမှာရှိနေသလဲဆိုတာကို ဒိုက်ဆံပေး စုံစမ်းခိုင်းသူတွေထံမှ သတင်းအထိုင်မှုကို အရယူပြီး ကျွန်မနောက် တကောက်ကောက်လိုက်နေသူ ရှိခဲ့သည်။

မီ့သေစကား ပြောရလျှင် သွားရင်းလာရင်း ရေအိမ်တောင် ဝင်ရဲပါ။

သင်း ရောက်လာပြီး အဖြေတောင်းမှာစိုးလို့ ဖြစ်ပါသည်။

အခုလည်း ဘယ်ကနေဘယ်လို သတင်းရသွားလဲ မသိ။

✷

'ပပဝတီ ဘာတွေဖြစ်နေတာလဲ၊ ဇကန္တ ပပဝတီ သွားမယ့် လမ်းခရီးမှာ အနှောင့်အယှက်တော့ ရှိပြီထင်ရဲ၊ အသာနေ… ကိုယ်ရှင်းပေးမယ်'

ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲက မင်းသားက လူကြမ်းကိုကြည့်ပြီး ပြောသလိုမျိုး ချစ်ကိုကိုအား လှမြင့်ဦးက မကျေနပ်သည့်အကြည့်နှင့် ကြည့်ရင်းမှ ကျွန်မကို ပြောလိုက်သည်။

'ခင်ဗျားက ဘာရှင်းမှာလဲ၊ အမှိုက်လား၊ ဒီတာဝန်ကို ခင်ဗျားရှင်းစရာ မလိုဘူး၊ စည်ပင်သာယာ သန့်ရှင်းရေးဝန်ထမ်းတွေက တာဝန်ယူထားတာပဲ'

'ဟေ့ကောင်… မင်း ဘာစကားပြောတာလဲ၊ ငါ့ကို ဘာထင်နေလို့လဲ၊ ဘုရားဂေါပကဥက္ကဋ္ဌ သားကွ၊ ငါ့မှာ ငါ့လုပ်ငန်းနဲ့ ငါ ရှိတယ်၊ ပပဝတီကို မင်း ဘာမှ နှောင့်ယှက်စရာ မလိုဘူး'





ကျွန်မ ခေါင်းတော်တော်ခြောက်သွားပါသည်။ ယောကျ်ားသား နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် ယောကျ်ားတန်မယ့် စကားလုံးတွေ သူနိုင်ကိုယ်နိုင် ပြောရင်းမှ လမ်းဘေးမှာ ရန်ဖြစ်ကြလျှင်ဖြင့် ခက်ရချည်ရဲ့။

ကျွန်မကိုယ်က မှားတာ။ ကားကို ကျွန်မ လမ်းဘေးမှာရပ်ပြီး ချစ်ကိုကိုဆိုသည့် လူကို ဧည့်ထောက်ခံ ပြန်ပြောလို့ သည်လိုဖြစ်ရတာ။

'ဒါပဲ ပပဝတီရယ်၊ ပပဝတီနောက်က အရိပ်ပမာ တစ်ဖဝါးမှ မခွာ လိုက်ပါတာ ဒါကြောင့်၊ နှောင့်ယှက်သူတွေ ပေါ်မှာစိုးလို့ လှမြင့်ဦးဆိုတဲ့ လူတစ်ယောက်က ကိုယ်ရံတော်လုပ်ပါရစေလို့ အကြိမ်ကြိမ်တောင်းခံတာ ပပဝတီ ပယ်ချတာ အခုတော့ သိပြီ မဟုတ်လား'

လှမြင့်ဦးက ချစ်ကိုကိုရှေ့မှာ သူ့ကိုယ်သူ ဂုဏ်ဖော်ပြီး ပြောနေပါသည်။

ကျွန်မမှာတော့ ဘာလုပ်ရရင် ကောင်းလဲ စဉ်းစားလို့မရနိုင် ဖြစ်နေသည်။

ထိုစဉ်မှာပဲ 'ဆယ်ဖ်'ကားတစ်စီးက မတ်တတ်ရပ်နေသော လှမြင့်ဦးနှင့် ချစ်ကိုကိုတို့ကို ပွတ်ဆွဲမလိုလုပ်ပြီး ထိုးရပ်လိုက်သည်။

ချစ်ကိုကိုနှင့် လှမြင့်ဦးတို့က ကြောက်လန့်တကြား ခုန်ရှောင်ရင်းမှ ထိုးရပ်လိုက်သော 'ဆယ်ဖ်'ကားမောင်းသူကို ဒေါသတကြီးနှင့် ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအမြဲတော့ 'ဆပ်ဖ်' ကားတံခါးကိုဖွင့်ပြီး အသားအရေနှင့် မလိုက်ဖက်အောင် ရှေ့မှူးဝတ်ဆင်ထားသော 'ရှရွတ်ခန်း' ကို မြင်ရသဖြင့် ဦးခေါင်းစိတ်ပေါက်သွားပါသည်။

သင်းကရော ဘာထူးလဲ။ ကျွန်မ ဖေဖေနှင့် လုပ်ငန်းချင်း သုပ်ကိုင်တာတူသဖြင့် ရင်းနှီးခင်မင်သော အိန္ဒိယလူမျိုး ဦးယူဆွတ် ၏သားဖြစ်သူ 'ရှရွတ်ခန်း' ဆိုသော သူကလည်း ကျွန်မဆီက အဖြေ တောင်းခံတာ ကျွန်မဂို မြင်တိုင်းပင် ဖြစ်သည်။ ဘယ်လိုပဲ ကျွန်မက ငြင်းငြင်း သင်းက ကုလားလေသံနှင့် ပြောပါသေးသည်။ 'တိုင်တစ် တိုင်တော့ နှံ့ပါများရင် နှံ့ရသေးတာ၊ ကျွန်မ၏နှလုံးသားကရော ဘာ သားနဲ့ထုထားတာလဲ' တဲ့။ သင်းလိုလူမျိုးက ဖိနပ်ဆွဲ ပါးရိုက်ဖို့ပဲ ကောင်းသည်။

'အာရေး... ပပဝတီ၊ နာ့ကိုပြော၊ ဒီကောင်တွေ ဘာလာနှောင့် ယှက်လဲ၊ နာလေ ဆီဒိုးနားမှာ တစ်ခုခုသွားစားဖို့ ထွက်လာ တာ၊ ပပဝတီရဲ့ကားကို တွေ့လို့၊ ဘာလဲ ဒီကောင်တွေ နှောင့် ယှက်နေတာလား၊ မပူနဲ့... ငါရှင်းပေးမယ်၊ ဝမ်းနိုင်းနိုင်းကို ဖုန်းဆက်ရင် ဒီကောင်တွေ ဘာတတ်နိုင်မှာလဲ'

ရင်ဘတ်မှာဆွဲထားသော သုံးကျပ်သားခွဲခန့်ရှိမည့် ရွှေဆွဲကြိုးကို မပေါ်မှာစိုးလို့လား မသိ။

ရှရွတ်ခန်းက အကျႌကြယ်သီးနှစ်လုံးကို ချွတ်လိုက်ပြီး ရင်ဘတ် ထဲ ပါးစပ်ထဲက လေတွေ မှုတ်သွင်းနေသည်။

'ဝမ်းနိုင်းနိုင်းကို ဖုန်းဆက်ရမှာက မင်းကိုကွ၊ လူနှစ်ယောက်





ရပ်နေတာ မင်း မမြင်ဘူးလား'

လှမြင့်ဦးက လေသံခပ်ကျယ်ကျယ်ဖြင့် ပြောရင်းက ရှရွတ်ခန်း ၏ အကျႌလည်ပင်းစကို ကိုင်လိုက်သည်။

'နာ့အကျႌစကို လွှတ်လိုက်၊ နင် နာ့ကို ကိုယ်ထိလက်ရောက် မစော်ကားနဲ့၊ ကုလားက နေပေမယ့် ဥပဒေကမနေဘူး၊ ပပဝတီ ဆိုတဲ့ နာ့ရွှေမင်းသမီးကို မထိနဲ့၊ အသက်ချင်းလဲပစ်လိုက်မယ်၊ ကုလားမှာ အမေမွေးကတည်းက သတ္တိသွေးပါပြီးသား'

ကျွန်မ ဆုံးဖြတ်ချက်တစ်ခု အမြန်ချလိုက်ပါသည်။ ဆုံးဖြတ် ချက်မချလို့က မဖြစ်။

နောက်ထပ် ကျွန်မကို ပိုးပန်းနေသူတွေ ထပ်ရောက်လာလျှင် ပိုဆိုးတော့မည်။

'ဒီမှာ ရှင်တို့သုံးယောက် ကျွန်မကွယ်ရာမှာ ဖြစ်ချင်တာဖြစ်၊ သတ်ပဲသတ်သတ်၊ နပန်းပဲလုံးလုံး၊ ဒီ(ဂ)စ်ခါ ကျွန်မနောက်က ရှင်တို့ကားတွေ ကပ်ပါလာရင်တော့ နီးစပ်ရာ ရဲစခန်းထဲဝင်ပြီး နှောင့်ယှက်မှုနဲ့ အမှုဖွင့်ပစ်မယ်၊ ပပဝတီတဲ့၊ ဘာမှတ်လဲ၊ ဘုရား ဟောထဲက ပပပတီ မဟုတ်ဘူး၊ တတိယလှိုင်းခေတ်ရဲ့ ပပဝတီ ဆိုတာ မှတ်ထား'

ကျွန်မလည်း ပြောချင်ရာကို ပြောထည့်လိုက်ပြီး ကားတံခါးကို ဆွဲဖွင့်ပြီး ကားကို ထိုသုံးယောက်နားကနေ မောင်းထွက်ပစ်ခဲ့သည်။ ကျန်ခဲ့သည့်သုံးယောက်ကတော့ ဘာဆက်ဖြစ်မလဲ မသိ။

✱



www.burmeseclassic.com

www.burmeseclassic.com



ဘောက်ဆော်တ ကျွန်မ နေထိုင်သည့်အိမ် ရောက်လျှင်တော့ အဖေနှင့် အမေတို့ သည်နေ့ကိစ္စ အကျိုးအကြောင်း ပြောပြရပါဦး မည်။

✷

'အင်း… သမီးကိစ္စကတော့ ဒီအတိုင်းဆိုရင်တော့ မလွယ်ဘူး၊ ဖေဖေတော့ တစ်ခုခုစီစဉ်ရတော့မယ်'

အိမ်ကို ကျွန်မ ပြန်ရောက်ရောက်ချင်း သည်နေ့ဖြစ်သည့်ကိစ္စကို ဖေဖေနှင့် မေမေ့ကို ပြောပြတော့ နှစ်ဦးစလုံး အတော်စိတ်ပူလာပါသည်။

'ဒီတော့ ကိုလွင်က သမီးကိစ္စကို ဘယ်လိုစီစဉ်ချင်သလဲ၊ ခင့်ကိုလည်း ပြောပါဦး'

မေမေက ဖေဖေ့မျက်နှာ အားကိုးတကြီးကြည့်ရင်းမှ မေးပါသည်။

'ဘယ်လိုလုပ်ရမှာလဲဆိုတော့ သမီးရဲ့အနားမှာ သမီးသွားလေရာ ကားမောင်းပို့ဖို့ ဒရိုင်ဘာကောင်းကောင်းတစ်ယောက် ရှာရမှာပေါ့၊ ပြီးတော့ ကိုယ်တို့ရဲ့ အိမ်ခြံဗာဟီရကိစ္စကို တာဝန်ယူမယ့်သူမျိုးလည်း ဖြစ်တာမျိုးပေါ့ကွာ၊ ကိုယ် စဉ်းစားပါဦးမယ်၊ ဒီရက်ထဲ ကိုယ်တို့ အစုရှယ်ယာဝင်ထားတဲ့ လုပ်ငန်းတွေအတွက် အစည်းအဝေး ရှိသေးတယ်၊ ကိုယ် စီစဉ်ပါ့မယ်'





ဖေဖေ့အစီအစဉ်ကို မေမေက မကန့်ကွက်ပါ။

ကျွန်မကတော့ ပြောမိတာတောင် မှားသွားပြီလားလို့။

ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း သွားရ လာရတာကမှ တော်ပါသေးရဲ့။

အခုတော့ ဘယ်လိုဖြစ်ဦး မည် မသိ။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com

မိဘအများစုက မိဘဝတ်ဆိုတဲ့ ယဉ်ကျေးမှုကထာကို
လူ့ယဉ်ကျေးမှုအဆက်ဆက်
တာဝန်ကျေပွန်ချင်ကြတယ်။
မိဘနေရာ မရောက်သေးတဲ့ သားသမီးတွေကတော့
အဲဒီ မိဘဝတ်ဆိုတာကို ဆော့ကစားကြလေရဲ့။
မိဘတွေခမျာ ပြုံးရင်းက ခွင့်လွှတ်ရပါရောလား။

# ၃

ဟိုတယ်စားသောက်ခန်းနံရံပေါ်တွင် ရေးဆွဲထားသော ပန်းချီကားကြီးက အတော့်ကို အသက်ဝင်နေသလိုပင် ဖြစ်သည်။ မြန်မာ့ဆွေ့လက်လုံမေ အမျိုးသမီးငယ်တစ်ဦးကို ကျေးလက်လုလင်ပျိုတစ်ဦးက ရေလောင်းနေပုံဖြစ်သည်။ ဦးလင်းမောင်လွင်က စားလက်စ အနည်းငယ်ကို လက်စသတ်လိုက်ပြီး ပန်းချီကားကိုသာ စူးစိုက်ပြီး ကြည့်လို့နေပြန်ပါသည်။

ဒါကို ဦးတင်ထွဋ်က သတိထားမိသွားသည်။

'ကိုလင်းမောင်လွင် ဘယ်လိုဖြစ်တာလဲဗျ၊ ဒီဟိုတယ်နံရံမှာ ဆွဲထားတဲ့ ပန်းချီကားကို ကြည့်လှချည်လား'

'ကျက်သရေရှိလို့ပါဗျာ၊ ဟောဒီလိုနေရာမျိုးမှာ ဒီပန်းချီကားကို ဆွဲထားတာတော့ ကိုယ့်ရိုးရာယဉ်ကျေးမှုကို ဂုဏ်မြင့်သလိုဖြစ်တော့ စိတ်ညစ်တာတွေ ဘာတွေ ပန်းချီကားကြည့်ရင်းနဲ့ ပျောက်သွားပါရောလား'

ဦးလင်းမောင်လွင်က အသင့်ငုံ့ထားပြီးသားဖြစ်သော ရေထည့်



www.burmeseclassic.com

www.burmeseclassic.com



ပြောသည့် အနုပ်ထုပ်ကို ယူလိုက်ပြီး တစ်ကျိုက်တည်း မော့ချလိုက်သည်

'ကိုလင်းမောင်လွင် ခင်ဗျားမှာ ဘာပြဿနာတွေ ဖြစ်နေလို့

ဗျာ ခင်ဗျားနဲ့' ကျွန်တော်နဲ့က မိတ်ဆွေတွေဆိုလည်း ဟုတ်

တူမွေးကိုတွေမှာ စီးပွားရေးအစုရှယ်ယာဝင်တွေလည်းဖြစ်တေ

ရင်းရင်းနှီးနှီးသာ ဖွင့်ပြောဗျာ၊ အကူအညီပေးလို့ရရင်လည်

ပေးရတာပေါ့'

'အခုလို အားပေးဖော်ရတာ ကျေးဇူးတင်ပါတယ် ကိုတင်ထွ

ရာ၊ ပြဿနာက အထွေအထူးတော့ မဟုတ်ပါဘူး၊ ကျွန်တော်

သမီး ပပဝတီကြောင့်ပါ'

'ဘာဖြစ်လို့လဲ၊ ခင်ဗျားရဲ့သမီးက ယောက်ျားနောက် လိုက်ပြေ

လို့လား'

'ဟာ… မဟုတ်ပါဘူး ကိုတင်ထွတ်ရာ'

ဦးလင်းမောင်လွင်က ဘာကိုသဘောကျမှန်း မသိ။ အနည်းငေ

ပြုံးလိုက်သည်။

'ခင်ဗျား ပြောသလို ယောက်ျားယူရင်လည်း ကောင်းသာ

အခုတော့ ကျွန်တော့်သမီးက ရုပ်တော်တော်ချောတော့ သူ

ဝိုးပန်းသူတွေက များသားလားဗျာ၊ ပြဿနာဖြစ်မှာတောင် စိ

တယ်၊ သူ့ခမျာ ဘယ်သွားသွား ဘယ်လာလာ ရည်းစားစက

လိုက်ပြောတာတွေ မေတ္တာတောင်းခံတာတွေက မလွတ်ဘူ

ကြားထဲ ဖုန်းထဲကတောင် ပါသေးတယ်'

'ဟုတ်တော့ဟုတ်ပြီ ကိုလင်းမောင်လွင်ရေ၊ ကျွန်တော့်ရဲ့ တ



ဝည်းသောသားကလည်း ဘာထူးလဲ၊ ဒီကောင်က ရည်းစား

ဟော့ မထားဘူးဗျ၊ အားရင် ဖန်းချီဆွဲ၊ စာဖတ်၊ လူမှုရေးကိစ္စ

တွေလုပ်နဲ့ ရှုပ်နေတာပဲ၊ ခြံထဲမှာလည်း ကလေးတွေတရုန်းရုန်း

နဲ့၊ ပြီးတော့ သူစိုက်ပျိုးထားတဲ့ အပင်တွေကိုလည်း ဟိုလူ့ပေး

ဒီလူ့ပေးနဲ့၊ သူ့အဖေ ကျွန်တော် ဝေဿန္တရာမင်းအလားပဲဗျာ'

ဦးတင်ထွတ်က သူ့သားအကြောင်း ပြောနေပေမယ့် သူ့မျက်နှာ

အရာက သူ့သားပြုလုပ်ပုံကို ကျေနပ်လို့ ပြောနေတယ်ဆိုတာ

လင်းမောင်လွင် ကောင်းကောင်းခန့်မှန်းလိုက်မိပါသည်။

'ကိုတင်ထွတ်ရာ… ခင်ဗျားကသာ ခင်ဗျားရဲ့သား ဘာဖြစ်

တယ် ညာဖြစ်တယ်နဲ့ဆိုနေတာ၊ ခင်ဗျားရဲ့သားလုပ်တာကိုင်တာ

ကို ခင်ဗျား ကျေနပ်နေတာ မဟုတ်လား'

'ခင်ဗျား မဆိုးဘူး၊ တော်သားပဲ… ကိုလင်းမောင်လွင်၊ ခင်ဗျား

ပြောမှ ကျွန်တော် အကြံတစ်ခုရတယ်၊ ခင်ဗျားရဲ့ စိတ်ညစ်တာ

သောကရောက်တာလည်း ပျောက်အောင်၊ ကျွန်တော့်အဖို့လည်း

တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်အောင် ခင်ဗျားရဲ့သမီးနဲ့

ကျွန်တော့်သားကို နေရာချပေးလိုက်ရင် မကောင်းဘူးလား'

ဦးလင်းမောင်လွင် ဝမ်းသာမတတ် ဖြစ်သွားပါသည်။ ဘာဖြစ်

ဦးတင်ထွတ်ပြောသည့် အကြံကို မရပါသလဲလို့။ ဖိတ်ချင်းဖိတ်

ယ်အိတ်ထဲဖိတ်ရတာ ကောင်းတာပဲဟု ဆုံးဖြတ်လိုက်ပါသည်။

'ကျွန်တော်တို့ချည်းပဲကတော့ ကိစ္စမရှိဘူး၊ လူငယ်တွေချင်း

တွေ့ပေးဖို့တို့ ဘာတို့က ရှိသေးတယ်၊ ဒီတော့ ခင်ဗျားလည်း

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားအနဲ့သားဆို ပြောထား။ ကျွန်တော်လည်း ကျွန်တော့်ဘက်က လုပ်စရာရှိတာ လုပ်မယ်၊ ဖြစ်သွားတော့ ကောင်းတာပေါ့ဗျာ’

‘ဒါဆိုရင် ခင်ဗျားရဲ့သမီးဓာတ်ပုံလေး ဘာလေး ကျွန်တော့်ကို ပေးထားဦး၊ ကျွန်တော့်ချွေးမအလှကို ကျွန်တော့်သားကို ပြရမှာ’

‘ဒီလိုဆိုရင်တော့ သမီးရှင်မို့လို့ပြောတာ မဟုတ်ဘူး၊ ခင်ဗျားရဲ့သား ကျွန်တော့်သမီးဓာတ်ပုံ မြင်လို့ကတော့ အခုချက်ချင်း မင်္ဂလာဆောင်ပေးဆိုပြီး ဖြစ်မှာဗျို့’

‘ဒါဆို အိုကေ’

ဦးတင်ထွတ်နှင့် ဦးလင်းမောင်လွင်တို့ နှစ်ယောက်သား တစ်နှစ်၊ သုံး ရေရှူဘ်ရင်းက လက်ဝါးချင်းရိုက်လိုက်ကြသည်။ ဒါကို ဘေးနားက စားသောက်နေသည့် ဧည့်သည်အချို့က ထူးဆန်းသလိုမျိုး ကြည့်နေကြသည်။

ဦးတင်ထွတ်ကတော့ မသိ။ ဦးလင်းမောင်လွင်ကတော့ နံရံပေါ်က ပန်းချီကားကို ထပ်မံကြည့်ရင်းက သူ့ရင်ထဲမှာ အလုံးကြီးတစ်လုံး ကျသွားသလိုမျိုး ခံစားရသဖြင့် ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးသွားသလို ပင် ထင်နေမိပါသည်။

* * *





ကျွန်တော် နည်းနည်းတော့ ညစ်သွားပါသည်။ ဘယ့်နှယ်ဗျာ… ကျွန်တော် စိုက်ထားသော ဂေါ်ဖီပန်းခင်းကနေ ဂေါ်ဖီပန်းတွေ ခူးလို့ရပြီ ဖြစ်သဖြင့် ခူးဆွတ်နေရင်းမှ အိမ်နီးနားချင်းနှင့် ရပ်ကွက်ထဲက ဘယ်သူတွေကို ပေးရမလဲလို့ ခွဲတမ်းချပြီး စိတ်ထဲမှာ ပေါ်ဦးပေါ်ဖျား ဂေါ်ဖီပန်းတွေကို စားလိုက်ရလျှင် ကျေနပ်နေမည့် မိတ်ဆွေအိမ်နီးနားချင်းတွေအကြောင်း တွေးနေတုန်း ကိုဖိုးထောင်က ဒယ်ဒီခေါ်နိုင်းလို့ ဆိုပြီး လာခေါ်ပါသည်။

ကျွန်တော့်ကြည်နူးမှုလေးတွေ နည်းနည်းတော့ ပျက်သုဉ်းသွားပါသည်။

တစ်ဆက်တည်းဆိုသလို ကျွန်တော့်ဒယ်ဒီတစ်ယောက် ဘယ်လိုဖြစ်လို့ တစ်ခါဖူးမျှ အိမ်ကို စောစောပြန်မလာဖြစ်တာ သည်နေ့ကျမှ ဘယ်ပုံဘယ်နည်းကြောင့် စောစောပြန်လာရင်းက ဘာအကြောင်းရှိလို့ ခေါ်ခိုင်းမှန်း မသိ။

ကျွန်တော် ခူးထားသော ဂေါ်ဖီပန်းပွင့်တွေထဲမှ အပွင့်ကြီးနှစ်ပွင့်ကို လက်ကကိုင်ရင်း ဒယ်ဒီရှိသော ဧည့်ခန်းဆီသို့ ကျွန်တော် သွားပါသည်။

✷

‘ဒယ်ဒီ ကျွန်တော့်ကို ခေါ်တယ်ဆို၊ ဘာကိစ္စလဲ ဒယ်ဒီ’

ဒယ်ဒီက ကျွန်တော့်လက်ထဲမှာ ကိုင်ထားသော ဂေါ်ဖီပန်းနှစ်ပွင့်ကိုကြည့်လိုက်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတွေ ချထားပါဦး သားရာ၊ ဒီကိုလာ… သားကို ဒယ်ဒီ အရေးကြီးတာ ပြောစရာရှိလို့'

'ချတော့မထားပါရစေနဲ့ ဒယ်ဒီရာ၊ ဒီဂေါ်ဖီပန်းတွေက အခုမှ ဆေါ်ဦးပေါ်ဖူးရတာ၊ သားရဲ့လုပ်အားနဲ့ရတဲ့ ဒီဂေါ်ဖီပန်းနှစ်ပွင့်ကို ဒီနေ့ ညနေစာကြော်ခိုင်းရမယ်၊ နေဦး ဒယ်ဒီ၊ ကျွန်တော် မီးဖိုချောင်မှာ မအေးကို သွားပေးလိုက်ဦးမယ်'

ဒယ်ဒီက ကျွန်တော့်စကားကို နားထောင်ရင်းမှ ပြုံးလိုက်ပါသည်။ ကျွန်တော်က နောက်ဖေးမီးဖိုချောင်မှာ မအေးကို ဂေါ်ဖီပန်းနှစ်ပွင့်ပေးပြီး မှာစရာရှိတာမှာပြီး ဒယ်ဒီရှိသည့်နေရာသို့ ပြန်လာခဲ့သည်။

'အင်း… ဒယ်ဒီ့သားကတော့ စံပဲဟေ့၊ ဒယ်ဒီ့ရဲ့အလုပ်တွေကို စိတ်မဝင်စားဘဲ စိုက်တာပျိုးတာ၊ ပန်းချီဆွဲတာ၊ စာဖတ်တာ လူတွေကိုကူညီတာပဲ ဝါသနာပါတာဆိုတော့ အင်း… မင်းရဲ့ မာမီသာ အခုချိန် သက်ရှိထင်ရှားရှိနေရင်တော့ သားကိုကြည့်ပြီး တော်တော်ကျေနပ်နေမှာ'

'ဒါကတော့ ဒယ်ဒီရယ်၊ ကိုယ်လုပ်တဲ့အပြုအမူဟာ ဘယ်သူ့ကိုမှ ဒုက္ခမပေးဖို့ပဲ လိုတာပဲဟာ၊ ဒါနဲ့ ဒယ်ဒီက သားကို ပြောစရာရှိတယ်ဆိုတာက'

'ပြောမှာပေါ့ သားရယ်'

ဒယ်ဒီက ပြောပြောဆိုဆိုနှင့် ဓာတ်ပုံတစ်ပုံကို တိုက်ပုံအကျႌအိတ်ကပ်ထဲမှ ထုတ်လိုက်သည်။

'ရော့… သား၊ ဒီဓာတ်ပုံထဲက ကောင်မလေးကို ကြည့်စမ်း'





ဒယ်ဒီက ကျွန်တော့်ကို ဓာတ်ပုံပေးသဖြင့် ကျွန်တော်လည်း ဓာတ်ပုံကို ကြည့်မိပါသည်။

တော်တော်လှသော အမျိုးသမီးပဲလို့၊ တော်တော်လေးကို ကျက်သရေကလည်း ရှိပါသည်။ ပြီးတော့ တော်တော်လည်း မာနကြီးမည့်သူဖြစ်မှန်း မျက်နှာကို အကဲခတ်ခြင်းအားဖြင့် သိသာပါသည်။ တော်ရုံတန်ရုံယောကျ်ားသားများ ကြွေသွားနိုင်လောက်သည်။

'ဘယ်လိုလဲ သား၊ မင်း ခိုက်သွားပြီ မဟုတ်လား'

'သားခိုက်တာ မဟုတ်ဘူး၊ ဒယ်ဒီခိုက်တာပဲ ဖြစ်ရမယ်၊ သားကို ဒယ်ဒီ ဓာတ်ပုံပြမှတော့ သေချာတယ်၊ ဒယ်ဒီက မာမီလည်း မရှိဆိုတော့ ကုမ္ပဏီက ဒယ်ဒီ့ရဲ့ ဝန်ထမ်းကောင်မလေးကို ဒယ်ဒီ အိမ်ထောင်ပြုဖို့ သားကို တိုင်ပင်မလို့ ဒီဓာတ်ပုံပြတာ မဟုတ်လား၊ သား သဘောတူပါတယ်၊ ဘာဖြစ်လဲ ဒယ်ဒီရာ၊ ဒယ်ဒီ အိမ်ထောင်ပြုတာပဲ၊ ဘယ်သူကမှ ဘာမှပြောမှာ မဟုတ်ပါဘူး၊ နားလည်ပေးကြမှာပါ၊ သားအတွက် မေမေလေးတစ်ယောက် ထပ်ရတာပေါ့'

ကျွန်တော့်စကားကြောင့် ဒယ်ဒီက ပြုံးလိုက်ပါသည်။

'သားက ဒယ်ဒီ့ကို တော်တော်အထင်ကြီးနေတာကိုး၊ အဲဒါ ဒယ်ဒီ့အတွက် မဟုတ်ဘူး၊ သားအတွက်'

'ဗျာ… သားအတွက်၊ ဟုတ်လား၊ ဘာတွေလဲ… ရှုပ်ကုန်ပြီ'

ကျွန်တော့်ဒယ်ဒီက ကျွန်တော့်ကို ပဟေဠိနှန်းတော်လို မျိုးအတင်းဦးနှောက်စားခိုင်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုကွ... ဒီဓာတ်ပုံထဲက ကောင်မလေးက ပပဝတီတဲ့၊ ဒယ်ဒီရဲ့ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း ဦးလင်းမောင်လွင်ရဲ့ သမီး၊ ပိုက်ဆံကလည်း ရှိတယ်၊ သူ့ကို နေ့စဉ် ကြိုက်တဲ့သူတွေ က လိုက်လိုက်ပြီး ချစ်ရေးဆိုတာတို့ ရည်းစားစကားပြောတာ တို့က မနည်းဘူး၊ အဲဒါ ပပဝတီရဲ့ အဖေနဲ့ ဒယ်ဒီက ဆုံးဖြတ် ချက်တစ်ခု ချလိုက်တယ်၊ သားနဲ့ ပပဝတီကို နေရာချပေးမယ် ပေါ့ကွာ၊ အဲဒါ သားဆန္ဒကရော'

ကျွန်တော့်ဒယ်ဒီက တော်တော်တက်ကြွနေပါသည်။ ဒယ်ဒီ့ မျက်နှာမှာ သူဖြစ်စေချင်သော ဆန္ဒအရိပ်အရောင်တွေ ပေါ်လွင်လို့နေ ပါသည်။

'ဒယ်ဒီရာ... မေတ္တာတရားဆိုတာ ဒီလိုမျိုး မိဘတွေ ဟိုစပ် ဒီစပ်လုပ်တာမျိုးက တစ်ဦးချင်းစီရဲ့ ခံစားချက်မှ မပါတာ ဘာလုပ်ရမှာလဲ၊ အနာဂတ်မှာ အဆိုးပဲဖြစ်မှာပေါ့'

ကျွန်တော့်စကားကြောင့် ဒယ်ဒီ့မျက်နှာ သံပရာသီးချဉ်ချဉ် နှစ်လုံးခန့် ဆက်တိုက်စားရသလိုမျိုး ရှုံ့တွသွားပါသည်။

'သားနဲ့ကွာ... သားနဲ့ ဒယ်ဒီ ဒီနေရာမှာ စိတ်ချင်း နုပျိုမှုချင်း ပြောင်းလို့ရရင် ပြောင်းပစ်လိုက်ချင်တယ်၊ ဘယ့်နှယ်ကွာ... သားကပဲ ငြင်းရတယ်ရှိသေး၊ ပပဝတီဆိုတဲ့ ကလေးမ ရုပ်ရည် မျိုးက သားလိုလူမျိုးမပြောနဲ့၊ ကြိုက်တဲ့လူ ကြော်ငြာထိုးစရာ မလိုဘဲ ယူလို့ရတယ်၊ သူကသာ လိုချင်တယ်ပြောလိုက်၊ သူ့ ယူချင်တဲ့လူတွေ သန်းခေါင်စာရင်းထဲက ပုံစံတစ်ဆယ်ထုတ်ပြီး





သူ့အိမ်ရှေ့ တန်းစီနေလို့ မဲတောင်နှိုက်ရဦးမှာဟ'

ကျွန်တော်က ဒယ်ဒီ့စကားကို ဘာမှပြန်လည်ပြောဆိုခြင်းမပြု ဘဲ ဓာတ်ပုံကိုသာ ကြည့်နေမိပါသည်။ ဓာတ်ပုံထဲက ပပဝတီဆိုသော အမျိုးသမီးက ကျွန်တော့်ကို နောက်ပြောင်နေသလိုမျိုး ကြည့်နေသလို ထင်နေရသည်။

'ဒယ်ဒီပြောတာကို သား သေသေချာချာ စဉ်းစား၊ ဒယ်ဒီနဲ့ သားနဲ့က ဒီလောကကြီးထဲမှာ နှစ်ယောက်တည်းရှိတာ၊ ဒယ်ဒီ မရှိတော့ရင် ဒယ်ဒီ ပိုင်ဆိုင်တာတွေမှန်သမျှ သားအတွက် ထားခဲ့ရမှာ၊ ဒီတော့ သားတစ်ယောက်တည်း လောကကြီးမှာ နေရတာ ပျင်းစရာကြီးပါကွာ၊ ဒီတော့ သားရယ်၊ သားရဲ့ ဇနီးမယားနဲ့ သားရင်သွေးတွေနဲ့မှ တင့်တယ်မှာကွ၊ ဒယ်ဒီ ဒီအတွက် စိတ်ချချင်တယ်'

ကျွန်တော့်ဒယ်ဒီကတော့ သူ့ရင်တွင်းဖြစ်တွေကို အပီအနိထုတ် နေပါသည်။

'ဒယ်ဒီရာ... ဒယ်ဒီပြောတဲ့စကား နားထောင်နေရင်း သား အကြံရပါတယ်၊ ဒယ်ဒီ့အနေနဲ့ အခုလုပ်ငန်းတွေအပြင် ကြက် သားဖောက်ရေး လုပ်ငန်းတောင် လုပ်သင့်တယ်၊ ဘာဖြစ်လို့လဲ ဆို ဒယ်ဒီက သားသမီးတွေ ဘာတွေ ပွားစည်းတာ မြင်ချင် တာမဟုတ်လား'

ကျွန်တော့်စကားကြောင့် ဒယ်ဒီ ဒေါပွသွားပါသည်။

'ဒီမှာ သား၊ ဒယ်ဒီ့ကို ဘာမှပြောမနေနဲ့၊ ရော့... ဒါ ပပဝတီ



www.burmeseclassic.com

www.burmeseclassic.com



တို့အခေ ဒယ်ဒီ့မိတ်ဆွေ ဦးလင်းမောင်လွင်ရဲ့ လိပ်စာကတ်၊ သား သွားလည်ပြီး အဲဒီ ပပဝတီဆိုတဲ့ ကောင်မလေးကို အကဲ ခတ်ချင်ရင် ခတ်၊ သား ယူရမှာက ပပဝတီပဲ၊ ဒါပဲကွာ’

ရှုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲက လူကြီးသရုပ်ဆောင် ဦးစောနိုင် အရေအရာမျိုးနှင့် ဒယ်ဒီက ကျွန်တော့်အနားကနေ ထွက်သွားပါသည်။

ကျွန်တော်မှာသာ လက်ထဲမှာကိုင်ထားသော ဗစ်ဇစ်တင်းကတ် နှင့် ပပဝတီဓာတ်ပုံကိုကိုင်ပြီး ဘာဆက်လုပ်ရမလဲလို့ အကြံထုတ်နေမိ ပါသည်။

✷

ကံဇာတာများညွှံ့လို့ ကျွန်တော့်ခမျာ သည်နှစ်အတွင်း အိမ်ထောင် ကျတော့မလား မသိပါ။

✲ ✲ ✲

‘ဒီအမျိုးသမီးက ပပဝတီဆိုတဲ့ နာမည်နဲ့လိုက်အောင်ကို တော် တော်ချောတာပဲကွ၊ မင်းရဲ့အဖေပြောတာ ပြောလောက်တယ်၊ ဝိုက်ဆံကလည်း ချမ်းသာဆိုတော့ မင်းတွက် မင်း မငြင်းသင့် ဘူး၊ လက်ခံသင့်တယ်’

ကျွန်တော့်ခြံခေါင်းရင်းက သရက်ပင်ကိုင်းဖျားများပေါ်မှာ ချိတ် ဆွဲထားသည့် စပါးတွဲကလေးတွေကို စာကလေးတွေက အလုအယက် စားနေကြသည်။ မြေမှာကျနေသော စပါးစေ့ကလေးတွေကိုလည်း စာကလေးတွေက စားလိုက်၊ သရက်ပင်ကိုင်းဖျားတွေဆီကို ပျံသန်း



သွားလိုက်နှင့် အလုပ်ရှုပ်နေကြသည်။ ငှက်ပစ်သမားမရှိသဖြင့် စာ ကလေးတွေခမျာ အေးအေးလူလူ စပါးတွဲတွေကိုစားရင်း သူတို့တစ် တွေ ကြည်နူးနေကြမှာပဲလို့ ကျွန်တော် တွေးနေမိသည်။

‘မင်းထွက် ငါပြောတဲ့စကားကို ပြန်ပြောဦးလေကွာ’

ပပဝတီ၏ ဓာတ်ပုံကို ကိုင်ထားသော မျိုးဟန်က စိတ်မရှည် သည့်လေသံနှင့် ကျွန်တော့်ကို ပြောပါသည်။

‘အဲဒါထက် ဟောဟိုမှာ မြင်ရတဲ့ စာကလေး၊ ငှက်ကလေးတွေ စပါးတွဲစားတာကို ကြည့်စမ်း မျိုးဟန်၊ အေးအေးသက်သာ သူတို့ကို လေးနဲ့ပစ်မယ့်သူ ခဲနဲ့ပစ်မယ့်သူမရှိလို့ ကြည်ကြည် နူးနူးစားလိုက်၊ ပျံလိုက်နဲ့ ဘယ်လောက်တွေ့နှပ်ဖို့ ကောင်းသလဲ၊ အဲဒီ စာကလေးတွေ ပျော်နေကြည်နူးနေတာကို အရသာခံစမ်း ပါကွာ၊ ဘယ်လောက်ပီတိဖြစ်ရသလဲ’

မျိုးဟန်က ကျွန်တော့်ကို မကျေမနပ်ငံ့စံနှင့် စိတ်မရှည်သလို ကြည့်ရင်းကနေ…

‘မင်းထွက်ရာ… မင်းကလည်း စာကလေးတွေ ကြည်နူး သလား မကြည်နူးဘူးဆိုတာ မင်းက စာကလေးမှ မဟုတ်တာ၊ ပြီးတော့ တိရစ္ဆာန်တွေရဲ့ စကားကို နားလည်တဲ့ မာဂဓစကားမျိုး မှ မင်းမှ မတတ်တာ၊ မင်းက ဘယ်လိုလုပ် စာကလေးတွေ ကြည်နူးတယ်လို့ ပြောနိုင်မှာလဲ’

မျိုးဟန်ကတော့ ကျွန်တော့်ကို ကလိပြီလို့။

‘မင်းက ငါ မဟုတ်ဘူးလေကွာ၊ ဒီတော့ စာကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နူးသလား၊ မကြည့်နူးဘူးလား ငါသိနိုင်ပါ့မလားဆိုတာ ခင်ဗျားတို့ ဖြေကြည့်ပါဦး။ မျိုးဟန်ရဲ့ ငါက မင်းထွတ်ဆိုတော့ မင်း ဘယ်သိနိုင်ပါ့ မလဲဆေးပါ့ကွာ၊ ဒါက သတ္တဝါတွေကို ကြင်နာတတ်တဲ့လူပဲ သိနိုင်တာ၊ ဒီကိစ္စက မေတ္တာနဲ့ဆိုင်တယ်၊ ကျယ်ဝန်းပါတယ်ကွာ'

မျိုးဟန် နည်းနည်းတော့ ခေါင်းစားသွားပါသည်။ မတတ်နိုင်ပါ။ ကျွန်တော့်အမြင် ကျွန်တော်ပြောခြင်းသာ ဖြစ်ပါသည်။

'မင်း အခုပြောတဲ့ ဒဿနစကားတွေ ပပ္ပဝတီနဲ့တွေ့လို့ သွားမပြောနဲ့နော်၊ တော်ကြာ ရှာသာကြီးက စိတ်ကျန်းမာရေးဆေးရုံ ပို့နေဦးမယ်'

'အဲဒါပဲကွာ… လူတချို့က အသိပညာဆိုတာ ဘာကိုစဉ်းစားပြီး ပြောတယ်ဆိုတာ နားမလည်ကြဘူး၊ ဒီမှာ မျိုးဟန်၊ ဒဿနပညာဆိုတာ ပေါင်မုန့်ဖုတ်တာ မဟုတ်ဘူးကွ၊ အတွေးအခေါ် ဆင်ခြင်မှုဆိုတာ စားသုံးရတာ မဟုတ်ဘူး၊ တွေးရင်းက နှလုံးသားအတွက် ထာဝရလတ်ဆတ်နိုးကြားစေမယ့် စိတ်အာဟာရကို ပေးတာ'

'မင်းထွတ် မင်း ဝါသနာပါတာ အသာထား၊ ပပ္ပဝတီကို မင်း ယူမှာလား၊ မယူဘူးလား၊ မင်းအဖေပြောတာကိုရော လက်ခံမှာလား၊ လက်ခံကောင်းပါတယ်ကွာ'

မျိုးဟန် လက်ထဲမှ ဓာတ်ပုံကို ကျွန်တော်က လှမ်းယူလိုက်ပြီး ဓာတ်ပုံထဲက ပပ္ပဝတီအား ကျွန်တော် ကြည့်လိုက်သည်။

'တစ်ခါမှ လူချင်းမတွေ့ဖူး စကားမပြောဖူးတဲ့ မိန်းမတစ်ဦးကို





ငါ ဘယ်နှလုံးသားနဲ့ မြတ်နိုးလို့ရမှာလဲ၊ ပြီးတော့ အချစ်ဆိုတာမျိုးကို ဘာဂုဏ်နေဆိုတဲ့ တံဆိပ်တွေကပ်ပြီးမှ ချစ်တာ ကြိုက်တာ ယူတာမျိုးကိုလည်း ငါ စိတ်မဝင်စားဘူး၊ သန့်သန့်လေး ဘာမှမဟုတ်တဲ့ ဘဝကို ချစ်တာမျိုးပဲ ငါလိုချင်တယ်'

'ဒါဆို မင်း ဘာလုပ်မှာလဲ မင်းထွတ်'

ကျွန်တော် တစ်စုံတစ်ခုကို စဉ်းစားနေမိပါသည်။ သို့သော် ဘာကိုစဉ်းစားသလဲဆိုတာကိုတော့ မျိုးဟန်အား လုံးဝမပြောဖြစ်ပါ။

ကျွန်တော် သရက်ပင်တွေဆီ လှမ်းကြည့်မိပြန်တော့ စာကလေးတွေက စောစောကအတိုင်း စားနေတုန်းပင်။

အခုမှ ပိုတောင် စာကလေးအကောင်ရေ များလာသလိုပင်။

✷

နက်ဖြန်ကျလျှင်တော့ စပါးတွဲလေးတွေ ပိုဝယ်ရပါဦးမည်။

တစ်ခါတလေ မိန်းမကိစ္စ ထိုင်တွေးရတာထက် စပါးတွဲလေးတွေကို စာကလေးတွေ အလုအယက်စားနေသည့် မြင်ကွင်းမျိုး ထိုင်ကြည့်ရတာက ပိုလို့တောင် ကြည်နူးဖို့ကောင်းနေပါသေးသည်။

✷

လူပေါ်တော်များများ ဘာဖြစ်လို့ ကြည်နူးမှုတွေကို မေ့လျော့နေကြသလဲလို့။ ကြည်နူးခြင်းဆိုတာ ရှာဖွေတတ်မည်ဆိုလျှင် ကိုယ့်ပတ်ဝန်းကျင် အနီးနားမှာ ရှိနေတာပဲလေ။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com

ကြယ်တွေကိုငေးသူ အလှအပကိုငေးသူ
အာကာ၊ စည်းစိမ်တွေကိုငေး၊ ငေးသူတွေ...
ဟောဒီကမ္ဘာမြေမှာရှိကြမှာပဲ
တစ်ခါတလေမှား
လှတွေကောင်းတွေ ငေးသူတွေ
ပိုမှားလာတော့မယ်ပါရဲ့

# ၄

ပိုင်အိုးနီးယားကလပ်မှာ ကျွန်မကြိုက်သည့် **Hip Hop** ပွဲတော် ဒိတ်ရှိုးရှိလို့သာ လာရသည်။ သူငယ်ချင်းမတွေဖြစ်သည့် အိအိခင်၊ ဝင်းတို့ကို မတွေ့ရ။ ကြူကြူကိုသာ တွေ့ရသည်။ သူကလည်း ည်းစား 'ဘဲဘဲ' လက်ကိုချိတ်ပြီး စင်ပေါ်က ရဲလေးနှင့်အပြိုင် င်အောက်ကနေ လိုက်အော်ဆိုနေတာ လောကကြီးကို မေ့နေသလိုပင် ဖြစ်သည်။

ယောကျ်ားသားဆိုလို့ အဖော်အဖြစ် ပါလာသည့် သူငယ် ချင်း အောင်မြင့်ဇံကလည်း ဘယ်နားရောက်နေသလဲ မသိပါ။

'ပပဝတီ ဒီကိုလာလေ'

ကျွန်မနာမည် ခေါ်သံကြားသဖြင့် ကျွန်မ လှည့်ကြည့်လိုက်သော ခါ ပိုင်အိုးနီးယားကလပ်ရှိ ဘားကောင်တာမှာ ထိုင်ရင်း ဘီယာ သောက်နေသော အောင်မြင့်ဇံကို တွေ့ရသည်။

'လာလေဟာ... ဘာကိုငေးနေတာလဲ'



www.burmeseclassic.com

တီးဝိုင်းဆိုင်းတွေက ကျယ်နေသဖြင့် အောင်မြင့်ဇံက အသ
ကျယ်ကျယ်နှင့် လှမ်းအော်ခေါ်တာ ကျွန်မ ဒေါသနည်းနည်းထွက်သွား
ပါသည်။

သည်လိုမျိုး အော်ခေါ်စရာလားလို့။ ကိုယ်တိုင်ထလာပြီး ခေါ်
လို့ရော မရဘူးလား။

'အောင်မြင့်ဇံ ငါ့ကို ဒီလိုမအော်နဲ့၊ ငါက ဈေးသည်မဟုတ်ဘူး
နင် ခေါ်ချင်ရင် ငါ မတ်တတ်ရပ်ကြည့်နေတာပဲ၊ လာခေါ်ပါ
လား'

'ပပဝတီရာ... နင်က ငါ့ကို အသားလွတ်တင်နေပြန်ပါပြီ
နင် ညောင်းမှာစိုးလို့ ဒီနားမှာ လာထိုင်ခိုင်းတာ၊ ငါ့စေတနာကို
နင်က ဖွင့်ပစ်လိုက်တာပဲ'

အောင်မြင့်ဇံကို ကြည့်ရသည်မှာ နည်းနည်းတော့ ဘီယာမူးနေ
ရပါသည်။

လေသံက သိပ်မမှန်။

'ဘာဖြစ်လို့ မူးနေတဲ့ နင့်နား ငါ ထိုင်ရမှာလဲ၊ နင်ကလေ
သူငယ်ချင်းဆိုပြီး အားကိုးရမလား အောက်မေ့ပါတယ်'

'ပပဝတီရယ်... သူငယ်ချင်းပဲလား၊ ဒီထက်ကို မပိုဘူးလား
နင်က ဝေ့တယ်ဟာ'

အောင်မြင့်ဇံစကားက ဘာကိုဆိုလိုချင်မှန်း သည်ကောင် မူးမူး
နှင့် ပြောနေသလဲ မသိ။

'အောင်မြင့်ဇံ နင် မူးနေရင် ဒီအတိုင်းနေ၊ ဘာမှမရှည်နဲ့'





'ငါ မမူးဘူးဟ၊ ရူးတာ၊ သူငယ်ချင်းဆိုပြီး နင့်ကို အနွံတာခံ
တာ ငါ နင့်ကိုချစ်လို့'

ကျွန်မအဖို့ မှားပြီလို့။ သည်ကောင်ခေါ်တာ ကျွန်မဘာသာ
ကျွန်မ တီးဝိုင်းက သီချင်းဆိုတာ နားမထောင်ဘဲ သူ့စကား နားထောင်
မိလို့ သည်လိုအဆင့်တက်ပြီးပြောဖို့ ဖြစ်လာတာ။ သူငယ်ချင်းအဖြစ်
ခင်မင်နေတာ ကြာလှပြီ။ ထန်းရည်မူးမှ ကျွဲခိုးပေါ်သလို ဘီယာမူးမှ
အောင်မြင့်ဇံ နှုတ်ဖျားကနေရင်း အမှန်စကားလုံးတွေက ထွက်ကျလာ
တာ။

'အောင်မြင့်ဇံ နင့်ကို အခုမရှင်းဘူး၊ မနက်မှ နင် အခုပြောတဲ့
စကားအတွက် ရှင်းမယ်'

'အခုပြောပြော မနက်ပြောပြော ငါပြောမယ်၊ နင့်ကို ချစ်
တယ်'

ဘီယာခွက်ကို ကုန်အောင်သောက်လိုက်ပြီး အောင်မြင့်ဇံက
ပတ်ဝန်းကျင်ကို မကြည့်ဘဲ ပြောချလိုက်ပါသည်။

ကျွန်မအဖို့ ရှက်ခြင်းနှင့်အတူ ပတ်ဝန်းကျင်အနီးနားက လူတွေ
ကရော ကျွန်မကို ဘယ်လိုထင်လေမလဲ မသိပါ။

'အောင်မြင့်ဇံ နင် မူးနေပြီ၊ တော်နော်... ငါ ဒေါသထွက်လာ
ပြီ၊ နောက်ကို နင် ဒီလိုစကားလုံးတွေနဲ့ ငါ့ကို မရိုးမသား
ဆက်ဆံလာမယ်ဆို ဒီနေရာမှာ နင်နဲ့ ငါနဲ့ သူငယ်ချင်းအဆုံး
ပြတ်ပြီ၊ အခုတော့ ရှိရင်းစွဲသူငယ်ချင်းစိတ်နဲ့မို့ ခွင့်လွှတ်လိုက်
မယ်၊ နောက်တစ်ခါ ထပ်ကဲလာရင် နင့်ခေါင်းပေါ်မှာ ကြည်



www.burmeseclassic.com

ယိုထဲ ဒီဘားကောင်တာအပေါ်မှာ ချိတ်ထားတဲ့ အရက်ပုလင်း

တွေ တွေလား၊ နှင့်ခေါင်းနဲ့ ဝမ်းဆက်ဖြစ်သွားမယ်၊ ပပဝတီရဲ့

သတ္တိက အိမ်ကွင်း အဝေးကွင်း မရွေးဘူး'

'ပပဝတီ… နေဦး ပပဝတီ'

တီးဝိုင်းဆက်ကြည့်နေလျှင်လည်း အောင်မြင့်ဇံက မူးမူးနှင့် ပြော

ချင်ရာ ပြောဦးမှာဖြစ်သဖြင့် စိတ်ညစ်ညစ်နှင့်ပင် တီးဝိုင်းကို မကြည့်

တော့ဘူးလို့ ကျွန်မ ဆုံးဖြတ်လိုက်ပါသည်။

အကောင်းဆုံးက အိမ်ကိုပြန်တာပဲ ကောင်းပါသည်။

✷

ဘာဖြစ်လို့များ ဝမ်းဗိုက်ထဲ သေရည်သေရက်ကလေး နည်းနည်း

ဝင်တာနဲ့ လူတွေများ အသိစိတ်တွေ ပျောက်ကုန်သလဲ မသိပါ။

သူငယ်ချင်းစစ်စစ်တောင်မှ သေရည်သေရက် သောက်သုံးလျှင်

ကိုယ်ကျင့်တရားတွေ အနည်းနှင့်အများ ပျက်ကုန်တာပါပဲလားလို့

ကျွန်မ ကားမောင်းရင်း တွေးနေမိပါသည်။

✷

တော်ပါသေးသည်။

အောင်မြင့်ဇံ ကိစ္စက သည်မှာတင်ပြီးလို့။

ရုပ်ရှင်တွေထဲကလို မူးမူးရူးရူးနှင့် ကျွန်မကို ဘီယာအတင်း





တိုက်၊ ဘီယာထဲ အိပ်ဆေးထည့်ပြီး ကားတင်ပြေးမှဖြစ်ငံ့ ဘဝပျက်

ပြီ။

✷

မိန်းမသားတစ်ဦးအတွက် အလုံခြုံဆုံးကတော့ ကိုယ့်မိဘအိမ်ရာ

ပဲ မဟုတ်ပါလား။

✲ ✲ ✲

'ဒုက္ခပါပဲကွာ… အဲဒါပဲ၊ သားသမီးတစ်ယောက်တည်း မွေး

ထားမိတော့ အဖော်တိုင်ပင်ဖော် တိုင်ပင်ဖက်က မရှိ၊ ဒါကြောင့်

ငါ့သမီးကို နှောင့်ယှက်မယ့်သူ ပေါ်နေတာ'

ညကကိစ္စကို မနက် လက်ဖက်ရည်ဝိုင်းမှာ ကျွန်မက ပြောပြ

တော့ ဖေဖေက ထိုသို့ မှတ်ချက်ပေးပါသည်။

'သမီးလေးရယ်… မေမေ ရင်မောပါတယ်၊ နောက်ကို ညဘက်

တွေ ဘာတွေ လည်တာပတ်တာ သွားတာလာတာ လျှော့တော့

နော်၊ တစ်ခုခုဖြစ်သွားရင် မေမေ ရင်ကျိုးရချည်ရဲ့ကွယ်'

မေမေ့ခမျာ ကျွန်မကို တစ်ခုခုစိုးရိမ်သလိုမျိုး ခံစားနေရပါသည်။

'ခက်ပါတယ် မေမေရာ၊ တစ်ခါတလေ သမီးလေ စိတ်သိပ်

ညစ်တယ်၊ ဘာကြောင့်များ သမီးကို ယောကျ်ားလေးတွေ

တကောက်ကောက်လိုက်သလဲလို့၊ သမီးရုပ်က ရွက်ကြမ်းရေကျို



www.burmeseclassic.com

www.burmeseclassic.com



သားဆို ဒါ ချိုးဖြစ်မှာ မဟုတ်ဘူးလို့'

'သမီးရယ်… ဒါကတော့ အတိတ်ကုသိုလ်ကံ သမီး ကောင်း သွိုနေမှာပေါ့'

ကျွန်မနှင့် မေမေ အပြန်အလှန် စကားပြောနေတာကို ဖေဖေ က ဘာမှပြန်မပြောဘဲ ငြိမ်ပြီးနားထောင်နေပါသည်။

ဖေဖေ့ကိုကြည့်ရတာ တစ်စုံတစ်ရာကို တွေးနေသလိုပင်ဖြစ် သည်။

ရှေ့မှာချထားသော ထမင်းကြော်ပန်းကန်ကိုတောင် မစားနိုင် ပါ။

'ဒီတစ်ပတ်အတွင်းတော့ သမီးရဲ့ကိစ္စအတွက် ဖေဖေ ပြီးအောင် စီစဉ်တော့မယ်'

'ဖေဖေက ဘာစီစဉ်မှာလဲ'

'နောက်တော့ သမီးသိရမှာပေါ့ကွယ်'

ဖေဖေက ပဟေဠိဝှက်သလိုမျိုး ဘာမှမပြောတော့ဘဲ ထမင်း ကြော်ကို ဆက်စားနေပါသည်။

ကျွန်မကတော့ ညကကိစ္စကို သူငယ်ချင်းမတွေဆီ ဖုန်းဆက် အကြောင်းကြားပြီး ကောင်းကောင်းကြီး သတင်းပေးရဦးမည်။ ပြီး တော့ အောင်မြင့်ဇံကိုလည်း ဖုန်းထဲက အပီ ကောင်းကောင်းကြီးကျွေး ရမည်။

ဒါမှ သင်း နောင်ကြဉ်မှာ။

တစ်နည်းပြောရရင်တော့ ရှေ့ဆက်တိုးမယ့်ဆင်ကို နောက်တစ်





လှမ်းဆုတ်ဖို့ ချွန်းနှင့်အုပ်သလိုပဲပေါ့လေ။

* * *

ကန်ရေပြင်သည် ပကတိ ငြိမ်သက်နေသည်။ ဟိုးခပ်ဝေးဝေး ဆီမှာတော့ အတွဲအချို့က လောကကြီးကို မေ့သလိုမျိုးနှင့် ထီးကလေး တွေကာပြီး ဘာကို နှစ်ကိုယ်ကြားပြောနေကြသည် မသိ။ သေချာတာ ကတော့ တစ်ခုခုတော့ တစ်ခုခုပဲ ဖြစ်ပါလိမ့်မည်။ ဦးတင်ထွတ်က သူ့အကြည့်တွေကို ပြန်ရုပ်သိမ်းရင်း Cocacola အချိုရည်ဘူးကို ဖွင့် လိုက်သည်။

'ဘယ်လိုလဲ ကိုတင်ထွတ်ရ၊ ဘာလဲ… အတွဲတွေကိုကြည့်ပြီး ငယ်ဘဝကို ပြန်သတိရနေတာလား'

ဦးလင်းမောင်လွင်က သူ့အမေးကို သူ သဘောကျလို့လား မသိ ရယ်နေပါသည်။

'အတိတ်ကာလတို့ နုပျိုမှုတို့ဆိုတာ ဝယ်သိမ်းထားပြီး လိုချင်မှ ထုတ်သုံးစွဲလို့ရတာမှ မဟုတ်တာ၊ သတိမရပါဘူးဗျာ၊ အနာဂတ် ကိုပဲ တွေးနေတာ'

Cocacola အချိုရည်ဘူးကို ဖန်ခွက်ထဲ ဦးတင်ထွတ် ငှဲ့ချလိုက် သည်။

'အနာဂတ်ဆိုလို့ မေးရဦးမယ်၊ ကျွန်တော် ပြောတဲ့ကိစ္စ ဘယ်လို လဲ၊ အဆင်ပြေလား'

အချိုရည်ကိုသောက်မည်ဟု ဟန်ပြင်နေသော ဦးတင်ထွတ်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောတ် ဦးတင်ခောင်လွင် စကားကြောင့် အချိုရည်ကို ဆက်မသောက်ဘဲ ဖန်ခွက်ကို ပြန်ချလိုက်သည်။

'ခက်တယ်ဗျာ၊ ကျွန်တော့်သားက အဲဒီလို မိဘပေးစားတာမျိုး မလိုချင်ဘူးတဲ့၊ သူ့ကို ဘာမှမဟုတ်တဲ့ ဘဝမျိုးနဲ့ ချစ်တာမျိုးကိုပဲ လိုချင်တယ်တဲ့၊ ကျွန်တော်တို့ အစီအစဉ်ကို လက်မခံဘူး'

'ခင်ဗျားရဲ့စကားကြားရလို့ ကျွန်တော် အံ့အားတောင်သင့်မိတယ်၊ ကျွန်တော့်သမီးကို ဒီလောက် လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေတာကို သူမလိုချင်လို့ ငြင်းသူက ရှိသေးရဲ့၊ လောကကြီးမှာ ဒါမျိုးလည်း ရှိသေးတာကိုးဗျ'

ဦးလင်းမောင်လွင်က ဘာမှမပြောတော့ဘဲ ရှေ့တည့်တည့်မှာ မြင်နေရသည့် ကန်တော်ကြီးရေပြင်ကိုသာ စိုက်ကြည့်နေသည်။

'သားတစ်ယောက်တည်းရှိတာမို့ အလိုလိုက်မိတာ မှားပြီလား၊ မသိပါဘူးဗျာ၊ ခက်တာက သူကလည်း မိဘစိတ်ဆင်းရဲအောင် လျှောက်လုပ်တာမျိုးက မဟုတ်ပြန်၊ ပန်းချီဆွဲမယ်၊ စာဖတ်ပြမယ်၊ သစ်ပင်စိုက်မယ်၊ လူတွေကို ကူညီမယ်၊ ဒါပဲလုပ်တာ၊ အပြစ်က ပြောလို့က မရပြန်ဘူး'

ဦးတင်ထွတ် စကားကို နားထောင်သော ဦးလင်းမောင်လွင် ချက်ချင်းဆိုသလို တစ်စုံတစ်ခုကို သတိရသွားပါသည်။

'ဟုတ်ပြီ... ဒီမှာ ကိုတင်ထွတ်၊ အညာဘက်က ရွာတစ်ရွာမှာ ကလေးတွေစာသင်ဖို့ ကျောင်းမရှိလို့ စာသင်ကျောင်း





ဆောက်လှူဖို့ ကျွန်တော့်ကို လာပြောထားတာရှိတယ်၊ ဒီတော့ ခင်ဗျားနဲ့ ကျွန်တော် ကျောင်းဆောက်လို့ ကုန်ကျမယ့်ငွေကို တစ်ယောက်တစ်ဝက်ခံရင်း ကလေးနှစ်ယောက်ရဲ့ နာမည်နဲ့ လှူမယ်၊

တကယ်လို့ ဒီကြားထဲ သူတို့နှစ်ယောက် ညားသွားကြရင်လည်း အဲဒီကျောင်းကို လင်မယားနှစ်ယောက် ရေစက်အတူတူချပေါ့ဗျာ၊

အဲ... မညားသေးဘူးဆိုရင်လည်း ကျောင်းရေစက်ချ အခမ်းအနားမှာ သင်းတို့နှစ်ယောက်ကိုပါ ခေါ်သွားရင်း ရေစက်အတူတူချနိုင်းမယ်၊

တစ်နည်းမဟုတ်တစ်နည်း သူတို့ချင်း အဆင်ပြေမှာပေါ့ဗျာ၊ အရှုံးမရှိပါဘူး'

ဦးလင်းမောင်လွင်အကြံက ကွက်တိဖြစ်လို့နေသည်။ ဦးတင်ထွတ်တစ်ယောက် တော်တော်ကျေနပ်သွားပါသည်။

'အင်း... သားနဲ့ သမီး ညားမညားတော့ မသိဘူး၊ ကောင်းမြတ်တဲ့ အလှူမို့လို့ ကလေးတွေ အရိပ်အာဝါသအောက်မှာ အေးအေးဆေးဆေး စာသင်ရမှာဆိုတော့ ဒါ အမွန်မြတ်ဆုံး အလှူကိစ္စပဲ၊ ခင်ဗျား ကြိုက်သလိုသာလုပ်'

ဦးတင်ထွတ်က ဖန်ခွက်ထဲမှာရှိနေသော အချိုရည်ကို တစ်ကျိုက်တည်း မော့သောက်ချလိုက်သည်။

Cocacola အချိုရည်ကို သောက်ရသည့်နေ့တွေထဲမှာ သည်နေ့



www.burmeseclassic.com

www.burmeseclassic.com



ခဿာတ် ချိန်ခြိန်တာ မရှိဟု ဦးတင်ထွတ် တွေးနေမိပါသည်။

✲ ✲ ✲

ဦးတင်ထွတ် အိမ်ပြန်ရောက်တော့ သားဖြစ်သူ မင်းထွတ်ကို ဦးလင်းမောင်လွင်နှင့် တိုင်ပင်ထားသောကိစ္စကို ဖွင့်ပြောလျှင် ကောင်းမလားဟု စဉ်းစားပါသေးသည်။

သို့သော် သူ့အတွေးများ ခြံထဲသို့ ကားမောင်းဝင်လာသည့်အခါ ပျက်သုဉ်းသွားပါသည်။

ခြံဝင်းထဲမှာ ကလေးတစ်အုပ်စုနှင့် သားတော်မောင် မင်းထွတ်က တူတူပုန်းတမ်း မကြီးမငယ်နှင့် ကစားနေသောကြောင့် ဖြစ်ပါသည်။

မနေနိုင်လွန်းသဖြင့် မင်းထွတ်ကို ကလေးတွေနှင့် မကစားဖို့ တော်ကြာ လမ်းထဲကလူတွေက ကိုယ့်ကို တစ်မျိုးမြင်သွားမည်ဟု ပြောသောအခါ သားဖြစ်သူ မင်းထွတ်က စကားတစ်ခွန်းပြန်ပြောပါသည်။

"The Child is father of the man" ဟု။

✲ ✲ ✲

ဦးလင်းမောင်လွင်ကလည်း အိမ်သို့ပြန်ရောက်သောအခါ ဦးတင်ထွတ်နည်းတူ သမီးဖြစ်သူ ပပဝတီကို သူနှင့် ဦးတင်ထွတ် တိုင်ပင်ထား

...သော အစီအစဉ်ကို ပြောပြမည်ဟု စိတ်ကူးခဲ့သည်။

သို့သော် အိမ်ရောက်ရောက်ချင်းဆိုသလို သမီးဖြစ်သူက သူမ ...း သည်နေ့ ယောဂကျွားလေး ဘယ်နှယောက် ရည်းစားစကားလိုက် ...သည်ဆိုပြီး စိတ်ညစ်ညစ်နှင့် တိုင်သဖြင့် ပြောမည့်ကိစ္စ အသာ ...၍ မဖြစ်မနေ သူ စီစဉ်ထားသော အစီအစဉ်ကို လုပ်ကိုလုပ်ရတော့ ...ည်ဟု ဆုံးဖြတ်လိုက်ပါသည်။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com

မြင်ချင်ပါတယ် ကြားချင်ပါတယ်
ဒီလိုနဲ့ ပစ္စုပ္ပန်ကို ရုပ်ဖျက်ပြီး
အနာဂတ်ထဲ ရဲရဲဝံ့ဝံ့ တိုးဝင်ခဲ့ပါရဲ့။
ပန်ဆင်းရှင်က ငါ့ကို
အတွေ့အကြုံတွေ ယှက်ယှက်ရောရောပေးဖို့
စောင့်နေလေရဲ့။

# ၅

ပွဲမောင်၊ မာလီ၊ ကားဒရိုင်ဘာ လုပ်ငန်းသုံးမျိုးအတွက် ဝန်ထမ်း ၁ ဦး အလိုရှိသည်။

မှတ်ချက် ။ ။ ရုပ်ရည်သန့်ပြန့်ရသော အိမ်ဝါးသုံးဖြစ်ရမည်။

ဆက်သွယ်ရန် ။ ။ အမှတ် ၀၉၇ ၊ ဘောက်ထော်။

ကြေးမုံသတင်းစာထဲမှ ကြော်ငြာကို ကျွန်တော် ဖတ်နေရင်းမှ ကြော်ငြာမှ ဆက်သွယ်ရန်ဆိုသည့် လိပ်စာကိုကြည့်ပြီး မည်သည့်နေရာ တွေ့ဖူးသလဲလို့ ကျွန်တော် စဉ်းစားနေမိသည်။

သည်ကြော်ငြာထဲက လိပ်စာကို ရင်းရင်းနှီးနှီး ကျွန်တော် သိနေဖြစ်ပါသည်။

အကြိမ်ကြိမ် စဉ်းစားရင်းမှ ကျွန်တော် လက်ဖျောက်တစ်ချက် တီးလိုက်သည်။

သည်ကြော်ငြာကို သိသမျှ သိပ်သိပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ဒိုင်ယာရီစာအုပ်ကို ပြေးယူပြီး စာအုပ်ကြားတ
ညှပ်ထားသော ဗစ်ဇစ်တင်း လိပ်စာကတ်ကို ထုတ်ကြည့်လိုက်
သည်။

ဘယ်ရမလဲ။

ကျွန်တော်နှင့် စေ့စပ်ထားသည့် ပပဝတီတို့ အိမ်လိပ်စာပဲ ဖြ
နေပါသည်။

ပပဝတီတို့ အိမ်မှာ အလုပ်သမားလိုလို့ သည်လောက်ပိုက်
အကုန်ခံပြီး ကြော်ငြာထည့်တာပဲ ဖြစ်ပါလိမ့်မည်။

သတင်းစာထဲက ကြော်ငြာကို ကျွန်တော် ထပ်ဖတ်ကြည့်မိပြ
ပါသည်။

ကြော်ငြာက နည်းနည်းထူးဆန်းနေသည်။ ဘာဖြစ်လို့ ရုပ်ဆ
သူကိုမှ ထူးထူးခြားခြား အလိုရှိရပါသလဲ။

ကျွန်တော် မဆီမဆိုင် လျှောက်တွေးနေမိပါသည်။

တွေးရင်း တွေးရင်းနှင့် ထခုန်မတတ် ကျွန်တော် ဝမ်းသာသွ
ပါသည်။

ကျွန်တော့်အတွက် စွန့်စားမှုတစ်ခုလို့ပဲပြောပြော အတွေ့အကြ
သစ်လို့ပဲဆိုဆို တစ်ခုခုတော့ ထူးခြားလာမှာလို့။

သည်အကြောင်းကို မျိုးဟန်နှင့် ကျွန်တော် အမြန်တိုင်ပင်တ
အကောင်းဆုံးပဲလို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်။

* * *





'မင်းထွတ်ရာ မင်းဟာက ရုပ်ရှင်တွေထဲကလို ဖြစ်နေပြီ၊ ဘယ့်နှယ်ကွာ… ကိုယ်နဲ့ မိဘချင်းစီစဉ်ထားတဲ့ အမျိုးသမီးအိမ်ကို သွားပြီး ခြံစောင့်ဒရဝမ် လုပ်ရမယ်ဆိုတာကြီးက မဟုတ်သေးပါဘူး'

လက်ဖက်ရည်ဆိုင်ထဲမှာ ကျွန်တော့်အစီအစဉ်ကို ပြောပြသည့်အခါ မျိုးဟန်က ခေါင်ခါပြီး ငြင်းပါသည်။

'ငါက အလကားလုပ်တာ မဟုတ်ဘူး၊ အခုလို ဆိုင်တီခေတ် အသိပညာ တတိယလှိုင်း ခေတ်ကြီးထဲမှာ ခံစားမှုအသစ်ကို စီစဉ်လိုက်တာ မင်း စဉ်းစားကြည့်၊ ကိုယ်နဲ့ သဘောတူတဲ့ အမျိုးသမီးကို ကိုယ်က သူ့ဆီမှာ အလုပ်သမားဝင်လုပ်ရင်း ကိုယ့်ကိုချစ်သလား မချစ်သလား စမ်းသပ်ရမယ့်ကိစ္စက နည်းနည်းတော့ ရင်ခုန်စရာပဲကွ'

မျိုးဟန်ကတော့ ကျွန်တော့်အား ဂြိုဟ်ကမ္ဘာက ရောက်လာသည့် ဂြိုဟ်သားတစ်ဦးလိုမျိုး ထင်နေသလား မသိ။ အံ့အားတသင့် အကြည့်မျိုးနှင့် ထပ်ကြည့်ပြန်ပါသည်။

'ဒါဆို မင်းထွတ်၊ မင်းက ဘယ်လိုစမ်းသပ်မှာလဲ'

'ဒီလိုကွာ … ငါ့ပုံစံကို ရုပ်ဆိုးအောင် လုပ်ပြီး သွားမှာပေါ့'

'ဘာကွ… မင်းက ဘယ်လို ရုပ်ဆိုးအောင်လုပ်မှာလဲ၊ အရေးထဲ စားပြန်ပြီကွာ'



www.burmeseclassic.com

www.burmeseclassic.com



မျိုးဟန်က ဘယ်တော့မှ ဆီမလူးသည့် သူ့ခေါင်းမှ ဆံပင်တွေကို လက်ဖြင့်ကုတ်ရင်းမှ ပြောလိုက်ပါသည်။

သည်ကောင် ခေါင်းကိုကုတ်နေတာ တိရစ္ဆာန်ရုံထဲမှ မျောက်ကြီး သန်းကုတ်နေသည့်ပုံနှင့် တစ်ပုံစံတည်း။

'ဒါများ လွယ်လွယ်လေးပါကွာ၊ သွားအတုတပ်ပြီး သွားခေ... နေသလို လုပ်မယ်ကွာ၊ မျက်မှန်တပ်မယ်၊ ပြီးတော့ နားထေ... ချင်ယောင်ဆောင်မယ်ကွာ၊ ဒါဆို ငါ့ကို သူ့ဌေးသားမှန်း ဘယ်... သူမှမသိတော့ဘူး'

'ဒါဆို မင်းက အဲဒီအိမ်မှာ အလုပ်ရရင် သွားနေမှာဆိုတော့... ဟာ··· မဟုတ်သေးပါဘူး၊ မင်းရဲ့ အဖေကရော ဘယ်နည်း... မှ လက်ခံမှာမဟုတ်ဘူး'

မျိုးဟန်က ကျွန်တော့်အစီအစဉ်ကို ကန့်ကွက်မဲမရှိဘဲနှင့်... ပယ်ချနေပါသည်။

'ငါ့ဘဝအတွက်ပဲကွာ··· ငါလုပ်တဲ့ရည်ရွယ်ချက်ဟာ ငါ့ဒယ်... အတွက် မျက်နှာပျက်စရာတော့ မဟုတ်လောက်ပါဘူး'

'မင်းကတော့ ပြောလို့ရမယ့်ထဲမှာ ပါမှာမဟုတ်ဘူး၊ ဘာ... ဟိုအမျိုးသမီးနံမည်က ပပဝတီဆိုတော့ မင်းက ရုပ်ဆိုးအော... ရုပ်ဖျက်ပြီးသွားမှာဆိုတော့ ဘုရားဟောထဲကလို မင်းကုသပေ... ကွာ၊ မင်းကုသနဲ့ ပပဝတီဇာတ်လမ်းတော့ စပြီပေါ့ကွာ'

မျိုးဟန်ပြောတာကို နားထောင်မိသော ကျွန်တော် ပြုံးနေမိပါ... သည်။





တစ်ခါတလေတော့လည်း သည့်လို ကျွန်တော် စီစဉ်ထားသော ...စ္စက နည်းနည်းတော့ ရင်ခုန်ဖို့ကောင်းလှပါသည်။

တစ်ခါဖူးမျှ ဒါမျိုးမလုပ်ဖူးသည့်အတွက် အတွေ့အကြုံသစ်တွေ ...ည်သို့မည်ပုံ ရရှိလာလေမလဲ။ အနာဂတ်ကို ကျွန်တော် ကြုံပြီးမြင် ...ျင်နေမိသည်။

✷

တကယ်ပါဗျာ။

လူတွေများ သိပ်လွယ်သည့်ကိစ္စကို ခက်အောင်လုပ်နေကြ ...ာကိုက လူ့ဝါသနာ လူ့စရိုက်ဆိုလျှင်တော့ ကျွန်တော့်ကို မည်သူများ ...ပ်မံအပြစ်ပြောကြမည် မသိ။

✲ ✲ ✲

'ဒယ်ဒီရဲ့သားကတော့ကွာ··· သားပြောတဲ့စကားနဲ့ပဲ ဒယ်ဒီ ပြန်ပြောရတော့မယ်၊ လွယ်အောင် ဒယ်ဒီ စီစဉ်တာကို သားက ခက်အောင်လုပ်နေတာပဲ၊ သားဟာက စိတ်ကူးယဉ်ဆန်ပါတယ်၊ မလုပ်ပါနဲ့ သားရယ်'

ကျွန်တော်စီစဉ်ထားသည့်ကိစ္စအား ဒယ်ဒီ့ကိုပြောပြတော့ ဒယ်ဒီ မိုင်ကုန်ငြင်းနေပါသည်။

'အခုလို အိုင်တီခေတ် တတိယလှိုင်းခေတ်ကြီးမှာ ဒယ်ဒီတို့



www.burmeseclassic.com

www.burmeseclassic.com



အညာလေးယောင်းတွေက ရှိနေပြီ၊ သားတို့က သားတို့ရဲ့အချ
ရေး အိမ်ထောင်ရေးအတွက် ဖောက်ထွက်ရမယ်၊ ဘာလုပ်မှ
သဲ အားလုံးကိ လွယ်နေရင်၊ တစ်ခါတစ်ရံ ခက်တာ၊ ရင်နာ
စရာလေးက ဘဝအတွက် အမှတ်တရတွေဖြစ်လာမှာ ဒယ်
ရဲ့'

ဒယ်ဒီက ကျွန်တော့်စကားကို ဘာမှဝေဖန်ချက်မပေးဘဲ အိ
နံရံမှာ ချိတ်ဆွဲထားသည့် မေမေ့ဓာတ်ပုံကို ကြည့်နေလို့။ ကျွန်တော
ထင်ပါသည်။

ဒယ်ဒီတစ်ယောက် သူပြော၍မရသော သူ့သား ကျွန်တော့်
မေမေသာရှိလျှင် ကူပြောပေးလို့ရမှာဆိုသော မျှော်လင့်အားကိုးသည
အကြည့်မျိုး ဖြစ်နေလို့ပါ။

'သားကို ဒယ်ဒီ ပြောလို့မရဘူးဆိုတာ သိပါတယ်၊ ဒယ်ဒီ
သားကို ဒယ်ဒီက ခွဲဖူးတာမဟုတ်ဘူး၊ ဒါပေမဲ့ သားရဲ့ကိစ္စ
ဒယ်ဒီ့ကြောင့်ဖြစ်လာတာဆိုတော့ ခွင့်ပြုရမှာပေါ့လေ'

ကျွန်တော့်ဒယ်ဒီက စကားပြောနေရင်းမှ ဘာကိုတွေးမိသလ
မသိ။

နည်းနည်းတော့ ပြုံးလိုက်ပါသည်။

'ဒါဆို ဒယ်ဒီက သားကို တစ်ခုကတိပေး၊ ဒီကိစ္စကို ပပဝင
တို့ဘက်ကို လုံးဝအသိမပေးရဘူးလို့၊ သူတို့ဘက်ကသိရင် သာ
ရဲ့အစီအစဉ် ပျက်ပြီ'

ကျွန်တော့်ဒယ်ဒီက ဘာမှမပြောဘဲ ခေါင်းညိတ်ပြသည်။ ဒါ





သချာပြီ။ ကျွန်တော်၏ စီမံကိန်းကို ကျွန်တော် အကောင်အထည်ဖော်
သို့ရပြီလို့။

✷

ကျွန်တော် သိပါသည်။

သိပ်ကိုလှပသော ကျွန်တော်၏ ရွှေရောင်အနာဂတ်ရက်များကို
ကျွန်တော် ပိုင်ဆိုင်ရတော့မည် ဖြစ်ပါသည်။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com

ဦးနှောက်သုံး
စိတ်ကူးသန္တတွေကို ဆွဲထုတ်
ကိုယ်တိုင်ပုံဖော်ထုဆစ်ထားတဲ့
ရည်ရွယ်ချက်တွေအတွက်
အကျိုးအမြတ်မရှဘဲ ဘယ်တော့မှ အပင်ပန်းမခံနဲ့။

# ၆

ခြံ နံပါတ်ကတော့ သဟာင်းစာကြောင်ကြာထဲကနှင့် ကျွန်တော့်ဆီမှာ သာ လိပ်စာကတ်ထဲကအတိုင်း ကွက်တိ။

ခြံတံခါးဖွင့်ထားသဖြင့် ကျွန်တော် ခြံထဲသို့ဝင်လာခဲ့သည်။ တစ်ခန်းလုံး ကိုယ့်ပုံကိုယ်ကြည့်ပြီး ကျွန်တော် ယေ်ချင်နေမိသည်။ သွား သွားတုတပ်ထားသဖြင့် ကျွန်တော့်ပုံက အကြည့်ရတော်တော်ဆိုးသည်။ ဒါ့အပြင် ကျွန်တော်နှင့် ဘယ်လိုမှမလိုက်ဖက်သော မျက်မှန်ကိုလည်း တပ်ထားရသေးသည်။

တော်ပါသေးရဲ့။

မျက်မှန်က ဘာဒီဂရီမှ မပါလို့။ နို့မို့ဆို မျက်မှန် ပါဝါကြောင့် စိတ်က ဝေဝါးပြီး မူးကြောင်ကြောင်ဖြစ်နေမှာ။ ဒါ့ အပြင် ကျွန်တော့်ကို နားလေးချင်သလိုမျိုး ဟန်ဆောင်ရဦးမှာမို့ ကျွန်တော့်အစီအစဉ်နှင့် ကျွန်တော်ကတော့ ဟုတ်နေလို့။



www.burmeseclassic.com

www.burmeseclassic.com



'ဪ... အလုပ်လာလျှောက်တာထင်တယ်၊ လာပါ'

အိမ်ဖော်ဟုထင်ရသော အမျိုးသမီးတစ်ဦးက အိမ်ရှေ့တံခါးဖွ ဆီးကြိုနှုတ်ဆက်သဖြင့် ကျွန်တော်က ခေါင်းညိတ်ပြရင်း အိမ်ထဲသို့ဝ မိပါသည်။

ဒယ်ဒီပြောသလို ဒယ်ဒီမိတ်ဆွေ၏ စည်းစိမ်ကြွယ်ဝမှုက ကျွန်တော် ကောင်းကောင်းကြီး သဘောပေါက်သွားပါသည်။

'ဟော... ခြံစောင့်အတွေ့တွေ့အတွက် တစ်ယောက်တိုးလာပြ ပြီဟေ့'

အိမ်ထဲသို့ရောက်ရောက်ချင်းမှာပဲ ကျွန်တော့်ဒယ်ဒီနှင့် သက်တ ရွယ်တူလောက်ရှိမည့် ဦးလေးကြီးတစ်ဦးက လှမ်းပြောလိုက်ပါသည် ထိုဦးလေးကြီးမှာ ဦးလင်းမောင်လွင်ဆိုသောသူပဲ ဖြစ်လိမ့်မည် ကျွန်တော်က ပြုံးပြရင်း ဘေးဘီကို မသိမသာအကဲခတ်မိတော့ 'ဟိုက် လို့တောင် ပြောရမလိုပင် ဖြစ်ပါသည်။

ဘာဖြစ်လို့လဲဆိုလျှင် ကျွန်တော့်ထက်အရင် လူငါးဦးခန့် ကြ ရောက်နေလို့ ဖြစ်ပါသည်။ ဒါ့အပြင် သတင်းစာကြော်ငြာထဲကအတိုင်း ရုပ်ရည်ရူပကာ တော်တော်လေးကိုဆိုးသူတွေ ဖြစ်နေပါသည်။ အသား မည်းမည်း မိုက်ရွဲရွဲနှင့်က တစ်ဦး၊ တစ်ယောက်က မျက်လုံးတစ်ဖက် ကိုမှိတ်ပြီး ညာဘက်လက် ကောက်နေသူက တစ်ယောက်၊ တစ်ယောက် ကျပြန်တော့ လူပုံကညှပ်ညှပ်၊ ပါးစပ်တစ်ခြမ်းက လေဖြတ်ထားလို့ ရွဲ့နေလား မသိ။ ကျန်တစ်ဦးကျတော့ ထိပ်က လုံးဝပြောင်နေပြီး မျက်နှာမှာ ဓားခုတ်ထားသည့်ဒဏ်ရာလို ကန့်လန့်ဖြတ်အမာရွတ်နှင့်



သူက တစ်ဦး၊ နောက်ဆုံးတစ်ယောက်ကျတော့ လက်တွေရော မျက်နှာ မှာပါ အမွေးအမှင်က အတော်နက်မှောင်သန်စွမ်းနေပြီး ဝက်ဝံကြီးတစ် ကောင်လိုမျိုး ဖြစ်လို့နေသည်။

ပပဝတီဆိုသော အမျိုးသမီးသာ သည်လိုလူတွေကိုတွေ့လျှင် မြင် တစ်ခါတည်း လန့်ဖျပ်သွားနိုင်လောက်သည်။ မလန့်ပါကလည်း သရဲဆို မကြောက်ဖို့က သေချာနေပါသည်။ ဘာဖြစ်လို့များ ဦးလင်း မောင်လွင်ဆိုသော လူကြီးက ဒါမျိုးစိစဉ်သလဲဆိုတာ မစဉ်းစားတတ် ပါ။

'ကဲ... အခုလာကြတဲ့သူတွေက သတင်းစာထဲက ကြော်ငြာ အရ လာကြတာဆိုတော့ ဦးကပဲ စပြောပါရစေ၊ ဦး ခန့်မယ့် အလုပ်သမားဟာ ဒီအိမ်မှာနေရမယ်၊ ဒီအိမ်ရဲ့ ဗာဟီရကိစ္စတွေ ပါ လုပ်ရမှာ၊ ဒီတော့ လုပ်နိုင်ပါ့မလား၊ အဓိကပြောရရင်တော့ ဦးရဲ့တစ်ဦးတည်းသော သမီးကို စောင့်ရှောက်ဖို့လည်း ပါပါ တယ်၊ အားလုံး ကြားပါတယ်နော်'

'ကြားပါတယ် ခင်ဗျ'

ကျွန်တော့်ထက် ကြိုရောက်နေသော ငါးယောက်စလုံးက ပြိုင် တူပြောကြပါသည်။ ကျွန်တော်က မပြောသဖြင့် ဦးလင်းမောင်လွင်က ကျွန်တော့်ကို စူးစမ်းသလို ကြည့်ရင်းက...

'ငါ့တူ မင်းက ဘာလို့ သူတို့ပြောသလို မပြောတာလဲ'

ကျွန်တော်က ဦးလင်းမောင်လွင်အား နားကို လက်ညှိုးနှင့်ထိုးပြ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'အကျယ်တကျယ်ပြောပါ၊ ကျွန်တော် နားမကြားရဘူး၊ နားလေးတယ်'

'ဟော… နားလေးတယ်၊ ဟုတ်လား'

ဦးလင်းမောင်လွင်က ကျွန်တော့်ကိုကြည့်ပြီး ရယ်ပါသည်။ ကျွန်တော်လည်း ရယ်ချင်နေပါသည်။ ဘာဖြစ်လို့လဲဆိုတော့ နားကကြားလျက်သားနှင့် မကြားချင်ယောင်ဆောင်ပြီး ပြောနေရလို့ ဖြစ်ပါသည်။

'ငါ့တူ မင်း ခဏနေဦး၊ သူတို့ကို မေးလိုက်ဦးမယ်'

'ဟုတ်ကဲ့ပါ'

ဦးလင်းမောင်လွင်က ကျွန်တော့်နားနားကပ် အော်ပြောပါသည်။ ကျွန်တော်က အလိုက်သင့် ပြန်ပြောပါသည်။ ထို့နောက် ဦးလင်းမောင်လွင်က ကျွန်တော့်ထက် ကြိုရောက်နေသူတွေကို အင်တာဗျူးပါတော့သည်။

ကျွန်တော်ကတော့ ဦးလင်းမောင်လွင် အင်တာဗျူးနေတာကို ကြည့်နေရင်းမှ အိမ်အခြေအနေကို အကဲခတ်နေမိပါသည်။ ယခုချိန်ထိ ပပဝတီဆိုသော အမျိုးသမီးကို မမြင်မိသေးပါ။ ထို့ပြင် ဦးလင်းမောင်လွင်၏ ဇနီးဖြစ်သူဆိုတာကိုလည်း မတွေ့ရ။ သို့သော် အိမ်ဧည့်ခန်းနံရံပေါ်မှာ ချိတ်ဆွဲထားသော ဓာတ်ပုံများကို ကြည့်မိသည့်အခါ ပပဝတီဆိုသော အမျိုးသမီး၏ အလှဓာတ်ပုံတွေက ပိုများနေသည်။ ပြောမည့်သာပြောတာ။ ပပဝတီဆိုသော အမျိုးသမီးက တော်တော့်ကိုလှပသည်ဆိုတာ ဓာတ်ပုံတွေကို ကြည့်ခြင်းဖြင့် အကဲခတ်လို့ရသည်။





ဦးလင်းမောင်လွင်ခများမှာလည်း သူ အင်တာဗျူးမေးနေသောသူတွေဆီမှ ကြားရသည့် အဖြေစကားသံတွေကို သိပ်ပြီးကျေနပ်ပုံမရ။ သူ့မျက်နှာအနေအထားက နည်းနည်းစိတ်ပျက်လက်ပျက် ဖြစ်လို့နေသည်။ အင်တာဗျူးခံရသူ ငါးဦးစလုံးက လစာကို ခပ်များများတောင်းသည်ကို ဦးလင်းမောင်လွင်က သဘောတူလက်ခံပုံ မရ။ နောက်ပြီး မိသားစုပါ သည်ခြံဝင်းထဲမှာ နေခွင့်တောင်းတာလည်း ပါသေးသည်။ သည်လိုဆို ကျွန်တော့်အတွက် အခြေအနေက တော်တော်ကောင်းဖို့များပါသည်။

'ငါ့တူ… မင်းနာမည်က ဘယ်သူလဲ'

ဦးလင်းမောင်လွင်က ရုတ်တရက် စကားသံကို နည်းနည်းကျယ်ကျယ်ပြောရင်း မေးလိုက်သဖြင့် ကျွန်တော် ဘယ်လိုပြန်ဖြေရမှန်းမသိဖြစ်သွားပါသည်။ ဒါကို ဦးလင်းမောင်လွင်က ကျွန်တော် နားလေး၍ မကြားဘူးထင်သွားလား မသိ။

'ငါ့တူ… မင်းနာမည်နဲ့ နေတာက ဘယ်မှာလဲ'

ဦးလင်းမောင်လွင်အသံက စောစောကထက် ပိုကျယ်ပြီး မေးလိုက်ပြန်ပါသည်။ ကျွန်တော်လည်း မထူးပါဘူး၊ စိတ်ထဲရှိသည့်နာမည်ပဲ ပြောလိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။

'ကျွန်တော့်နာမည် ချစ်စမ်းမောင်ပါ၊ နေတာက သာကေတမှာပါ၊ သာကေတ မာန်ပြေငါးလမ်းမှာ နေတာပါ'

ဦးလင်းမောင်လွင်က ကျွန်တော့်ဖြေဆိုချက်ကို ဘာမှပြန်မပြောဘဲ ကျွန်တော့်ကို ပြန်အကဲခတ်နေပါသည်။ ကျွန်တော် နည်းနည်းတော့



www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်သွားသည်။ ကျွန်တော် ဟန်ဆောင်လာတာ သိများသိသွားလား မသိပါ။

'ဒါနဲ့ မင်းပညာအရည်အချင်းကရော'

'ဦး နည်းနည်းကျယ်ကျယ်ပြောပါ'

ကျွန်တော်က မကြားချင်ယောင်ဆောင်ပြီး ပြောတော့…

'ဟုတ်ပြီကွာ… မင်းက နားလေးတာနဲ့တော့ ဟုတ်နေပြီပေါ့'

ဦးလင်းမောင်လွင်က သူ့စကားသူ သဘောကျပြီး ရယ်နေပါသည်။

'မင်း ကျောင်းနေဖူးလားလို့'

'ကျွန်တော် ကိုးတန်းထိ သင်ဖူးပါတယ်'

ကျွန်တော့်အဖြေစကားအဆုံး ဦးလင်းမောင်လွင်က ကျွန်တော့် အနီးအနားမှာ ရှိနေသည့် အလုပ်သမား လာလျှောက်သည့် လူငါးဦးကို ကြည့်လိုက်ရင်းမှ…

'မင်းတို့ လိပ်စာတွေ ဦး ယူထားပြီးပြီပဲ၊ တကယ်လို့ ခန့်ဖြစ် မယ်ဆိုရင် ဦး အကြောင်းကြား ဆက်သွယ်မယ်၊ ငါတူ မင်းက ခဏနေဦး'

ဦးလင်းမောင်လွင်က ကျွန်တော့်အား လက်ဟန်ခြေဟန်နှင့်ပါ ပြရင်းက ထိုင်နိုင်းပါသည်။ စောစောက လာလျှောက်သော လူငါးဦး ကတော့ အိမ်ထဲကနေ ထွက်သွားကြသည်။

'ဒီလို ငါတူရေ၊ သူတို့နဲ့က ဦးလိုချင်တဲ့ကိစ္စမှာ မဖြစ်ဘူး၊ အဓိကပြောရရင် သူတို့က အသက်ကြီးနေတယ်၊ မင်းကတ





တော့ အသက်ကလည်း ငယ်တယ်၊ အတန်းပညာလည်း အသင့် အတင့်ရှိတယ်၊ ဒါနဲ့ မိဘဆွေမျိုးသားချင်းရော ရှိလား'

'ဦးလေးနဲ့ နေတာပါ'

'ဒါဆို ပိုကောင်းတာပေါ့ကွာ'

ဦးလင်းမောင်လွင်က အိမ်နံရံပေါ်မှ ပပဝတီ၏ ဓာတ်ပုံများကို ကြည့်လိုက်ပြီး…

'ငါ့တူကို အလုပ်ခန့်လိုက်ပြီ၊ နက်ဖြန်ကစပြီး မင်းက ဒီမှာလာ နေပြီး အလုပ်ဝင်တော့၊ မင်းရဲ့ ဦးလေးကိုလည်း သေသေချာချာ ပြောပြ ဟုတ်လား၊ မင်း ရောက်လာမှ နေစရာရယ် ဘာလုပ်ရ မှာကို ပြောပြမယ်၊ ဦး ပြောတာကိုရော ကြားလား'

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

'မင်းက ဒီလိုကျတော့လည်း နားကမလေးပါလား'

'ဟုတ်ကဲ့… ကျွန်မတော့်နားက ကြားတဲ့အခါ ကြားပါတယ်'

'ဒါဆို မျက်မှန်တပ်ထားတော့ မင်းရဲ့မျက်လုံးတွေကရော သေ သေချာချာ မြင်ရရဲ့လား၊ တော်ကြာ ကားတွေဘာတွေ မောင်း လို့ မမြင်ရရင်ဖြင့် ခက်ပြီ'

ကျွန်တော် နည်းနည်းတော့ ချွေးပြန်လာပါသည်။ ဦးလင်းမောင် လွင် ကျွန်တော် ရုပ်ဖျက်အသွင်ပြောင်းလာတာကိုများ ရိပ်မိသွားသလား လို့ ကျွန်တော် စိုးရိမ်လာမိပါသည်။

'မျက်မှန်တပ်ထားတော့ အရာရာ ပိုသကြည်မြပြီး မြင်ရတာပေါ့ ဦးရာ'



www.burmeseclassic.com

www.burmeseclassic.com



ဦးလင်းမောင်လွင်က ကျွန်တော့်အဖြေစကားကို နားထောင်ရင်းမှ ကျွန်တော့်ကို အသေအချာ သူ့ရည်းစားအလား အကဲခတ်ရင်း...

'မင်းရဲ့ ရုပ်ရည်ရူပကာနဲ့ နာမည်က နည်းနည်းလွဲနေတယ်ကွ၊ ချစ်စမ်းမောင်ဆိုတဲ့ နာမည်က မင်းနဲ့ မလိုက်ဘူး၊ ဒီတော့ ဦးက မင်းက မင်းရုပ်ရည်နဲ့လိုက်အောင် နာမည်ပေးရမှာပဲ၊ ဘုရားဟော ကုသမင်းကြီးလိုပေါ့ကွာ၊ မင်းကုသလို့'

ကျွန်တော်က ဘာမှပြန်မဖြေပါ။ ဦးလင်းမောင်လွင်ကတော့ ကျွန်တော့်အား နာမည်ပေးရသည်ကိုပဲ အတော်ကျေနပ်သွားသည့် ထင်ပါ၏။

သူ့မျက်နှာမှာ ကျေနပ်မှု အမူအရာမျိုးတွေ ဖြစ်ပေါ်လို့နေပါသည်။

'ဒါဖြင့်ရင် ကျွန်တော့်ကို ခွင့်ပြုပါဦး၊ နက်ဖြန် ကျွန်တော် စလာခဲ့ပါ့မယ်'

'ဪ... အေး... အေး'

ဦးလင်းမောင်လွင်ကို နှုတ်ဆက်ပြီး ကျွန်တော် ထွက်လာခဲ့ပါသည်။ ဦးလင်းမောင်လွင်ကတော့ ဧည့်ခန်းက ဆက်တီဆိုဖာခုံမှာ ထိုင်ရင်း ကျန်ခဲ့ပါသည်။

*





ကျွန်တော်ကတော့ လမ်းတစ်လျှောက် ရှေ့လျှောက် ဘာတွေဖြစ်လာဦးမလဲလို့ တွေးနေမိပါသည်။

*

တော်ပါသေး၏။ ပပဝတီဆိုသော အမျိုးသမီးနှင့် မတွေ့ရလို့။ ရောက်ရောက်ချင်း သူမနှင့်တွေ့လို့ သူ့အဖေ မေးသလိုမျိုး လျှောက်မေးရင်ဖြင့် အလိမ်တွေပေါ် အရှက်တွေကွဲမှာစိုးလို့ပါ။

*

နက်ဖြန်မှာတော့ ပပဝတီနှင့် တွေ့ကိုတွေ့ရပါတော့မည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

အမှုမပဲ

ဘဝရဲ့

စာမျက်နှာတွေ

တသကြီးဖတ်ခဲ့ရမြီး

# ၁

သည်နေ့တော့ ကျွန်တော်၏စွန့်စားမှုကို ပထမဦးဆုံး စတင်ရသည့်နေ့ ဖြစ်ပါသည်။ တစ်သက်နှင့်တစ်ကိုယ် ကျွန်တော့်ဒယ်ဒီနှင့် တစ်ခါဖူးမျှ မခွဲဖူးပါ။

အခုတော့ ရက်ကြာကြာခွဲရပေဦးတော့မည်။ အိပ်တာ စားတာတွေလည်း အလုပ်သမားပီပီ နေရထိုင်ရ စာရမှာဆိုသဖြင့် လက်ရှိ ကျွန်တော့်ဘဝနှင့်က ပြောင်းပြန်ကြီးဖြစ်နေသည်။

'ဩော်… မင်းကုသ ရောက်လာပြီကိုး၊ လာဟေ့…'

ခရီးဆောင်အိတ်ဆွဲပြီး ခြံထဲသို့ဝင်လာသော ကျွန်တော့်ကို ဦးလင်းမောင်လွင်က ခြံထဲရှိ ခုံတန်းမှ သတင်းစာဖတ်နေရာမှ မြင်သွားပြီး သတင်းစာကိုချကာ ကျွန်တော့်ကို နှုတ်ဆက်ရင်း အိမ်ထဲသို့ခေါ်လာပါသည်။

'ကဲ… သမီးရေ၊ ဒီမှာ ဖေဖေ သတင်းစာကြော်ငြာကခေါ်ပြီးခန့်လိုက်တဲ့ အတွေတွေအလုပ်သမား ချစ်စဖွယ်မောင်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာလေ၊ သူ့ကို သူ့ပုံစံနဲ့လိုက်ဖက်အောင် ဖေဖေက မင်းကုသ လို့ ပေးထားတယ်'

မထင်ပါဘူး။ ဘာကြောင့်ပါပဲ။ ညော့်ခန်းက ဆက်တီခုံမှာထိုင်ရင်း သိုးမွေးထိုးနေတဲ့ ပပဝတီက ခတ်ပုံထဲကထက်ကို ပိုမိုလို့ ချောလှ ပ် သည်။

အသားအရေကလည်း အတော်လှသည်။ မျက်လုံး၊ မျက်ခုံး၊ ဆံပင်က ဘာမျှပြောစရာမရှိပါ။ ရယ်စရာပြောရရင် ပပဝတီက ပ ရက်စရာမရှိ။ အသကုန်လွတ်၍ လှနေပါသည်။

'ဖေဖေပေးတဲ့ နာမည်နဲ့ ကိုက်ပါတယ်၊ ဒီလောက်ဆိုးတဲ့ရုပ် မျိုး သမီး တစ်ခါမှ မတွေ့ဖူးဘူး'

စကတည်းက ယဥ်သလိုဆို ပပဝတီက ရောက်ရောက်ချင်း ကျွန်တော့်ကို စကားလုံးကြမ်းကြမ်းတွေနှင့် ကျွေးပြီလို့။

'ဒါ ဖေဖေ့အစီအစဥ်လေ သမီးရဲ့၊ ဘေးနားမှာ ကားမောင်းဖို့ သမီးကို ရည်းစားစကားပြောသူတွေကို ကာကွယ်ဖို့ ဒီအိမ်မှာ နေပြီး အိမ်ရဲ့ကိစ္စတွေကို ဝိုင်းလုပ်မယ့် သက်တူရွယ်တူ ရုပ် ချောချောဝန်ထမ်းမျိုးဆို ကြိုးချင်းထား ကြိုးချင်း ငြိ အိုးချင်းထား အိုးချင်း ထိ ဖြစ်ကုန်မှာပေါ့၊ ဒီလို ရုပ်ဆိုးတဲ့သူ ကျတော့ သမီးကို ရည်းစားစကားလည်း ပြောလို့မရဘူး၊ သမီး ကလည်း ကြိုက်မှာမဟုတ်ဘူးလေ'

ဦးလင်းမောင်လွင်၏ သဘောထားအမှန်ကို ကျွန်တော် ယခုမှပဲ သိရပါတော့သည်။





'ကဲ… မင်းကုသ၊ အခုချိန်ကစပြီး ဦးရဲ့သမီး ကိစ္စအဝဝကို မင်း တာဝန်ယူရတော့မယ်၊ သမီးကို ရည်းစားစကားပြောတာ ဘာတို့က ခဏခဏပဲ၊ ဒီတော့ မင်းက သမီးဘေးနားမှာ ရှိနေရင် တားသင့်တဲ့အခါ တားပါ၊ အိမ်မှုကိစ္စအဝဝကိုလည်း လုပ်နိုင်သမျှ လုပ်ပါ'

ဦးလင်းမောင်လွင်က လေသံခပ်ကျယ်ကျယ်နှင့် မှာတမ်းတွေ ချွေနေပါသည်။

'ဖေဖေကလည်းလေ ဘာဖြစ်လို့ ဒီလောက်အသံကျယ်ကျယ်နဲ့ ပြောနေရတာလဲ'

ဘာကိုမှ မသိသေးသဖြင့် ပပဝတီက ဦးလင်းမောင်လွင်ကို ခေးလိုက်ပါသည်။

'သူက နားနည်းနည်းလေးတယ်၊ သူ နားလေးတာကလည်း ဆန်းတော့ ဆန်းတယ်ကွယ့်၊ ကြားတဲ့အခါ ကြားတယ်၊ မကြား တဲ့အခါ မကြားဘူး'

'ဟင်… ဖေဖေက သမီးအတွက် ကားမောင်းဖို့ခေါ်ပေးတာ အိမ်အလုပ်လုပ်ဖို့ခေါ်ပေးတာကတော့ ဘယ်လိုကြီးလဲ မသိဘူး၊ နားက လေးဆိုတော့ သမီးပြောတာ ဘယ်လိုလုပ် သူကြားမလဲ၊ ဒီအထဲ မျက်မှန်က ပါဝါထူထူ တပ်ထားသေးတယ်ဆိုတော့ ပွဲကပြီးပြီ၊ ဒါတောင် သူ သွားခေါ်တာ မပါသေးဘူး'

ဦးလင်းမောင်လွင် စကားနားထောင်ပြီးနောက် ပပဝတီက ကျွန်တော့်ကို ရှေ့မှာထားပြီး စိတ်ပျက်သလို အလိုမကျသလိုမျိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို အပီဖွဲ့နေပါသည်။ သူ့မှာ လူလူချင်း မနှိမ်ချရဘူးဆိုသည့် နိတိကို မသိလေသလား မသိပါ။

'ကဲ... နောက်မှပြောချင်တာရှိတာ ပြောတော့ မင်းကုသရေ မင်းနေရမယ့် ကားဂိုဒေါင်နားက အဆောင်ကို ဦး လိုက်ပို့မယ် လာ...'

'ဟုတ်ကဲ့ပါ ဦး'

'ဒီက အစ်မလေး၊ ခွင့်ပြုပါဦး'

ကျွန်တော်က ဦးလင်းမောင်လွင်နောက်နေ လိုက်ပါရင်းမှ ပပဝတီကို နှုတ်ဆက်လိုက်ပါသည်။

'ကျွန်မကို အစ်မလေးလို့ မခေါ်ပါနဲ့၊ ရှင်နဲ့က သက်တူရွယ်တူပဲ၊ နာမည်ကို ခေါ်လို့ရတယ်'

ပပဝတီက လေသံမာမာနှင့် ပြန်ပြောပါသည်။ သူပြောသည့် လေသံတွေထဲမှာ မာနအရိပ်အငွေ့အချို့ ကျွန်တော် မြင်နေရသည်။

သေချာတာကတော့ ထိုမာနတွေ တစ်နေ့ကျရင်တော့ အရည်ပျော်ကို ပျော်ရပါလိမ့်မည်။

✲ ✲ ✲

ကျွန်တော် နေရမည့်အခန်းကို ကြည့်ပြီး ကျွန်တော် တော်တော် စိတ်ဓာတ်ကျသွားပါသည်။ အခန်းတစ်ခုလုံး ဖုန်တွေက များမှများ။ မထူးပါဘူးဆိုပြီး အခန်းကို တံမြက်စည်းနှင့် လှည်းလိုက်ရှင်းလိုက်နှင့် အချိန်ကုန်လို့ ကုန်သွားမှန်းပင် မသိ။





'ကိုမင်းကုသ... ဦးလေးက အိပ်ရာတွေပို့ခိုင်းလို့ လာပို့တာ၊ ပြီးရင် မနက်စာ ကျွန်မ လာပို့မယ်'

'သြော်... ဟုတ်ကဲ့'

ကျွန်တော်က နားလေးနေသည်၊ ကျယ်ကျယ်ပြောလို့များ ဦးလင်းမောင်လွင်က ပြောထားသလား မသိ။ အိမ်ဖော်အမျိုးသမီးက အသံကျယ်ကျယ်ဖြင့် အိပ်ရာတွေလာပို့ရင်းက ပြောပါသည်။

ကျွန်တော်လည်း မထူးတော့ပါဘူးဆိုပြီး အိပ်ရာလိပ်ကို ဖြန့်ခင်းပြီး သပ်သပ်ရပ်ရပ် ပြင်ဆင်ပါတော့သည်။

'ကိုမင်းကုသ ဒီမှာ ထမင်းချိုင့်နဲ့ ကိုမင်းကုသ စားဖို့ ပန်းကန်တွေ ဇွန်းတွေ၊ ရေချိုးဖို့ အဝတ်လျှော်ဖို့က ဒီအခန်းရဲ့ ခြေရင်းက သရက်ပင်အောက်မှာ ရေဘုံဘိုင်ရှိတယ်၊ ဆပ်ပြာတွေ ခွက်တွေ အဆင်သင့်ပဲ'

ကျွန်တော်က ဘာမှပြန်မပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။ သည်လိုအခန်းမျိုး သည်လိုစားရမည့် အနေအထားမျိုးအား ကျွန်တော့်ဒယ်ဒီ မြင်လို့ကတော့ ဘာပြောလေမည် မသိ။

✷

သရက်ပင်အောက်မှာရေချိုးနေရင်းမှ ပတ်ဝန်းကျင်ကို ကျွန်တော် အကဲခတ်ကြည့်တော့ ခြံဝင်းက တော်တော်ကျယ်တာပဲလို့။ သည်လို ခြံဝင်းထဲမှာ သစ်ပင်ပန်းမန် ကောင်းကောင်းစိုက်လို့ရတာ ဘာဖြစ်လို့ စိုက်ပျိုးသလဲလို့။



BURMESE CLASSIC .com
www.burmeseclassic.com

သည်ခွာတာကတော့ ကျွန်တော် နေမည့် လက်ရှိနေရာဖြစ်တော့ ကျွန်တော် ငါသနားပါသည့် စိုက်တာပျိုးတာတွေကိုတော့ လုပ်ရဦးမည်

ဒီမှသာ စိမ်းမြိမ်းစိုစိုနှင့် လှပလာမှာ

မြေတာလင်းဖြစ်နေတာထက်စာရင် ဟင်းခင်းစိမ်းစိမ်းလေးတွေ သစ်ဝင်ဝါးဝင်လေးတွေ ပေါက်ရောက်နေတာက ပိုပြီးတော့ စိတ် ကြည်နူးစရာပဲလေ။

* * *

ညက အိပ်ရာပြောင်းအိပ်ရသဖြင့် တော်တော်နှင့် ကျွန်တော် အိပ်မရ။ သည်လိုပုံစံမျိုးနှင့် ပပဝတီကို ကျွန်တော် ဘယ်လောက်များ ကြာကြာ အကဲခတ်ရဦးမည်လဲလို့ တွေးမိခဲ့သည်။ ကိုယ့်ဘာသာကိုယ် အလွယ်တကူ ခေါင်းညိတ်လို့ရသည့်ကိစ္စကို တမင်တကာ ခက်ခဲအောင် ကျွန်တော် လုပ်နေသလားလို့။ မတတ်နိုင်ပါ။ ကျွန်တော့်ဇာတ်ကိုတော့ ကျွန်တော် ပြီးအောင်တော့ လုပ်ရပါဦးမည်။

မထူးပါဘူးဆိုပြီး အိပ်ရာက ကျွန်တော်ထတော့ မနက်ခြောက် နာရီ ရှိပြီဖြစ်သည်။ ခြံဝင်းထဲက သရက်ပင်ကိုင်းဖျားတွေပေါ်မှာ ငှက်ကလေးတွေ နားငိုက်ပျံလိုက်နှင့် ရှိနေကြသည်။ ပပဝတီတို့ အိမ်ဘက် လှမ်းကြည့်တော့ ဘာအရိပ်အရောင်ကိုမှ မတွေ့ရ။ တစ် ယောက်မှ အိပ်ရာကမနိုးကြသေးဘူး ထင်ပါရဲ့။ ကျွန်တော်လည်း မျက်နှာမသစ်သေးဘဲ ဘုံမြက်စည်းကိုယူကာ ခြံဝင်းထဲ အမှိုက်လှည်း နေမိသည်။ အမှိုက်လှည်းပြီးသွားသောအခါ ရေဘုံဘိုင်နားမှာ ထောင်





ထားသော ပိုက်ကိုဖြန့်ပြီး ရှိသမျှအပင်တွေ ရေလောင်းနေမိသည်။ ပြီးတော့ လွတ်နေသော မြေပြင်ကိုပါ ရေဖျန်းပြီး ပေါက်တူးနှင့် မြေကြီး တွေကို ဆွလိုက်သည်။ သည်လို မြေကြီးကို ဆွထားလျှင် အပင်လေး တွေလေး စိုက်မည်ဆိုပါက အဆင်ပြေသည်။

မြေကြီးကို ပေါက်ဘူးနှင့် ဆွနေရင်းမှ နဖူးပြင်မှ ကျလာသော ချွေးများကို လက်နှင့်ဖယ်ချလိုက်သည်။ သည်လို ပင်ပန်းမှုမျိုးက ကျွန်တော့်အဖို့ အိမ်မှာလုပ်နေကျမို့ ရိုးနေပါပြီ။

'ဒီမှာ'

ရုတ်တရက် ပေါက်တူးနှင့် မြေကြီးတွေကို ဖွကောင်းနေတုန်း ကျွန်တော့်ကို နောက်ကနေ လှမ်းခေါ်သဖြင့် ကြည့်လိုက်သောအခါ ထမီကစားဝတ်စုံကို ဝတ်ထားသော ပပဝတီကို တွေ့ရသည်။

'ဘာပြောမလို့ပါလဲ ခင်ဗျာ၊ ကျွန်တော့်ကို ကျယ်ကျယ်ပြောပါ၊ နားမကြားရလို့'

ပပဝတီက ကျွန်တော့်လက်ရှိပုံပန်းသဏ္ဌာန်ကို မနှစ်မြို့သည့် အသွား ကြည့်ရင်းမှ…

'ဒီနေ့ အပြင်သွားစရာရှိတယ်၊ အိမ်ကကားကို ရေဆေးထားပါ'

'ဟုတ်ကဲ့ပါ'

နည်းနည်း အသံကို ကျယ်ကျယ်အော်ပြောသည့် ပပဝတီကို ကျွန်တော်က ခေါင်းညိတ်ပြဆိုရင်း ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေ သည်။

'နေပါဦး… ရှင်က မျက်စိမှုန်လို့ မျက်မှန်ပါဝါကို ဆယ်ထူထူ

www.burmeseclassic.com



တပ်ထားတာ၊ အခု ပေါက်တူးပေါက်ပြီး မြေဆွနေတာ ရှင်က မြင်ရလို့လား'

ပြုံးသနားကတော့ ရှာပတ်ပြီလို့။ ဘာဖြစ်လို့ မျက်မှန်တပ်ဖို့ ကျွန်တော် မေ့သွားရသလဲ မသိပါ။

'ဒါက ဒီလိုပါ ခင်ဗျာ၊ ကျွန်တော့်ရဲ့ အိပ်ရာက မျက်နှာသစ်ပြီး တံမြက်စည်းလှည်း၊ ပေါက်တူးပေါက်ဆိုတော့ မျက်မှန်ချွတ်ထားမိလို့ပါ၊ မြင်သလောက် အမြင်နဲ့ လုပ်နေတာပါ'

ဖြစ်ချင်ရာဖြစ်ဆိုပြီး မုသာဝါဒကို အတုံးလိုက်အတစ်လိုက် သုံးမိလိုက်ပါသည်။

'ဒါဆိုလည်း ပြီးရင် ကျွန်မ ခိုင်းထားတာ လုပ်ပါဦး'

ပပဝတီက ကျွန်တော့်အနားကနေ ထွက်သွားပါသည်။ စိတ်ထဲကနေ ကျွန်တော် ပြောမိပါသည်။ တော်တော်လေး စာနာစိတ်ကင်းမဲ့သည့် ပပဝတီလို့။

ဘယ့်နှယ်ဗျာ… မျက်နှာမသစ် ဘာမသစ်သေးဘဲနဲ့ အမှိုက်တွေလှည်းပေးရ၊ မြေကြီးပေါက်လို့ ပင်ပန်းတာ၊ မနက် အဆာပြေ ဘာမှ မစားရသေးသည့် ကျွန်တော့်ကို မုန့်ကလေးဘာလေး စားပြီးမှ လုပ်ခိုင်းလို့ ရသည့်ဟာကို။ ကျွန်တော်လည်း မထူးပါဘူးဆိုပြီး ပေါက်တူးနှင့် မြေကြီးတွေကို မသိမသာ ဆက်ဆွနေမိပါသည်။

✷





ပေါက်တူးကိုကိုင်ကာ မြေကြီးကိုဆွနေရင်းနှင့် ခြံထဲမှာ လှေကျင့်ခန်းလုပ်နေသည့် ပပဝတီကို မသိမသာ ခိုးကြည့်မိတော့ တကယ်ပြောလို့ပြောတာ မဟုတ်ပါ။ အမှန်အတိုင်း ဝန်ခံရလျှင် ပပဝတီက နံနက်ခင်းမှာ တစ်မျိုးလေး လှနေပါသည်။ တော်တော်ကြည့်လို့ကောင်းသည့် မြင်ကွင်းပါပဲ။ ဒါကြောင့်လည်း သူ့ကို ကြိုက်သူများတာနေမှာပါ။

မိန်းကလေးများ ဝတ်တတ်စားတတ်လို့ကတော့ အိပ်ရာထတာကောင် ကြည့်ကောင်းသလားဟုသာ မှတ်ချက်ချရပါတော့မည်။

✷

ယခုမှပဲ လုပ်စရာရှိတာ လုပ်ပြီးသွားသဖြင့် ရေမိုးချိုးပြီး အိမ်ဖော်အမျိုးသမီး လာပေးသော ထမင်းကြော်ကို စိမ်ပြေနပြေ စားနေမိသည်။ ခါတိုင်း သည်လိုအချိန်မျိုးဆိုလျှင် သည်လို ထမင်းကြော်မျိုးကို စားဖို့ဝေလာဝေး။ လက်ဖက်ရည်ဆိုင်ကောင်းကောင်းမှာ အေးအေးဆေးဆေး ကြိုက်တာမှာစားပြီး သူငယ်ချင်း မိုးဟန်နှင့်ထိုင်ပြီး လေကန်နေရုံပဲ။ ယခုတော့ ကိုယ့်အကြံအစည်နှင့်ကိုယ်ဆိုတော့ သည်လောက်တော့ခံရပါဦးမည်။

'တော်တော်ပင်ပန်းသွားပြီလား မင်းကုသရဲ့၊ မင်းကတော့ တော်တယ်ကွာ၊ တစ်မနက်တည်းနဲ့ ခြံထဲက အမှိုက်တွေကိုလည်းရှင်း၊ မြေပြင်ကိုလည်း ပေါက်တူးနဲ့ဆွထား၊ ကားတွေဘာတွေလည်း ရေဆေးတာ ပြောင်လက်နေတာပဲဟေ့'



www.burmeseclassic.com

www.burmeseclassic.com



ဦးလင်းမောင်လွင်က ကျွန်တော်ရှိနေရာသို့ ရောက်လာပြီး ပတ် ဝန်းကျင်အခြေအနေကို အကဲခတ်ရင်းက ချီးကျူးစကား ဆိုပါသည်။ သို့သော် သူ့ချီးကျူးစကားသံက နည်းနည်းအသံကျယ်လောင်နေပ သည်။ ကျွန်တော် နားလေးသည်ထင်လို့ သူက အသံကျယ်ကျယ်နှ ပြောတာပဲ ဖြစ်လိမ့်မည်။

'သြော်… ဦးဒလး ဟောဟို ဆွထားတဲ့မြေတွေက အလဟဿ ဖြစ်နေတာ၊ အိမ်ဆိုတာ ခြံကျယ်ဝင်းကျယ်ဆို သစ်ပင်ပန်းပေ စိမ်းစိမ်းစိုစိုလေးနဲ့မှ တင့်ဘယ်တာ၊ ပြီးတော့ မျက်စိလည် အေးတယ်၊ ဒီတော့ ကျွန်တော် အဲဒီ မြေကွက်လပ်မှာ စားပ သီးပင် ပန်းပင်လေးတွေ စိုက်ချင်တယ်'

ကျွန်တော်က စားနေသည့် ထမင်းကြော် ပန်းကန်ပြားကို ဘေး နားမှာချထားလိုက်ပြီး ပြောလိုက်သည်။

'ကောင်းတာပေါ့ မင်းကုသရဲ့၊ လုပ်ကွာ… ဦးတို့က ဒီလိုလု ပေးမယ့် ယောက်ျားသား မရှိတော့ ကိုယ့်စီးပွားရေးကိုယ်လုပ်ေ ရတော့ ဒါတွေ ထည့်မတွက်အားဘူးပေါ့ကွာ'

'ဒါဆိုရင် ဒီနေ့ လမ်းကြုံရင် မြေပဒေသာပျိုးဥယျာဉ်က မျိုးစေ့တွေ ကျွန်တော် ဝယ်လာခဲ့မယ်'

'ဝယ်ကွာ… လိုအပ်တဲ့ငွေ ဦးဆီမှာ လာယူ'

ဦးလင်းမောင်လွင်က ကျွန်တော်နေသည့် အခန်းကို မသိမသာ အကဲခတ်ပြီး ကျွန်တော့်အနီးအနားက ထွက်သွားသည်။

ကျွန်တော်ကတော့ ဟောဟို မြေကွက်လပ်မှာ ဘာအပင်စိုး



ချွင် ကောင်းမလဲလို့ စိတ်ကူးနေရင်း အခုချိန်ထိ ပပဝတီတို့မိခင် ဒေါ်ခင်သန္တာလင်းတစ်ယောက်ကို မတွေ့ရသေးပါ။ အဲဒီ အမျိုးသမီး ကြီးကရော ကျွန်တော့်ကို မည်ကဲ့သို့ ဆက်ဆံလေဦးမလဲဆိုတာ မပြော တတ်ပါ။

✷

သည်ခြံဝင်းထဲမှာ နေသမျှ ကာလပတ်လုံး ကျွန်တော့်အတွက် အရေးကြီးတာက ကျွန်တော် လုပ်ထားသမျှ အလိမ်တွေမပေါ်ရေးပင် ဖြစ်ပါသည်။

ထို့အတွက် ပိရိစွာ ကျွန်တော် နေရပါဦးမည်။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ချစ်တာကို ခံရမယ့်
အမျိုးသမီးကာရံဦးအတွက်
သူ ဘာပဲပြောပြော
ကိုယ့်နားနှစ်ဖက်က နားထောင်ပေးလိုက်ပါ။
ငှက်ဆိုးထိုးသံမှ မဟုတ်တာ
သာယာနာပျော်ဖွယ် ရှိပါရဲ့။

# ၈

အိမ်ကနေထွက်လာကတည်းက ကားမောင်းနေသော ကျွန်တော့်ကို ကားနောက်ခန်းမှ စီးလာသော ပပဝတီက သူ့သူငယ်ချင်းအိမ်ကို လိုက်ပို့နိုင်းဖို့ သွားရမည့်နေရာကို ပြောပြီး ဘာစကားတစ်ခွန်းမှ မဟတော့။

ကျွန်တော်လည်း ကိုယ့်အတွေးနှင့်ကိုယ် တွေးရင်း ကားကို မောင်းနေမိသည်။

ကားမောင်းနေရင်း ကားရှေ့မှန်လေးထဲကနေ ပပဝတီကို မသိသော ကြည့်မိသည့်အခါ မျက်နှာထားက ခပ်တင်းတင်းနှင့် တစ်လောကလုံး သူ့လုပ်စာစားရသည့်တိုင်းပင် ဖြစ်သည်။

'ရှေ့ကခြံပဲ'

ခြံတစ်ခြံရှေ့သို့ ရောက်သောအခါ ကားကို ထိုခြံထဲဝင်ဖို့ ပပဝတီက ကားနောက်ခန်းကနေ လှမ်းအမိန့်ပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ… ဒီမှာ လက်ဖက်ရည်သောက်မယ်၊ ဟာဗျာ… လက်ဖက်ရည်ဆိုင်သာ ဆိုတယ်၊ ဆိုင်းဘုတ်တွေ ဘာတွေလည်း တွေ့ပါလား'

ပပဝတီကို နည်းနည်းလေးတော့ ပညာပေးရဦးမည်ဟု ဆုံးဖြတ်ပြီး နားလေးချင်ယောင်ဆောင်သလိုနှင့် ကျွန်တော်က ပြန်ပြောပါသည်။

'ဒုက္ခပါပဲ… ဒီ နားလေးတဲ့သူကလည်း တစ်မျှောင့်၊ မဟုတ်ဘူး၊ အဲဒီ ခြံထဲကို ကားကွေ့လိုက်'

ပပဝတီက စိတ်မရှည်သလို ဖြစ်သွားရင်းမှ အော်ပြောလိုက်ပါသည်။

ကျွန်တော်ကတော့ မသိမသာ ပြုံးလိုက်ပါသည်။

ကားကို ခြံထဲအောင်းဝင်လိုက်ပြီး ဆင်ဝင်အောက်မှာ ထိုးရပ်လိုက်သည်။

'ပပဝတီ ငါ စီစီဝင်းတို့ ကြူကြူတို့ကိုပါ ဖုန်းဆက်ထားလို့ ငါလည်း သူတို့ကို ဒီလာဖို့ ဖုန်းဆက်ထားပြီးပြီ'

အိမ်ထဲကနေ အမျိုးသမီးတစ်ဦးက ထွက်လာရင်းမှ ပပဝတီကို လှမ်းပြောလိုက်ရင်းမှ ကားမောင်းသူ ကျွန်တော့်ကို မြင်သွားပါသည်။

'ဟဲ့… နင်က ဒရိုင်ဘာတွေနဲ့ ဘာနဲ့ပါလား၊ ဘယ်တုန်းက ခန့်လိုက်တာလဲ'

ပပဝတီကို ထိုအမျိုးသမီးက ကျွန်တော့်ကို စပ်စုသလိုမျိုး ကြည့်





ရင်းက သူ့မျက်နှာလေးက သံပရာသီးစားရလို့ ချဉ်သလိုမျိုး မျက်နှာက ရှုံ့တွသွားပါသည်။

'ဟဲ့… လာစမ်းပါဦး'

ကားနောက်ခန်းမှာ ထိုင်ပြီး ကားထဲက ဆင်းလာသော ပပဝတီကို ထိုအမျိုးသမီးက အတင်း ကားတံခါးဖွင့်ပြီး လက်ဆွဲခေါ်ပါသည်။

'ဘာလဲ အိအိခင်ရယ်၊ နင်ကလည်း'

'ပပဝတီ ငါ မေးပါရစေဦး၊ ဒီလူက ရုပ်ဆိုးလှချည်လား'

အိအိခင်ဆိုသော ထိုအမျိုးသမီးက အသံတိုးတိုးဖြင့် မေးနေသည်။

'ကျယ်ကျယ်ပြောလည်း ရတယ် အိအိခင်၊ သူက နားလေးတယ်'

'ဘာ… နားပါလေးသေးတယ်၊ ဟုတ်လား၊ အံ့ရောဟယ်… နင့်အဖေက ဘယ်လိုလုပ် သွားခေါ်ခါ မျက်စိမှုန်မှုန် နားလေးတဲ့ သူကို ဒရိုင်ဘာခန့်တာလဲ မသိဘူး'

အိအိခင်ဆိုသော အမျိုးသမီးက ကျွန်တော့်ကို ထပ်မံကြည့်ပြီး သားကို ကျယ်ကျယ်လောင်လောင်နှင့်ပြောတာကို ကျွန်တော် အတိုင်းသား ကြားနေရပါသည်။

ကျွန်တော့်ကို ဘေးနားထားပြီး သည်အမျိုးသမီးက ပြောင်ကျကျ နေတာပါ။

'ငါ့ဖေဖေက ငါ့ကို ရည်းစားစကား လိုက်ပြောတဲ့သူတွေများ



www.burmeseclassic.com

www.burmeseclassic.com



လို့ အကာအကွယ်ရအောင် ဒီလို ဒရိုင်ဘာကို ခန့်တာတဲ့ဟေ့

'ပပဝတီရယ်… ခန့်စရာရှားလို့ ဒီလို ရုပ်မလှ နားမကြားသူ မှ ခန့်ရလားဟဲ့'

'အိုအိုခင်ရေ… အဲဒါကလည်း ငါ့ရဲ့အဖေ အကြံပဲ၊ ဒရိုင်ဘာက ရုပ်ချောရင် ငါ့ကို သုတ်ပြေးမှာစိုးလို့တဲ့'

'ဒရိုင်ဘာကတော့ သုတ်ပြေးတာ မပြေးတာ အသာထား အောင်မြင့်ဇကတော့ နင့်ကို ရအောင်ယူမယ်တဲ့နော်၊ နင် သတိထားဦး'

ထိုစကားကြောင့် ပပဝတီ တစ်စုံတစ်ခုကို ဒေါသထွက်သလို မျိုး ဖြစ်သွားတာ ကျွန်တော် တွေ့လိုက်ရပါသည်။

'အဲဒါ နင်တို့ကြောင့် ပိုင်အိုးနီးယားကလပ်မှာ ငါ စော်ကားခံရတာ၊ ဒီတစ်ခါ သတ္တိရှိရင် အဲဒါမျိုးစမ်းကြည့်၊ ဝမ်းနိုင်းနိုင်နဲ့ တွေ့မယ်'

သည်နှစ်ယောက် မတ်တတ်ရပ် စကားပြောနေတာက ရင်တွင်း ဖြစ်တွေရော ကျွန်တော့်ကို ဝေဖန်နေတာတွေရော တော်တော်နှင့် ပြီးမည် မထင်။

ကျွန်တော် ကိစ္စရှိတာကို ကျွန်တော် လုပ်ရဦးမည်။ ကျွန်တော် ကားတံခါးကို ဖွင့်လိုက်ပြီး ဆင်းလိုက်ရင်းက…

'မပပဝတီ ဒီမှာ ကြာဦးမယ်ဆိုရင် ကျွန်တော် ကားယူပြီး မြေပဒေသာကျွန်းက ပျိုးဥယျာဉ် ပျိုးစေ့တွေ သွားဝယ်လိုက်ဦး မယ်၊ ပြီးမှ ကျွန်တော် ပြန်လာခေါ်မယ်'





ပပဝတီက ကျွန်တော့်စကားကြောင့် ကျွန်တော့်ကို မယုံသင်္ကာ ကြည့်သလို ကြည့်ရင်းက…

'မင်းကုသ ရှင်က မနေ့ကမှ ကျွန်မတို့အိမ် ပြောင်းလာတာဆို တော့ ရှင့်စာရိတ္တက ဘာလဲမသိဘူး၊ ဒီကားကြီးကို မောင်းပြေး ပြီး ခိုးရောင်းရင် ဘယ်လိုလုပ်မလဲ၊ နယ်စပ်မှာရောင်းလည်း ရတာပဲ၊ ဒီတော့ ရှင် သွားဝယ်ချင်သပဆိုရင် ကုန်းကြောင်း လျှောက် ဘတ်စ်ကားစီးသွားပြီးမှ ပြန်ဝင်ခေါ်'

ပပဝတီစကားကြောင့် ကျွန်တော် တော်တော်ရှက်သွားပါသည်။ ကျွန်တော့်ဘဝမှာ မိန်းမသားတစ်ဦးက အခြားမိန်းကလေးတစ်ယောက် ရှေ့မှာ သည်လို စကားနှင့် စော်ကားတာမျိုး တစ်ခါမျှ မကြုံဖူးပါ။

'ရပါတယ်ဗျာ… ကျွန်တော့်မှာ ငွေသာ မချမ်းသာရင် နေမယ်၊ ရုပ်ရည်ရူပကာ မလှပရင် နေမယ်၊ ကျွန်တော့်စာရိတ္တကတော့ မွေးရာပါကတည်းက ချမ်းသာပြီးသားပါ'

ထိုစကားကို ကျွန်တော်က ပပဝတီကို ပြောပြီး သူတို့အနီးနား ကနေ လှည့်ထွက်လာခဲ့သည်။

ပပဝတီနှင့် သူ့သူငယ်ချင်းဆိုတာကတော့ ကျွန်တော့်ကိုကြည့် ပြီး ဘာတွေပြောနေမလဲဆိုတာ ကျွန်တော် မသိချင်တော့ပါ။

✷



www.burmeseclassic.com

www.burmeseclassic.com



လူ့လောကကြီးမှာ နိမ့်ကျသူတွေကို ဘာဖြစ်လို့ မြင့်မားသူတွေက အလွယ်တကူ ကောက်ချက်ချဆွဲပြီး သိမ်ဖျင်းညစ်နွမ်းလိုစိတ်ဖြစ်အောင်လုပ်တာ ဘယ်သူ့ကစခဲ့လေသလဲ မသိပါ။

နွမ်းပါးတိုင်း စာရိတ္တချို့ယွင်းပါသလော။

ချမ်းသာကြွယ်ဝပြီး စာရိတ္တ အကျင့်သိက္ခာ ချို့တဲ့သူတွေ လက်ညှိုးထိုးပြလို့ရပါသည်။ တစ်နေ့ ပပဝတီ သဘောပေါက်လာပါလိမ့်မည်။

* * *

ယခုဆိုလျှင် ကျွန်တော် ပြုစုပျိုးထောင်ထားသော အပင်ငယ်လေးများ သစ်ပင်ပန်းမန်ကလေးများ အနည်းငယ်ကြီးထွားလာသဖြင့် ကျွန်တော် အကျေနပ်ကြီး ကျေနပ်လို့နေပါသည်။ ပပဝတီတို့ အိမ်သို့ ကျွန်တော် ရောက်ခဲ့သည်မှာ အချိန်ကာလအားဖြင့်ကလည်း တစ်လ ရှိလာပါပြီ။

သို့သော် ပပဝတီကတော့ ကျွန်တော့်ကို အလုပ်သမားတစ်ယောက်လိုသာ ဆက်ဆံဆဲဖြစ်သည်။ သည်အမျိုးသမီးနှင့် သူမ သွားလာရာ လိုက်ပို့လေတိုင်း ကျွန်တော့်ကို ဘယ်တော့မှ မျက်နှာသာ မပေး။

အလုပ်ရှင် အလုပ်သမား ခွဲခြားသလိုမျိုး ဆက်ဆံပါသည်။ ဒါ့ကလည်း သူက လူတကာကြိုက်ခံရသူ အမျိုးသမီး၊ သူ့အမြင်





မှာ ကျွန်တော်က ရုပ်ဆိုးဆိုး နွမ်းပါးသည့် အလုပ်သမား၊ သည်တော့ ရှိမှာပေါ့။

သို့သော် ဦးလင်းမောင်လွင်နှင့် ဒေါ်ခင်သန္တာလင်းကျတော့ ပပဝတီလို မဟုတ်။

နွေးထွေးပျူငှာစွာ ဆက်ဆံသည်။

ထို့ပြင် တစ်လဆိုသော အချိန်ကာလအတွင်းမှာ ကျွန်တော့်ဒယ်ဒီ ဦးတင်ထွတ်ခမျာ ကျွန်တော့် ကို ဘယ်လောက်တောင် လွမ်းလေမလဲ သိ။

စိတ်လည်း ဘယ်လောက်တောင် ပူနေမလဲ မသိ။ ကျွန်တော်ဘာ မိဘနေရာ မရောက်သေးပေမယ့် ဒယ်ဒီနေရာကနေ ဝင်ခံစားနိုင်ပါသည်။

ပပဝတီဆိုသော အမျိုးသမီးတစ်ယောက်ကို မာနတွေ ခဝါချနိုင်ဖို့တာကျတော့ ကျွန်တော် အတော်ကြိုးစားရပါဦးမည်။

*

အပင်လေးတွေ ရေလောင်းရင်း ဟိုအကြောင်း ဒီအကြောင်း တွေးစားနေသော ကျွန်တော် နားထဲမှာ ခြေသံတွေကြားသဖြင့် လှည့်ကြည့်သောအခါ ပပဝတီနှင့် ဒေါ်ခင်သန္တာလင်းတို့ ဖြစ်လို့နေပါသည်။

'ဒေါ်ဒေါ် ဘာကိစ္စရှိလို့လဲ'

'သြော်… မောင်မင်းကုသရေ၊ ညနေ ရွှေတိဂုံဘုရား သွားမလို့



www.burmeseclassic.com

မိုးချုပ်မှပါ၊ တော်ကြာ မင်းက အလုပ်အားပြီဆိုပြီး အပြင် သွားနေမှာစိုးလို့'

'ရပါတယ် ဒေါ်ဒေါ်၊ ကျွန်တော် အပြင်မသွားပါဘူး'

ရေလောင်းနေသော ရေပုံးကို ဘေးနား ချသားရင်းမှ ကျွန်တော်က ပြန်ဖြေလိုက်ပါသည်။

ဒေါ်ခင်သန္တာလင်းက ကျွန်တော် စိုက်ပျိုးထားသော အပင်ငယ်လေးများကို ကြည့်လိုက်ရင်းက...

'ဒါနဲ့ ဘာပင်တွေလဲကွယ့်၊ ဒေါ်ဒေါ်လည်း မင်း အပင်တွေ စိုက်ကတည်းက မေးမယ် မေးမယ်နဲ့ မမေးမိသေးဘူး'

'အစုံပါပဲ ဒေါ်ဒေါ်၊ ဟိုဘက်က အပင်တွေက ဘုရားတင်လို့ရတဲ့ ဘုရားပန်းပင်တွေပါ၊ လအနည်းငယ်နဲ့ ပန်းပွင့်တယ်လေ ဘုရားပန်းဖိုး သက်သာတာပေါ့၊ ပြီးတော့ ဒီဘက်က အပင်က ဂေါ်ဖီပင်တွေရော ခရမ်းသီးပင်တွေရော ကြက်ဟင်းခါးသီးပင်တွေရော ရေတိုစိုက်လို့ရပြီး အသီးမြန်တဲ့ အပင်တွေပါပဲ'

'ဟယ်... ဒါဆို အစုံပဲပေါ့'

ဒေါ်ခင်သန္တာလင်းက ဝမ်းသာအားရ ပြောပါသည်။

'ဒေါ်ဒေါ်တို့ခြံရဲ့ မြေအနေအထားက အပင်စိုက်လို့ကောင်းတယ် ဒါပေမဲ့ နှစ်ရှည်ပင်မျိုးကျတော့ မကောင်းဘူး၊ ဒေါ်ဒေါ်ရဲ့မြေသားက နည်းနည်းပျော့တယ်၊ ဒါကြောင့် နှစ်တိုတစ်ရာသီချင်း ခံတဲ့ အပင်မျိုးတွေ စိုက်တာ'

'မောင်မင်းကုသရယ်... ဒေါ်ဒေါ် မထင်ဘူး၊ မင်း ဒီလိုမျိုး ရှင်းပြတတ်မယ်လို့၊ ဒေါ်ဒေါ်တို့ ဒီခြံမှာနေတာ သမီးတစ်သက် ရှိပြီ၊ ကိုယ့်ခြံရဲ့ မြေအမျိုးအစားဟာ ဘာမှန်းမသိဘူး'

ဒေါ်ခင်သန္တာလင်းကတော့ ကျွန်တော့်အား အမှတ်တွေ အပြည့်ပေးနေပါသည်။

သည်မှာပဲ...

'အို... မေမေကလည်း၊ သီးပင်စားပင်အတွက်က ဘာလို့လဲ၊ ဈေးမှာဝယ်စားလည်း အလွယ်တကူရတာပဲ၊ ဘုရားပန်းလည်း ဘာလိုလဲ၊ စူပါမားကက်တွေမှာ ကြိုက်တဲ့ပန်းကမ်မလား၊ အလုပ်ရှုပ်ကရှုပ်နဲ့၊ ဟင်း...'

ပပဝတီက ကျွန်တော့်ကို မကျေနပ်သလိုမျိုး မျက်စောင်းထိုးလိုက်ရင်းက အသိပေးဖန်ပါတော့သည်။ သည်မိန်းမကို နည်းနည်းတော့ ပြန်လည်ဝေဖန်ရမည်လို့။

'မှန်ပါတယ် ပပဝတီ၊ ကျွန်တော် အခု စိုက်တာတွေက ဈေးရော စူပါမားကက်မှာပါ ဝယ်လို့ရပါတယ်၊ ဒါပေမဲ့ လူတစ်ယောက် စိုက်ပျိုးထားတဲ့ အသီးအနှံနဲ့ ဈေးမှာဝယ်စားရတဲ့ အသီးအနှံ ကွာပါတယ်၊ အဲဒါကတော့ လူက သူ့ရဲ့လုပ်အားခွန်အားနဲ့ သူ့ချွေးတွေနဲ့ စိုက်ပျိုးထားတဲ့ သူ့ရဲ့အပင်တွေမှာ မျှော်လင့်ခြင်းဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့အတူ အဲဒီသူ စိုက်တဲ့ အပင်က ဘယ်လိုအသီးအနှံတွေက ဖွံ့ဖွံ့ထွားထွားနဲ့ လူတွေ စားကြဖို့ သီးလာမလဲ နေ့စဉ် သူ့ခွန်အားကို အသုံးချရင်း မျှော်လင့်နေရတဲ့ ကြည်နူးမှုမျိုးချင်းက ကွာပါတယ်၊ ဒါကို







www.burmeseclassic.com

www.burmeseclassic.com



အပင်စိုက်မှ သိတာပါ၊ တရုတ်စကားပုံ ရှိပါတယ်၊ အသက်ရှည်ချင်လျှင် အပင်စိုက်ပါတဲ့'

ဖြစ်ချင်တာဖြစ်ဆိုပြီး ကျွန်တော်က ပြောချလိုက်သည်။ ပပဝတီက ကျွန်တော့်ကို အံ့ဩသလိုကြည့်ရင်း…

'နေပါဦး… ရှင်က ကိုးတန်းလောက်ပဲတက်တယ် ပြောတယ်၊ ရှင်ပြောနေတာတွေက ကိုးတန်းအသိ မဟုတ်ဘူး'

ကျွန်တော့်စိတ်ထဲကနေ 'သေပြီ ဆရာ' လို့ ကျွန်တော် ပြောမိပါသည်။ ကျွန်တော်ပြောတာတွေက နည်းနည်းများသွားပြီလို့။

'ဒါကတော့ ဘဝအသိကြောင့်ပါ၊ တက္ကသိုလ်ကြီးတွေက ပညာအသိကို ပေးပါတယ်၊ ဘဝအသိကတော့ ဘဝထဲမှာ ကျင်လည်မှ ရတာပါ'

'မှန်တာပေါ့ ငါ့တူရယ်၊ ဒေါ်ဒေါ် မင်းကို မသိမသာ အကဲခတ်ပါတယ်၊ မင်းရဲ့ နေပုံထိုင်ပုံ ပြုမူပုံတွေက ဘဝအကြိတ်ကြောင့် မင်းဟာ ရုပ်ရည်မလှတာပဲ ရှိတယ်၊ နည်းနည်း လူကြီးလူကောင်းပုံစံ အမျိုးကောင်းမိဘက ဆင်းသက်လာသလိုမျိုးပဲ၊ ဒီဘဝမှာ အကျင့်သီလကောင်းအောင်သာ ဆောက်တည်ကွယ်'

မတတ်နိုင်ပါ။ ကျွန်တော့်မျက်နှာကို ရုပ်ဘယ်လိုပဲဖျက်ဖျက် ကျွန်တော်၏ ပုံမှန်နေပုံထိုင်ပုံ အပြုအမူကိုတော့ ကျွန်တော် မပြောင်းလဲနိုင်ပါ။ ယုတ်ညံ့ရမည့် အကျင့်သီလကိုတော့ ဟန်လည်းမဆောင်နိုင်ပါ။ ဘဝမှာ အကျင့်သိက္ခာသည်သာ မရှိမဖြစ် အရာလို့ ကျွန်တော် ခံယူထားသည်။



'ဒါနဲ့ နေစမ်းပါဦး၊ ရှင်က မေမေနဲ့ရော ကျွန်မနဲ့ကိုပါ ပြောနေဆိုနေတော့လည်း ရှင့်နားက အကုန်ကြားရပါလား'

ကျွန်တော် ချွေးပြန်ချင်လာပါပြီ။ မေးခွန်းတွေက တစ်ခုပြီး တစ်ခု။ ပပဝတီ မေးမှဖြင့် အလိမ်ပေါ်တော့မှာမို့ပါ။

'ဒါကတော့ တစ်စုံတစ်ရာကို အာရုံစိုက်လို့ပါ၊ အာရုံက တစ်ခုတည်းမှာဆိုတော့ နားက ကြားသလိုဖြစ်လို့ပါ'

'ဒါဆိုလည်း ပြီးရော၊ ကဲ… မေမေ သွားမယ်၊ မင်းကုသ အလုပ်ပျက်နေဦးမယ်'

ပပဝတီကို ရှိခိုးမတ်တတ် ကျေးဇူးတင်မိပါသည်။ သည်မှာသာ ဆက်ရှိနေလျှင် အလိမ်တွေက နည်းနည်းချင်း ပေါ်သွားနိုင်ပါသည်။

✷

ပြောချင်ပါဘူးဗျာ။ ပပဝတီက ကျွန်တော့်ကိုသာ အထင်မကြီးဘာ။ သူမ၏ ကျွန်တော့်အပေါ် မေးခွန်းထုတ်ပြောဆိုသည့် စကားသံတွေက ရုပ်ရည်နှင့်လိုက်ဖက်အောင် ချိုသာလွန်းလှပါသည်။

အဲဒါ ဘာဖြစ်လို့လဲဗျာ။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com

အချစ်အတွက်ဆိုရင်တော့
နေ့ဟာ
ညအိကို ဦးတည်ပေးမှာပေါ့။

၉

လမင်း၏ အလင်းရောင်က ရွှေတိဂုံဘုရားကို လွှမ်းခြုံထားသဖြင့် အာရုံခံတန်ဆောင်းကနေ ဖူးမြော်ရသည့်မှာ အလွန်ကို သပ္ပာယ်ကြည်ညိုဖွယ် ကောင်းလှပါသည်။ ကျွန်တော့်မှာ ရွှေတိဂုံဘုရား တည်ထားရာ ရန်ကုန်မြို့တွင် နေထိုင်ပြီး သိပ်အရောက်အပေါက် မရှိလှ။ ယခုမှ ကိုယ့်ဘာသာကိုယ် ရှက်နေမိပါသည်။ ကျွန်တော်ကသာ ရွှေတိဂုံရင်ပြင်တော်ပေါ်ကို မရောက်တာသာ ရှိမယ်။ အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေကတော့ နေ့စဉ်လိုလို ရောက်ရှိနေသည်။ အခုတော့ ကျေးဇူးတင်ရတမ်းဆို ပပဝတီတို့အမေ ဒေါ်ခင်သန္တာလင်းကို ကျွန်တော်က ကျေးဇူးတင်ရပါဦးမည်။

သူ့ကြောင့် ဘုရားဖူးရလို့ပါ။

ထို့အပြင် ပပဝတီကိုလည်း နည်းနည်းတော့ ချီးကျူးချင်ပါသေးသည်။

ဘာကြောင့်လဲဆို သူ့နေရာနှင့်သူ ဝတ်တတ် စားတတ်မှုကြဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ အခု ဘုရားဖူးလာတာ ရိုးရိုးယဉ်ယဉ်နှင့် ဝတ်တော့လည်း သူ့ဘင်ကိုအလှက ပိုမိုပေါ်လွင်လို့နေပါသည်။ ကျွန်တော် အကဲခတ်မိသလောက် ပြောရလျှင် ပပဝတီ ဘုရားရှိခိုးနေတာကို ဖြတ်သွားဖြတ်လာ ဘုရားဖူးယောကျ်ားသား ကျွန်တော့်လိုအရွယ်တွေက မသိသာ ကြည့်ကြည့်သွားတာမျိုး မြင်ရလို့ဖြစ်ပါသည်။

ထို့ပြင် အပျိုစင် မိန်းမသားတစ်ဦး ဘုရားရင်ပြင်တော်ပေါ်မှာ ချက်စိနှစ်လုံးမှိတ်ပြီး ပုတီးစိပ်နေတာမျိုးကိုလည်း ကျွန်တော် တစ်ခါဖူးမျှ မမြင်ဖူးပါ။ အခုမှ ဘုရားရင်ပြင်တော် အာရုံခံတန်ဆောင်းကနေ ပပဝတီ ပုတီးစိပ်နေတာကို ကျွန်တော် မြင်ဖူးခြင်းဖြစ်ပါသည်။ သည်လိုမျိုးတော့လည်း ပပဝတီမှာ အလှဂုဏ်မာန ဘာမျှမရှိဘဲ ပကတိဖြူစင်နေသလိုပင် ဖြစ်ပါသည်။

ပပဝတီတို့အမေ ဒေါ်ခင်သန္တာလင်းကတော့ ကျွန်တော်က ပပဝတီကို အငမ်းမရကြည့်နေတာကို မရိပ်မိဘဲ ကျွန်တော့်အနီးနားမှာ ထိုင်ရင်းက ရွှေတိဂုံစေတီတော်မြတ်ကို လက်အုပ်ချီပြီး ပါးစပ်က ပရိတ်ရွတ်လို့ နေပါသည်။

ကျွန်တော် စဉ်းစားမိပါသည်။ လူတိုင်းမှာ ကိုးကွယ်ယုံကြည်မှုက လူ့ဘဝမှာ မည်မျှ အရေးပါသလဲလို့။

ကိုးကွယ်ယုံကြည်ရာ ဘာသာတရားမရှိလျှင် ကျွန်တော်တို့ လူ့ဘောင်ကြီး ဘာဖြစ်သွားလေမလဲလို့။

*





ကားကို Hot Pot ဆိုင်ဝင်းထဲသို့ မောင်းဝင်လိုက်သည့်အခါ "ချွေကောင်း" Hot Pot ဆိုင်ရှေ့မှာ ကားတွေက အစီအရီနှင့် အလျှုပေးနေလို့ လာစားနေသလား ထင်ရပါသည်။

ရွှေတိဂုံဘုရားက အပြန်မှာ ပပဝတီက အိမ်မှာ ထမင်းမစားတော့ဘဲ Hot Pot စားမည်ဟု ပြောသောကြောင့် ဖြစ်ပါသည်။

လွတ်သည့်နေရာမှာ ကျွန်တော်က ကားကို ပါကင်ထိုးလိုက်ပါသည်။ ကားပေါ်ကနေ ဒေါ်ခင်သန္တာလင်းက အရင်ဆင်းပါသည်။

'မောင်မင်းကုသ မင်းပါ အဒေါ်တို့နဲ့ တစ်ခါတည်းဝင်စား'

'နေပါစေ ဒေါ်ဒေါ်၊ မသင့်တော်ပါဘူး၊ ကျွန်တော် ကားထဲကပဲ စောင့်ပါ့မယ်'

ကျွန်တော်က ငြင်းပါသည်။

'မေမေကလည်းလေ... ကျွေးစရာလား၊ သူ့ဟာနဲ့သူ တန်ရာတန်ရာပဲ စားပါစေ၊ တော်ကြာ ကြိုက်သွားလို့ ဝယ်မစားနိုင်ရင် ဘယ်လိုလုပ်မလဲ'

ကားပေါ်ကနေ ဆင်းလာသော ပပဝတီက မနှစ်မြို့သည့်လေသံဖြင့် ဒေါ်ခင်သန္တာလင်း၏ စကားကို အပြင်းအထန် ကန့်ကွက်ပါသည်။

'ပပဝတီ ပြောတာ မှန်ပါတယ်၊ ဒါကြောင့်လည်း ကျွန်တော် ငြင်းတာပါ'

'သမီး ကိုယ့်အလုပ်သမားကို ဒီလိုမပြောပါနဲ့ကွယ်၊ ဘစ်ဖက်သားကို ဒီလို မောက်မာတဲ့စကားမျိုး မေမေ့ရှေ့မှာ ဘယ်တော့မှ မပြောနဲ့'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်သန္တာလင်း စကားကြောင့် ကျွန်တော် ကြည်နူးကျေနပ်သွားပါသည်။ ကျွန်တော့်ဆီမှာ ကျွန်တော့်မေမေသာ သက်ရှိထင်ရှားရှိမည်ဆိုလျှင် ဒေါ်ခင်သန္တာလင်း အရွယ်လောက် ရှိပါလိမ့်မည်။ သည်သို့မျိုး ပပဝတီက ပြောသည့်စကားကို ကျွန်တော့်မေမေသာ မြင်ရလျှင်ဖြင့် ရင်ကျိုးမှာ အမှန်။ ကျွန်တော့်ဒယ်ဒီကတော့ ကျွန်တော့်ကို သက်ညှိုးငေါက်ငေါက်ထိုးပြီး ကိုယ့်အနေအထားနှင့် ကိုယ့်ဒုက္ခ ကိုယ်ခံသည့်ကောင် ခံလို့ ပြောမှာပါ။

'အချိန်တွေ ကြာပါတယ် ဒေါ်ဒေါ်ရာ၊ မပပဝတီ ဗိုက်ဆာနေပါလိမ့်မယ်၊ စားမှာသာ စားပါ'

ကျွန်တော်က အကြောက်အကန် ငြင်းတော့မှပဲ ဒေါ်ခင်သန္တာလင်းက လက်လျှော့ပြီး ဆိုင်ထဲဝင်သွားပါသည်။ ပပဝတီကတော့ နောက်ကနေ တစ်လောကလုံး သူ့လုပ်စာစားရသည့်အလား မျက်နှာထားမျိုးနှင့် နောက်ကနေ လိုက်ပါလို့။

စောစောတုန်းက ဘုရားရင်ပြင်တော်ပေါ်မှာ မြင်ရသည့်အနေအထားမျိုးနှင့်က တခြားစီ။

✷

လူလူချင်း အလှမာန၊ ဂုဏ်မာန အဆင့်အတန်း ခွဲခြားချင်သော ပပဝတီကို အမှန်တွေ သဘောပေါက်ဖို့ ကျွန်တော် ကြိုးစားရပါဦးမည်။

✲ ✲ ✲





သည်နေ့ တနင်္ဂနွေနေ့မို့ ကျွန်တော် အနားရပါသည်။ သည်အိမ်ကိုရောက်တာ နှစ်လနီးပါးခန့် ရှိပြီဖြစ်သည်။ ကျွန်တော့်အိမ်ကို တစ်ခေါက်တလေမှတောင် မပြန်ဖြစ်သေး။ ကျွန်တော် ကိုင်နေကျ ဟမ်းဖုန်းကို အိမ်မှာထားခဲ့သဖြင့် ကျွန်တော့်ဒယ်ဒီနှင့် ဖုန်းတောင်မဆက်ဖြစ်။ သည်နေ့တော့ ဦးလင်းမောင်လွင်တို့ကို ခွင့်တောင်းပြီး သာကေတအိမ်ကို ပြန်ရဦးမည်ဆိုပြီး လိမ်လည်ခွင့်တောင်းရပါဦးမည်။

ရယ်တော့ ရယ်ရပါသည်။ ကျွန်တော့်မှာ နှစ်လစာ လုပ်ခငွေခြောက်သောင်းရှိသဖြင့် ကျွန်တော့်ဒယ်ဒီကို ကျွန်တော့်လုပ်အားခငွေ ပေးလျှင်ဖြင့် ဒယ်ဒီက ရယ်နေမလား မသိ။ အိမ်မှာ ပိုက်ဆံကို သုံးချင်သလောက် သုံးနေရသည့်ဘဝက သည်ငွေခြောက်သောင်းက ရယ်စရာမျိုး ကျွန်တော့်ဘဝမှာ ဖြစ်နေပါသည်။

ဦးလင်းမောင်လွင်က ကျွန်တော့်အိမ်ထဲ ဝင်လာသောအခါ မဂ္ဂဇင်းကို ဖတ်နေပါသည်။

'ဦး ခင်ဗျာ၊ ဒီနေ့ည ဒီမှာ ကျွန်တော် မအိပ်ဘူး၊ သာကေတ ပြန်အိပ်မယ်၊ ကျွန်တော့်ဦးလေးကို မတွေ့ရတာ နှစ်လတောင် ရှိပြီ'

'ပြန်ပေါ့ကွ… ရတယ်၊ ဟုတ်တာပဲ… ကိုယ့်ဦးလေးကို ရထားတဲ့လစာငွေထဲကလည်း ပေးဦးနော်၊ နက်ဖြန် နေ့လယ်တော့ ရောက်အောင်ပြန်လာ'

'ဟုတ်ကဲ့ပါ ဦး'

ကျွန်တော် အိမ်ထဲကပြန်ထွက်ခါနီးမှာ အိမ်ပေါ်ထပ် လှေကားထား



www.burmeseclassic.com

www.burmeseclassic.com



ကနေ ပပဝတီ ဆင်းလာပါသည်။ လက်ထဲမှာလည်း ကြက်တူရွေး လှောင်ချိုင့်တစ်ခုကို ကိုင်ထားပါသည်။ လှောင်ချိုင့်ထဲမှာ ကြက်တူရွေးတစ်ကောင် ရှိနေပါသည်။

'သမီး ရွှေခဲကို ဘာလုပ်မလို့လဲ'

'မေမေရာ ရွှေခဲ ဘာဖြစ်မှန်း မသိပါဘူး၊ အစားလည်း မစားဘူး၊ အဲဒါနဲ့ တိရစ္ဆာန် ဆရာဝန် ပြမလားလို့'

'ဟ… ဒါဆို နေဦး၊ မင်းကုသက ဒီနေ့ အိမ်ပြန်မှာ၊ တိရစ္ဆာန်ဆေးကုခန်းကို ကားမောင်းပို့ပြီးမှ သွားခိုင်းရမှာပဲ'

ကျွန်တော့်အဖို့ သူတို့သားအဖနှစ်ယောက် စကားပြောတာကို နားထောင်ရင်း ကြက်တူရွေးကို သည်အိမ်မှာမွေးထားတာ လုံး၀ ကျွန်တော် မသိ။

'မင်းကုသရေ… ကြက်တူရွေးက အစာမစားလို့တဲ့ကွ၊ အဲဒါ ဆေးခန်းသွားပြမလို့၊ မင်း ကားလိုက်မောင်းပေးလိုက်ပါဦး၊ ငါ့သမီး ပပဝတီက ဒီကြက်တူရွေးကို ဘယ်လောက်ချစ်သလဲဆို သူ့အခန်းထဲမှာ မွေးထားတာဟ'

ဦးလင်းမောင်လွင်က ကျွန်တော် နားမကြားဘူးထင်သည့်အနေနှင့် အော်ပြောပါသည်။ ပိုက်ဆံရှိသည့်လူများ အလုပ်မရှိ အလုပ်ရှာပြီလို့။ ကျွန်တော် သိထားတာတွေ လျှောက်ပြောတာ အလိမ်တော့ ကြောင်ရေချိုးပေးသလိုမျိုး ချဲ့ကြတာ။ ကျွန်တော် ပြုံးမိပါသည်။ ဘာကြောင့် ကြက်တူရွေး အစာမစားသလဲဆိုတာ တော်တော်သဘော မပေါက်တဲ့ ပပဝတီ။

'ဒီကြက်တူရွေး အစာမစားတာ တိရစ္ဆာန်ဆရာဝန်ပြဖို့ မလိုပါဘူး၊ ဒါနဲ့ ကြက်တူရွေးက အသီးလား အမလား'

'ထီးထီး မမ ရှင်က ဘာသိလို့လဲ'

အရေးထဲ ပပဝတီက ကျွန်တော့်ကို ဘုတောပါသည်။

'တကယ်တော့ ကြက်တူရွေးရဲ့ သဘာဝအရ သူ့ကို ပိတ်လှောင်နေတဲ့ အခန်းထဲမှာထားတာထက် သူ့ရဲ့ လှောင်ချိုင့်ထဲက အပြင်မြင်ကွင်းကို မြင်နေရတဲ့နေရာမှာထားတာက ပိုကောင်းတယ်၊ သဘောက သစ်ပင်တွေဘာတွေမြင်ရတော့ သဘာဝနဲ့ နီးစပ်တယ်လေ၊ လူလိုပေါ့ ဦးရယ်၊ သဘာဝနဲ့ လိုက်လျောညီထွေစွာ နေသလိုပေါ့၊ ပြီးတော့ ကြက်တူရွေးလည်းလူလိုပေါ့၊ တစ်ကောင်တည်းနေရတာနဲ့စာရင် အဖော်တစ်ကောင်ရှိတော့ သူ့ရဲ့ သဘာဝအရ အဆင်ပြေတာပေါ့၊ ဒီတော့ တစ်ကောင်တည်းရှိတော့ သူလည်း အထီးကျန်ဆန်တာပေါ့၊ မယုံရင် ဒီကြက်တူရွေးက အထီးဖြစ်ရင် အမတစ်ကောင် ထားပေးလိုက်၊ အမဆိုရင် အထီးတစ်ကောင် ထားပေးလိုက်၊ ပြီးတော့ လှောင်အိမ်ကို ဟောဟိုက သစ်ပင်အောက်မှာ ချိတ်ထားကြည့်၊ ဘာတိရစ္ဆာန်ဆရာဝန်မှ မလိုဘူး'

စကားကို အဆုံးသတ်လိုက်မှ ကျွန်တော့်စိတ်ထဲကနေ မှားပြန်ပြီလို့။ ကျွန်တော် သိထားတာတွေ လျှောက်ပြောတာ အလိမ်တော့ ပေါ်တော့မှာမို့လို့ပါ။

'ဖင်းကုသ မင်းပြောတော့မှပဲ ဦး စဉ်းစားမိတယ်၊ ကောင်းသွားမှ ချည့်လားကွ မင်းရဲ့အယူအဆက…'





www.burmeseclassic.com

www.burmeseclassic.com



ဦးလင်းမောင်လွင်က အံ့အားတသင့် ပြောရင်းက ကျွန်တော့်ကို
ကြည့်လိုက်ပါသည်။

'ဒါက လွယ်လွယ်လေးပါ ဦးရာ၊ တွေးတတ်ဖို့ပဲလိုတာပါ'

ကျွန်တော့်စကားအဆုံး ပပဝတီက ကျွန်တော့်ကိုကြည့်ရင်းက-

'ဒီလိုဆို ရှင်ပြောသလို အပင်အောက်မှာ ထားရမှာပေါ့၊ ဟုတ်
လား'

'ဟုတ်ပါတယ်၊ နေသိပ်မထိုး အရိပ်ရတဲ့ နေရာမှာပေါ့၊ မိုးတွင်း
ရောက်မှ ဆင်ဝင်အောက်မှာ ပြန်ထားပါ'

'ဒါဆို သံချေးမှာ ကျွန်မဘာသာ ကြက်တူရွေးအမတစ်ကော
သွားဝယ်မယ်၊ ဒီကောင်က အထီးဆိုတော့ မခေါ်လိုနေတာကို'

ပပဝတီက ကျွန်တော့်ကို မျက်စောင်းထိုးပြောရင်း ဆိုရင်
ရယ်ရင်းမောရင်းမှ အိမ်အပြင်ဘက်ကို ထွက်သွားပါသည်။ ကျွန်တော်
လည်း ကိစ္စကိုဖြတ်မှ ဖြစ်မည်ဟု ဆုံးဖြတ်ရင်း ဦးလင်းမောင်လွင်ကို
နှုတ်ဆက်ကာ ဘောက်ထော်ကနေ ကျွန်တော့် အိမ်သို့ ထွက်လာခဲ့ပါ
သည်။

✷

အိမ်ရောက်လျှင်တော့ ဒယ်ဒီက ကျွန်တော်ပြောတာတွေ နား
ထောင်ပြီး ဘယ်လောက်တောင် ရယ်လေမလဲ မသိပါ။

✲ ✲ ✲





ကျွန်တော့်အိမ်ခြံဝင်းတံခါးကို ကျွန်တော် တွန်းဖွင့်ဝင်လိုက်သည့်
အခါ ခြံထဲမှာ ကျွန်တော် စိုက်ပျိုးထားသော ပန်းပင်တွေကို ရေလောင်း
နေသည့် ကိုဖိုးထောင်က ကျွန်တော် ရုပ်ဖျက်ထားတာကို မမှတ်မိဘဲ
ကျွန်တော် ရှိရာသို့ ရောက်လာပါသည်။

'ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ'

'ဒီအိမ်က မင်းထွတ်နဲ့ တွေ့ချင်လို့ပါ'

ကျွန်တော်က ခပ်တည်တည်နှင့် ကိုဖိုးထောင်အား ကြောင်ကွက်
နင်းလိုက်ပါသည်။

'ဒါဆိုရင်တော့ ဒီမှာ မင်းထွတ် မရှိဘူး၊ ကျွန်တော်တို့ သူဌေး
ရဲ့ သားက ဘယ်သွားနေသလဲ မသိပါဘူး၊ နှစ်လလောက်ရှိပြီ'

ကျွန်တော်က ကိုဖိုးထောင်ကိုကြည့်ပြီး ရယ်လိုက်သဖြင့် ကိုဖိုး
ထောင်က ကျွန်တော့်ကို ဘယ်လိုလူလဲဆိုသည့် ပုံစံမျိုးဖြင့် အကဲခတ်
ပါသည်။

'ဒီမှာ ကြည့်ပါဦး၊ ကျွန်တော်က ဘယ်သူလဲဆိုတာ'

'ဟာ… မင်းထွတ်'

ကျွန်တော်က သွားမှာတပ်ထားသော သွားတုနှင့် မျက်မှန်ကို
ချွတ်ပြီး ပွသရောင်းဖြစ်နေသော ဆံပင်ကို အင်္ကျီအိတ်ကပ်ထဲမှ ဘီး
သေးသေးလေးကိုထုတ်ပြီး ဖြီးပြတော့မှပဲ ကျွန်တော်မှန်း သိသွားပါ
သည်။

'ဘယ်လိုဖြစ်လို့ ဒီလိုပုံစံ ရုပ်ဖျက်ရတာလဲ မင်းထွတ်ရာ၊ ဘာ
ဖြစ်လို့ နှစ်လလောက် ပျောက်နေရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါ့ထက် နောက်မှပြောပြမယ်၊ ဒယ်ဒီ ရှိလား'

'ရှိတယ်၊ အိမ်ထဲမှာ'

အကြောင်းစုံကို+မသိသော ကိုဖိုးထောင်က အံ့အားတသင့်ဖြင့်ရှိလို့နေပါသည်။ ကျွန်တော်ကတော့ ဒယ်ဒီရှိနေသော အိမ်ထဲဆီသို့ ကျွန်တော့်ခြေလှမ်းတွေကို ဦးတည်လိုက်ပါသည်။

✷

'အင်း… ငါ့သားရာ၊ မင်းရဲ့သိတတ်မှုကိုတော့ ဖေဖေ အသိအမှတ်ပြုပါတယ်၊ ဒီလို အပင်ပန်းခံရတဲ့ ကိုယ့်ချွေးနည်းစာနဲ့ ဒယ်ဒီကို ကန်တော့တာ ဒယ်ဒီ ဘာနဲ့မှ မလဲနိုင်ဘူး၊ ဒါက ဒယ်ဒီ့ဘဝအတွက် အမွန်မြတ်ဆုံး ပီတိပဲ၊ တကယ်တော့ ဒယ်ဒီလိုချင်တာက သားဆီက သိတတ်မှုပဲ၊ ဒယ်ဒီ သားကို ပြုစုပျိုးထောင်ပေးရကျိုး နပ်ပါတယ်'

ဒယ်ဒီက သူ့ကို ကျွန်တော် ရရှိလာသော လစာငွေနှစ်လခကို ကန်တော့သဖြင့် ကြည်နူးပီတိ ဖြစ်လို့နေပါသည်။

'ဒီအတိုင်းဆို သား အကြံအစည်က တော်တော်လိုဦးမှာပေါ့ ငါ့သား အနေဆင်းရဲ အစားဆင်းရဲ ဖြစ်နေပါမယ်ကွာ၊ အဖြစ်မှန်တိုင်း ဒယ်ဒီ သူတို့ကို ပြောလိုက်ရမလား'

'ဟာ… ဒယ်ဒီ မပြောနဲ့၊ မပြောနဲ့နော်၊ အခုမှ အစရှိသေးတာ'

ကျွန်တော်က ဖြစ်ကြောင်းကုန်စင် ဒယ်ဒီ့ကိုပြောပြသဖြင့် ဒယ်ဒီ့အဆိုပြုချက်ကို ကျွန်တော်က ငြင်းရပါသည်။





'ကျွန်တော် ဒီနေ့ ကျွန်တော်စိုက်ထားတဲ့ ခြံထဲကအပင်လေးတွေကို ကြည့်မယ်၊ ပြီးရင် ကလေးတွေကို သကြားလုံးလေးတွေ ဝေပေးဦးမယ်၊ ညကျမှ မျိုးဟာန်နဲ့ တွေ့ရမယ်'

ဒယ်ဒီက ကျွန်တော့်ကို ကြည့်ရင်းက…

'သားနဲ့ ပပဂတီရဲ့ ဇာတ်လမ်းကတော့ အဘိုးတုန်းက မင်းကုသနဲ့ ပပဝတီပဲပေါ့၊ ဒယ်ဒီတော့ ရှေ့ဆက် ဘာဖြစ်မလဲ စောင့်ကြည့်ရဦးမယ်'

ကျွန်တော့်ဒယ်ဒီက ကောက်ချက်ချ စကားအဆုံး ကျွန်တော်လည်း ဘာမှပြန်မပြောဘဲ ကျွန်တော် စိုက်ထားသော အပင်လေးများရှိရာဆီသို့ ထွက်လာခဲ့ပါသည်။

✷

နေရောင်ခြည်ပျပျလေး ပူနေသည့်အောက်မှာ ကျွန်တော် စိုက်ထားသော ပန်းပင်တွေမှ ပန်းပွင့်လေးတွေက သူ့ထက် ငါ အလှချင်းပြိုင်ပြီး ဥယျာဉ်မှူး ကျွန်တော့်ကို ဝိုင်းကြည့်နေကြတာ တကယ့်ကို ကြည်နူးဖို့ကောင်းတဲ့ မြင်ကွင်းပါပဲ။

✷

'ဒါဆိုရင် မင်းရဲ့ အခြေအနေက မထူးခြားသေးဘူးပေါ့'

မျိုးဟာန်က စိတ်ပျက်သည့်လေသံဖြင့် ကျွန်တော့်ကို စကားဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သည်ကောင်နှင့် မတွေ့ရတာ နှစ်လကြာပြီဆိုတော့ သည်ကောင် တော်တော်ဝမ်းသာသွားသည်။ ဝမ်းသာခြင်းနှင့်အတူ ကျွန်တော့် အခြေအနေကို ဘာများ တိုးတက်လာသလဲဆိုပြီး မေးပါသည်။ ကျွန်တော်လည်း ဖြစ်သမျှအကြောင်းစုံ ပြောပြရပါတော့သည်။

'ဒီလောက် မာနကြီးတဲ့ ပပဝတီလိုမိန်းမမျိုးကို မင်းက ဒရိုင်ဘာ အဆင့်နဲ့ကတော့ တော်တော်ကြိုးစားရမယ်၊ သေချာတာက မင်းဘက်က အဖြစ်မှန်ကို မပြောမချင်း ဟိုဘက်ကတော့ မင်းကို ဒရိုင်ဘာ ခြံစောင့်မာလီလိုပဲ ဆက်ဆံမှာပဲ'

မျိုးဟန်က ကျွန်တော့်ကို တော်တော်အားပေးရှာပါသည်။

'ငါက မလွယ်ဘူးထင်တဲ့ဟာကို လွယ်အောင်လုပ်ချင်တာက ငါ့ဝါသနာပဲ၊ ငါ့မိဘ သဘောတူတဲ့ အမျိုးသမီးက ငါ့ကို အားကိုးပြီး ချစ်လာတဲ့ဘဝ ရောက်စေရမယ်'

'ဒါဆို မင်းက ပပဝတီကို ချစ်နေပြီလား မင်းထွတ်'

မထင်မှတ်ဘဲ မျိုးဟန်က မေးခွန်းထုတ်ပါသည်။

'တကယ်တော့ ပပဝတီက ဘာမှပြောစရာမလိုအောင် လှတာ၊ တော်ရုံတန်ရုံပြောတာ မဟုတ်ဘူး၊ ဒါပေမဲ့ ငါက ငါ့အပင်လေးတွေကို ပြုစုပျိုးထောင်ပြီး ပန်းကလေးတွေ ပွင့်လာတာကို ကြည်နူးခံစားလာရသလိုမျိုး ပပဝတီကိုလည်း သူ့ရဲ့မာနတွေ ခဝါချလာတဲ့အထိ ငါ့ကို ချစ်လာတဲ့အထိ ငါ ကြိုးစားမယ်'

ကျွန်တော့်စကားအဆုံး မျိုးဟန်က ရယ်ပါသည်။

'ဒါဆိုရင်တော့ ပပဝတီကို မင်းက အခုလိုပုံစံနဲ့ ဆက်သွားလို့





မရဘူး၊ ဒီထက် ဘယ်လိုပုံစံနဲ့ ချဉ်းကပ်လို့ရမလဲဆိုတာ မင်းအတွက် အများကြီးလိုသေးတယ်'

'မင်းပြောတာ မှန်တယ် မျိုးဟန်၊ မိန်းမသားတစ်ဦးဟာ ယောကျ်ားသားတစ်ဦးကို အထင်ကြီးလာပြီဆိုရင် သူတို့အားကိုးလာ ခင်မင်လာတာပဲ ဖြစ်လာရမှာပေါ့ကွာ'

မျိုးဟန်က ဘာမှမပြောတော့ဘဲ ငြိမ်သွားပါသည်။ ကျွန်တော် တော့ ရှေ့ဆက်ရမည့် အစီအစဉ်သစ်များကိုသာ စဉ်းစားနေမိပါတော့ သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

ခြေဝလာနဲ့
ဦးတည်ချက်ရှိရှိ လျှောက်သွားနေတဲ့
ကိုယ့်ဆန္ဒတွေကို
ဒီဂြိုဟ်ကမ္ဘာမှာ
ဘယ်သူများ တိတိကျကျ
သိနိုင်ပါ့မလဲ။

# ၁၀

ကြက်တူရွေးနှစ်ကောင်က လှောင်အိမ်ထဲမှာ တစ်ကောင်နှင့်တစ်ကောင် ပျော်မြူးစွာ ဆော့ကစားနေသည်ကို ကျွန်တော် နေထိုင်သော အခန်းပြတင်းပေါက်ကနေ လှမ်းမြင်နေရသည်။ ပြီးတော့ ကျွန်တော် စိုက်ပျိုးထားသော သစ်ပင်ပန်းမန်ကလည်း စိမ်းစိမ်းစိုစို ဖြစ်လာခဲ့ပြီမို့ မြင်ရသူ ကျွန်တော့်အဖို့ ကျေနပ်လို့မဆုံး ဖြစ်နေပါသည်။ ထို့အပြင် ကျွန်တော်သာမက အိမ်ကြီးရှင် ဦးလင်းမောင်လွင်၊ ဒေါ်ခင်သန္တာလင်းနှင့် ပပဝတီတို့ကပါ ကျွန်တော့်အတိုင်းပင် ဖြစ်ပါသည်။

အထူးသဖြင့် ပပဝတီတို့အိမ်မှာ ဘုရားပန်းကပ်ဖို့ စိုက်ထားသော ပန်းပင်တွေဆီမှ ပန်းပွင့်လေးများက ပိုမိုလို့လှပါနေပါသည်။

နက်ဖြန်ခါ လပြည့်နေ့ဖြစ်သဖြင့် ဘုရားမှာ ပန်းကပ်လှူ ပူဇော်နိုင်ရအောင် ခူးလိုက်ဦးမည်ဟု ဆုံးဖြတ်ရင်းက ထိုင်ရာမှထကာ ပန်းပင်များရှိရာသို့ လာခဲ့ပါသည်။

ဒအပွင့်ကြီးကြီး အလှဆုံးပန်းပွင့်များကို ရွေးချယ်ပြီး ခူးနေသော ကျွန်တော့်အဖို့ ပန်းခူးနေရင်းက ခြေသံကြားသဖြင့် ထိုခြေသံသည်



www.burmeseclassic.com

www.burmeseclassic.com



ပပဝတီ ခြေသံဖြစ်မှန်း ကျွန်တော် အတပ်သိလိုက်ပါသည်။ ဘာကိစ္စ ရှိလို့ ကျွန်တော် ပန်းခူးသည့်နေရာ ရောက်လာလဲ မသိ။

'မင်းကုသ…၊ မင်းကုသ'

ကျွန်တော့်နောက်ကျောကနေ၍ ပပဝတီက ကျွန်တော့်ကို ခေါ်နေ သည်။ ကျွန်တော် နားလေးချင်ယောင်ဆောင်ရင်းက ပပဝတီကို သလိုက်ဦးမည်ဟု ရည်ရွယ်ရင်း မကြားချင်ယောင်ဆောင်ကာ ပန်းများ ကို ဆက်ခူးနေပါသည်။

'မင်းကုသ… မင်းကုသ ဒုက္ခပါပဲ၊ ဒီနားလေး မျက်စိမှုန် သွားခေါ် အရုပ်ဆိုးတဲ့သူကတော့လေ'

ပပဝတီက သူ အော်ခေါ်တာ ကျွန်တော် မကြားဘူးထင်သဖြင့် ပါးစပ်မှ မြည်တွန်တောက်တီးရင်းက ကျွန်တော့်အလှတွေကို ကောင်း ကောင်းကြီး ထောပနာပြုနေပါသည်။

'မင်းကုသ၊ မင်းကုသ'

'ဗျာ… ဘာကိစ္စရှိလို့ပါလဲ မပပဝတီ'

နောက်ဆုံးတော့ ကျွန်တော်လည်း မကောင်းတတ်ပါဘူးဆိုပြီး ပြန်ထူးရပါတော့သည်။

'ရှင့်မလည်း ရှင့်နားက လေးချင်တဲ့အခါ လေး၊ ကြားချင်တဲ့ အခါ ကြားနဲ့၊ ခက်ပါရဲ့'

'ဒါကတော့ ပပဝတီရယ်၊ တစ်မျိုးတော့ ကောင်းတာပေါ့။ လူတွေ အတင်းပြောတာ ဆဲတာ ဆိုတာ မကြားရတော့ အပြစ် ကင်းတာပေါ့ဗျာ၊ လူတွေ အပြစ်လွှတ်ချင်ရင် နားလေးနေတာ အကောင်းဆုံးပဲ၊ ဘုရားဟောနဲ့ဆိုရင်တော့ ဥပေက္ခာပြုတာနဲ့ တူမလားပဲ'





ကျွန်တော့်စကားကြောင့် ပပဝတီ နည်းနည်းစိတ်တိုသွားပုံ ရပါ သည်။

'ဒီကိုလာတာ ရှင်နဲ့ နားလေးဖို့အကြောင်း ဆွေးနွေးဖို့ မဟုတ် ဘူး၊ ပြောစရာ မှာစရာရှိလို့'

'ဟုတ်ကဲ့… ပြောပါ ခင်ဗျာ'

'ညနေကျရင် ကျွန်မရဲ့သူငယ်ချင်း မွေးနေ့ပွဲ သွားစရာရှိတယ်၊ ရှင် ဘယ်မှမသွားနဲ့၊ လိုက်ပို့ရမယ်၊ အဝတ်အစားလည်း သပ် သပ်ရပ်ရပ် ဝတ်ဦး'

ကျွန်တော်က ဘာမျှမပြောဘဲ ခေါင်းညိတ်ပြပါသည်။

'ရော့… ပပဝတီ၊ ဒီဘုရားပန်းတွေ ဒေါ်ဒေါ်ကို ပေးပါ'

ကျွန်တော်က ခူးထားသော ဘုရားပန်းတွေကို ပပဝတီအား ပေးလိုက်သည်။ ပပဝတီက ကျွန်တော် လှမ်းပေးသော ပန်းတွေကို ယူလိုက်ပြီး ကြည့်လိုက်သေးသည်။

'ပန်းတွေကတော့ ရှင်နဲ့ တခြားစီပဲ၊ တော်တော့်ကိုလှတယ်'

ပပဝတီက ကျွန်တော့်ကို စတင်ပြီး ခနဲ့ပါသည်။ နည်းနည်းတော့ ဩဝါဒထပ်ပေးရပါဦးမည်။

'ကဗျာဆရာကြီးတစ်ဦးက ကဗျာရေးဖူးတယ်၊ ဖိုးလမင်းက လည်း သူ့အဆင်းနဲ့ သူ့အလှရှိသလို ပန်းပွင့်ကလေးကလည်း သူ့အဆင်း သူ့အလှ ရှိတယ်တဲ့၊ လူတိုင်း အလှကိုယ်စီ ရှိကြ တယ်ဆိုတဲ့ သဘောပေါ့ဗျာ၊ ရုပ်လှတာ မလှတာထက် စိတ်ထဲ က အရွယ်က ပိုအရေးပါပါတယ်၊ နိုင်ငံခြားကဗျာဆရာ ဝီလျံ ဘလိတ်တောင်မှ နာမကျန်းသည့် အိုနှင်းဆီဆိုပြီး ရေးတဲ့ကဗျာ မှာ မိန်းမသားတစ်ဦးရဲ့ အလှဟာ နှင်းဆီပန်းနဲ့တူတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



လုပနေပြီနေတဲ့အချိန်မှာ မုန်တိုင်းကို ကြောက်ရတယ်တဲ့၊ အဲဒီနှင်းဆီပန်း ဘယ်လောက်လှလှ ညအခါမှာ သူ့အလှဟာ မပေါ်လွင်ဘူးတဲ့၊ ဒီတော့ လှတဲ့အချိန်မှာ သတိထားရတယ်တဲ့၊ ဥပမာပေးဝတီပေါ့ဗျာ၊ ခင်ဗျားမှာ မွေးရာပါ ရှေးပါရမီကြောင့် လှတော့ ခင်ဗျားလည်း သတိတော့ထား၊ လူ့ဘဝမှာ ပြန်မရတာ နဂိုစဉ်က အလှတရားပဲ၊ ဇရာအရွယ်မှာ အဲဒီအလှဆိုတာ ရှိမှာမဟုတ်ဘူး၊ ဂုဏ်မယူပါနဲ့၊ စိတ်အလှကိုသာ မွေးမြူပါ'

ကျွန်တော့်စကားတွေ တော်တော်ရှည်သွားပါသည်။ ပပဝတီက ကျွန်တော့်စကားတွေ နားထောင်ရင်းက ကျွန်တော့်ကို အံ့အားတသင့် ဖြစ်နေပါသည်။

'မင်းကုသ ရှင်ပြောတော့ ရှင်က ကိုးတန်းလောက်ပဲ ပညာတတ်တယ်ဆို၊ အခု ရှင်ပြောတာတွေက နည်းနည်းမြင့်နေတယ်၊ ရှင့်လိုလူရဲ့ ပါးစပ်က ဒါမျိုးတွေထွက်တာ ကျွန်မ နည်းနည်းတော့ အံ့အားသင့်တယ်'

ကျွန်တော် ခွေးနည်းနည်းပြန်ချင်လာပါသည်။ ပြောချင်သည့် စကားတွေက ထိန်းချုပ်လို့မရဘဲ တောက်လျှောက်ထွက်သွားလို့ ဖြစ်ပါသည်။

'အသိပညာဆိုတာ အတန်းကျောင်းနဲ့ မဆိုင်ပါဘူး၊ ကျောင်းက စာတွေ့ပေးတာ၊ ဘဝက လက်တွေ့ပေးပါတယ်၊ ဒါကြောင့်ပါ၊ ဒီဘဝမှာ အတိတ်ကံကြောင့် ကျွန်တော် ရုပ်ဆိုးရတာ ကျွန်တော် မသိမ်ငယ်ပါဘူး၊ ကျွန်တော်ကတော့ အတတ်နိုင်ဆုံး စိတ်လှအောင်ပဲ ထားပါတယ်၊ လူဆိုတာမျိုးက အချိန်ကာလတွေကို ဖြတ်သန်းရင်း ကိုယ့်နာမည်ကိုယ် ထွင်းထုခဲ့ကြပြီး အနာဂတ်





မှာ ကိုယ်လုပ်ခဲ့တဲ့ ကောင်းမှု မကောင်းမှုတွေကို ထားခဲ့ရတာပဲဗျာ'

ပပဝတီက ကျွန်တော့်ကို ကြည့်ပါသည်။ သည်တစ်ခါတော့ သူ့အကြည့်က အထင်သေးသည့်အကြည့်နှင့် ကြည့်တာမျိုး မဟုတ်တာတော့ သေချာပါသည်။

'ဒီနေ့တော့ မဆိုးဘူး၊ တစ်ခါဖူးမျှ ကိုယ့်အလုပ်သမားဖြစ်တဲ့ ရှင်နဲ့ စကားအကြာကြီး မပြောဖူးဘဲနဲ့ ဒီနေ့မှ ပြောဖြစ်တာ၊ ရှင့်ဆီက ကျွန်မ သိရတာတွေ ကြားရတာတွေကတော့ နည်းနည်းထူးဆန်းနေတယ်၊ ဒါကို ဖေဖေနဲ့ မေမေ့ကို ပြောရဦးမယ်'

ပပဝတီက ကျွန်တော့်အနားကနေ ထွက်သွားပါသည်။ မျက်မှန်ကို ကျွန်တော် ဆွဲချွတ်လိုက်ရင်းမှ ပုဆိုးနှင့် မျက်နှာကို သုတ်လိုက်ပါသည်။

ဖြစ်ချင်တာဖြစ်ဆိုပြီး စကားလုံးတွေ ကျွန်တော့်နှုတ်ဖျားကနေ တရစပ်လွှတ်လိုက်တာ ပပဝတီအတွက်တော့ ချက်ကောင်းမှန်သွားသည်ဟု ထင်ရပါသည်။ ဆက်လက်ပြီး ကျွန်တော့်မျက်နှာမှာ တပ်ထားသဲ မျက်နှာဖုံးကိုတပ်ပြီး ပပဝတီ၏ နှလုံးသားကို လှည့်ဖြားရပါဦးမည်။

အချစ်ဆိုတာ လိမ်လည်လှည့်ဖြားခြင်းဆိုလျှင်တော့ ထိုအဆိုကို ငြင်းချက်မရှိ ထောက်ခံမိပါသည်။

* * *

ပပဝတီ၏ သူငယ်ချင်း အိအိခင်တို့ ခြံဝင်းထဲမှာ မီးရောင်နံ့က ထိန်ထိန်ညီးနေပါသည်။ ခြံဝင်းထဲက သစ်ပင်တွေဆီမှာ မီးသီးလေးတွေ တွဲလဲခိုနေသလိုမျိုး ချိတ်ဆွဲလို့ထားသည်။ ကျွန်တော်ကားပေါ်က ကားထဲကနေ ထိုင်စောင့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘဝမှာလည်း သည်လို ညပိုင်း မွေးနေ့ဧည့်ခံပွဲမျိုးတွေ သိပ်သွားလေ့သွားထ မရှိသဖြင့် နည်းနည်းတော့ ဆန်းနေပါသည်။ ထို့ကြောင့် ကားထဲကနေပဲ မွေးနေ့ပွဲ ကျင်းပနေတာကို ကြည့်ကောင်းကောင်းနှင့် ထိုင်ကြည့်နေမိသည်။

'ပပဝတီ မပြန်ပါနဲ့ဦးဟာ၊ ငါ ရှင်းပြပါရစေဦး'

'အောင်မြင့်ဇံ နင် ဘာမှမရှင်းပြနဲ့၊ နင်သာ ဒီပွဲကိုလာမယ်ဆို ငါ လာမှာမဟုတ်ဘူး'

မွေးနေ့ပွဲကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေစဉ် နားထဲမှာ အသံတွေကြားရသဖြင့် ကြည့်လိုက်သည့်အခါ ရပ်ထားသော ကျွန်တော့်ကားရှိရာသို့ ခြေလှမ်းခပ်သွက်သွက်ဖြင့် လာနေသော ပပဝတီနောက်သို့ အမျိုးသားတစ်ဦးက ပြေးလိုက်လာရင်းမှ စကားပြောဆိုနေကြသည်ကို တွေ့ရသည်။ နည်းနည်းတော့ 'ရှော့'ရှိပုံရသည်။

'ပပဝတီရာ··· နင်ကလည်း ဒေါသချည်းပဲ၊ ငါ့ဆန္ဒအတွက် ငါက နင့်ကို ရင်ဖွင့်တာ အပြစ်လားဟာ၊ နင်လည်း အပျို ငါလည်း လူပျိုပဲဟာ'

'အောင်မြင့်ဇံ··· ပြီးခဲ့တာတွေ ပြီးပြီ၊ ဒီတစ်ခါ ငါ့အဆိုးမဆိုနဲ့နော်'

'ငါ မဆိုးဘူး ပပဝတီ၊ ငါက နင့်ကို မြတ်နိုးတယ်၊ ဒီတော့ နင် ဘာဖြစ်ချင်လဲ၊ နင့်ကို ငါပိုင်ဆိုင်တာတွေရော၊ ငါ့မိဘပိုင်ဆိုင်တာတွေနဲ့ပါ တင်တောင်းရမှာလား၊ ဒီအတွက် ငါ့ဘက်က အေးအေးဆေးဆေးပဲ၊ နင့်ဘက်ကသာ တုံ့ပြန်မှုလိုတာ'

'ဒီမှာ အောင်မြင့်ဇံ၊ ငါ့ဘက်က နင့်အတွက် တုံ့ပြန်မှုဆိုရင်တော့ ငါ့ရဲ့ လက်ဝါးပဲရမယ်'





မြင်ရတာ ပွဲကတော့ အတော်ကြမ်းလာမည့် ပဋိပက္ခအသွင်ဆောင်နေပါသည်။ တစ်ယောက်နှင့်တစ်ယောက် သည်လိုဖြစ်တာ ဘယ်လိုမှ ကြည့်မကောင်းပါ။ ပတ်ဝန်းကျင်က အပြစ်ပြောစရာလည်း ဖြစ်နေပါလိမ့်မည်။ ကျွန်တော့်အဖို့ ဝင်တားမှ ဖြစ်လိမ့်မည်လို့ ဆုံးဖြတ်ရင်းက ကားတံခါးကိုဖွင့်ပြီး ဆင်းလိုက်ပါသည်။

'မပပဝတီ တော်ပါတော့၊ လာပါဗျာ'

အောင်မြင့်ဇံ ဆိုသူက ကျွန်တော့်ကို ဘုကြည့်ကြည့်ရင်းက···

'ဟေ့ကောင် သွားခေါ်၊ ရုပ်ဆိုး၊ မင်းနဲ့ ဘာဆိုင်လို့လဲ'

ရုပ်ရှင်တွေထဲက ဗီလိန်ကြာကူလီ လူကြမ်းသရုပ်ဆောင်လိုမျိုး ခံ့ကာရွဲ့ကာနှင့် ပြောလိုက်ပါသည်။

'ဆိုင်ပါတယ် ခင်ဗျာ၊ ကျွန်တော်က မပပဝတီတို့အိမ်က ဒရိုင်ဘာပါ၊ မပပဝတီကို အန္တရာယ်ကင်းစောင့်ရှောက်ဖို့ တာဝန်ရှိလို့ပါ'

'ဒီတော့ မင်းက ဘာဖြစ်ချင်တာလဲ'

အသားလွတ် ကျွန်တော့်ကို အောင်မြင့်ဇံဆိုသူက ပုဂ္ဂိုလ်ရေးထိုးနှက်ချက် စကားလုံးတွေနှင့် စိန်ခေါ်နေပါသည်။ အောင်မြင့်ဇံကို ကြည့်ရတာ နည်းနည်းတော့ ထွေနေပုံရပါသည်။

'ဒီမှာ အောင်မြင့်ဇံ၊ ငါ့ရှေ့မှာ လူတစ်ယောက်ရဲ့ ချို့ယွင်းချက်ကို နှိမ့်ချစော်ကားတဲ့စကားလုံးတွေနဲ့ မပြောပါနဲ့'

ကျွန်တော် မည်သို့မျှ မထင်ထားပါ။ ပပဝတီက အောင်မြင့်ဇံအား ဒေါသတကြီးနှင့် ပြောပါသည်။

'နင်က နင့်လူ နင့်အစေခံဘက်က နာတာလား'

'ဟဲ့··· နာတာမဟုတ်ဘူး၊ လူလူချင်း စာနာထောက်ထားတာ သိပြီလား'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်ပါသည်။ အကောင်းဆုံးက ပပဝတီ အိမ်ပြန်ရောက်ဖို့ပဲ ဖြစ်ပါသည်။

'လာပါ ပပဝတီ၊ ကားထဲဝင်ပါ'

ကျွန်တော်က စကားပြောလို့ မဆုံးခင်မှာပဲ…

'ဟော့ကောင်… မင်းက ပပဝတီကို အမိန့်ပေးဖို့ မလိုဘူး'

'ပေးတာမဟုတ်ပါဘူးဗျာ၊ ကိုယ့်အလုပ်ကိုယ် လုပ်တာပါ'

'ဒါဆို ရော…'

'အား…'

ကျွန်တော် ဘာမျှမတတ်နိုင်ပါ။ နည်းနည်းတွေနေသော အောင်မြင့်ဇံက ဒေါသတကြီးနှင့် ကျွန်တော့်ကို ပြေးအထိုး အနီးအနားမှာ ရှိနေသော အုတ်နီခဲကို မမြင်ဘဲ ခလုတ်တိုက်မိပြီး လဲကျသွားရင်းက အလန့်တကြား ထအော်ပါသည်။ တော်တော်လည်း ဗန္ဓုလသွေးပါတာလို့ ပြောရမလိုပင်။

'ပပဝတီ နင်ရော ဒီက သွားခေါ်ရုပ်ဆိုးရော နောက်တစ်ခါ ငါ့အကြောင်း သိစေရမယ်၊ အောင်မြင့်ဇံတဲ့ ဘာမှတ်လဲ၊ အား… နာလိုက်တာ'

အောင်မြင့်ဇံက ရှက်သလိုရွံ့သလိုမျိုး အမူအရာနှင့် လဲကျနေရာမှ ထရင်းက ဒေါသတကြီး အော်ပြောရင်းက ခလုတ်တိုက်လဲသဖြင့် နာသွားသော သူ့ဒူးခေါင်းကိုကြည့်ပြီး အော်ရင်းက ထွက်သွားပါသည်။

'နင့်သတ္တိတွေ နောက်မှပြ အောင်မြင့်ဇံရေ၊ အိမ်ရောက်ရင် ဒူးခေါင်းကို ဆေးထည့်ဦး'

ပပဝတီက ကျွန်တော့်အနီးနားမှာ ရပ်ရင်းက ရယ်ရင်းက အောင်မြင့်ဇံအား လှမ်းပြောပါသည်။

'ကဲ… မင်းကုသ ပြန်မယ်'



'ကျွန်တော် ပြန်လို့မရဘူး'

'ဘာဖြစ်လို့ ပြန်လို့မရတာလဲ'

ပပဝတီက ကျွန်တော့်စကားကြောင့် ကျွန်တော် ဘာပြောသည်ကို နားမလည်သလို ဖြစ်သွားပါသည်။

'မပပဝတီက ဒေါက်ဖိနပ်နဲ့ ကျွန်တော့်ခြေထောက်ကို နင်းထားပြီး ရန်ဖြစ်တာ သတိမမူထားမိတာ၊ ဖိနပ်မကြွဘဲ ကျွန်တော် ကားထဲဝင်လို့မှ မရတာ'

'အို… ဘုရားတေး… ဘုရားတေး၊ ကျွန်မက ဒေါသဖြစ်နေလို့ မသိတာ၊ တော်တော်နာသွားလား'

'ရပါတယ်… ဒေါသဖြစ်တော့ ဘယ်သတိထားမိမလဲဗျာ'

ပပဝတီက ကျွန်တော့်ခြေထောက်အား သူ့ခြေထောက်ကို လှမ်းဖယ်ရင်းမှ ကြည့်လိုက်ပါသည်။ ပြောမည့်သာ ပြောတာ။ နာတာကတော့ ကျွန်တော့်ခြေချောင်းလေးတွေ ဒေါက်ဖိနပ်စာ ကောင်းကောင်းကြီးခံလိုက်ရပါသည်။

မိန်းမတွေကလည်း မိန်းမတွေပါပဲ။ သူတို့ ဒေါသဖြစ် ရန်ဖြစ်နိုင်လောက်သာ သိတာပဲ။ ကျန်တာ ဘာမျှမမြင်။

✱

အိမ်ပြန်ရောက်တော့ ပပဝတီက ဖြစ်ကြောင်းကုန်စင် မိဘနှစ်ပါးကို သံတော်ဦးတင်ပါတော့သည်။ ကံမကောင်းတာက ကျွန်တော်ပါ။ ဒေါက်ဖိနပ်စာ ကောင်း ကောင်းကျွေးခံရသော ကျွန်တော် ကိုယ့်ဘာသာကိုယ် ခြေထောက်ကို ပရုပ်ဆီလူးရပါတော့သည်။

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com

> ပန်းချီကားမှာ သဘာဝနဲ့သူ ရှိပြီးသား
> ကျွန်တော်က
> အဲဒါကို မွေးဖွားစေတာ။
>
> (ဂျက်ဆင်ပိုးလော့)

# ၁၁

ကျွန်တော် နေထိုင်သော အခန်းရှေ့က ကွပ်ပျစ်ပေါ်မှာထိုင်ပြီး ပန်းချီဆွဲနေမိပါသည်။ သည်နေ့ အလုပ်က မည်မည်ရရ ဘာမျှမရှိသဖြင့် မနေ့တစ်နေ့က ပပဝင်္ကိုကို မြို့ထဲလိုက်ပို့ရင်း ပန်းချီပစ္စည်းရောင်းသည့်ဆိုင်ကနေ ဆေးတွေ၊ စုတ်တံတွေ ဝယ်လာမိခဲ့သည်။ သည်နေ့တော့ စိတ်ထဲက ပန်းချီမဆွဲရတာ ကြာပြီဖြစ်သဖြင့် ဆွဲချင်သည့်စိတ်ပေါက်လာသည့်အတွက် ပန်းချီဆွဲနေမိခြင်း ဖြစ်သည်။

ကျွန်တော့်ပန်းချီကားထဲမှာတော့ သစ်ပင်အောက်ရှိ အိမ်ထဲမှာရှိနေသော ကြက်တူရွေးလေးနှစ်ကောင်က လွတ်လပ်စွာ ဘာချုပ်နှောင်တားဆီးမှုမှ မရှိဘဲ တောအုပ်တောင်တန်းတွေကြားမှာ ပျံသန်းနေကြသည်။ တောင်တွေကလည်း အစိမ်း၊ အပင်တွေကလည်း အစိမ်း၊ ကြက်တူရွေးနှစ်ကောင်ကလည်း အစိမ်း။ နှုတ်သီးတွေကတော့ နီရဲ...နှင့် သဘာဝလောကကြီးကို နှစ်ကောင်သား လွတ်လွတ်လပ်လပ်ကြီး ခံစားနေသလိုမျိုး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပစ္စုပ္ပန်ကာလမှာ မလွတ်လပ်ဘဲ အကျဉ်းကျနေရှာသော ကြက်တူရွေးနှစ်ကောင်ကို နေ့စဉ်မြင်ရတာ ကျွန်တော် မကြည့်ရက်နိုင်ပါ။ နေ့တိုင်း မျက်နှာလွှဲ၍ နေရပါသည်။ ထို့ကြောင့် ကျွန်တော့်ပန်းချီကားထဲမှာ ထိုကြက်တူရွေးနှစ်ကောင်ကို လွတ်လပ်မှု ပေးလိုက်ရပါသည်။

'မင်းကုသ ရှင်က ပန်းချီလည်း ဆွဲတတ်တာကိုး'

ပန်းချီကားထဲ အာရုံရောက်နေသော ကျွန်တော့်အနားသို့ ပပဝတီ ရောက်လာသည်ကို ကျွန်တော် သတိမထားမိပါ။ အသံကြားသဖြင့် ဆွဲလက်စ ပန်းချီကားကို ကျွန်တော် ရပ်လိုက်သည်။

'ဘာပြောတာလဲ ခင်ဗျာ၊ ကျွန်တော် မကြားရလို့ပါ'

'သြော်··· ရှင်က ပန်းချီလည်းဆွဲတတ်တာကိုးလို့ ပြောတာပါ'

နည်းနည်းတော့ ပပဝတီကို ကျွန်တော် ကြားလျက်သား မကြားချင်ယောင်ဆောင်ပြီး မေးလိုက်တာကို ပပဝတီက ဒေါသမထွက်ဘဲ ပြန်ဖြေပါသည်။ သေချာတာကတော့ ဒီနေ့ ရာသီဥတု တော်တော်သာယာနေတာပဲလို့။

'ဘာရယ် မဟုတ်ပါဘူးဗျာ၊ ပျင်းလို့ပါ'

'ပျင်းလို့ဆွဲတာဆိုပေမယ့် ရှင့်လက်ရာ တော်တော်ကောင်းတာပဲ ဒီကြက်တူရွေးနှစ်ကောင်က ဘာသဘောလဲ'

ပပဝတီက ကျွန်တော်တို့ ရှင်းပြချက်တွေ တောင်းခံနေပါသည်။

'ပန်းချီကားတစ်ကားကို ကြည့်သူက ပန်းချီဆွဲသူဆီက ရှေ ဘာလဲမေးတာထက် ကိုယ့်ဘာသာကိုယ် ခံစားတာ ပိုကောင်း တယ်ဗျ၊ နို့မို့ဆို ပန်းချီဆရာက သူဆွဲတာ သူ လျှောက်ရှင်းပြ ရင် လူကြားထဲ ကိုယ့်အဝတ်အစားကိုယ် ချွတ်ပြတာနဲ့ တူနေ မှာပေါ့'





ပပဝတီက ဘာမှမပြောဘဲ ကျွန်တော် ဆွဲထားသော ပန်းချီကားကို နားဝယ်သလိုမျိုး စိမ်ပြေနပြေ ကြည့်နေပါသည်။

'ဒီပန်းချီကားထဲက ကြက်တူရွေးလေး နှစ်ကောင်က လွတ်လပ်နေလိုက်တာ၊ သူတို့မှာ ဘာသောကမှ မရှိဘူးနော်'

ပပဝတီက ပန်းချီကားကိုကြည့်ပြီး ဝေဖန်ပါသည်။

'ဟုတ်ပါတယ်၊ လွတ်လပ်ခြင်းရဲ့ အရသာကို မလွတ်လပ်တဲ့အခါကျမှ သိတာပါ၊ ကျွန်တော်က ဟိုမှာမြင်နေရတဲ့ လှောင်အိမ်ထဲက ကြက်တူရွေးလေးနှစ်ကောင် မလွတ်လပ်တာကို ကြည့်ရင်းက ကျွန်တော့်ပန်းချီကားထဲမှာ လွတ်လပ်မှုကို ပေးလိုက်တာပါ၊ အဲဒီ လှောင်အိမ်ထဲက ကြက်တူရွေးနှစ်ကောင်က လှောင်အိမ်ထဲက မလွတ်လပ်တဲ့ သူတို့ဘဝကနေ ပြင်ပက လွတ်လပ်တဲ့ဘဝကို သူတို့ လိုချင်မှာပဲလေ၊ သူတို့ခမျာ လူတွေရဲ့ စိတ်အာသာပြေဖို့ အကျဉ်းကျခံနေရတာ မဟုတ်လား၊ ဒါကြောင့်ပါ'

ပပဝတီထံမှ ဘာစကားသံမှ မထွက်လာပါ။ ကျွန်တော့်ပန်းချီကားကို ကြည့်လိုက်၊ သစ်ပင်အောက်မှာ ချိတ်ထားသော ကြက်တူရွေးလှောင်အိမ်ထဲက ကြက်တူရွေးနှစ်ကောင်ကို ကြည့်လိုက်နှင့် အလုပ်ရှုပ်နေပါသည်။

'ရှင် အခုလိုပြောမှ ဝဋ်ဆိုတဲ့သဘောတရားကို ကျွန်မ နားလည်ပြီး ကြောက်သွားပြီ၊ ဟုတ်တာပေါ့၊ ကျွန်မရဲ့ အထီးကျန်ဆန်မှုအတွက် အဲဒီ ကြက်တူရွေးနှစ်ကောင်က ကျွန်မ ကြည်နူးဖို့ အကျဉ်းကျနေရတာ၊ ဝဋ်လိုက်တတ်တာပေါ့'

ကျွန်တော် ဘာစကားမှ ပြန်မပြောပါ။ ပပဝတီထံမှ ဘာရှုး



www.burmeseclassic.com

ထပ်ပြောလေမလဲ နားစွင့်နေမိပါသည်။

'ကျွန်မကို ရှင် တစ်ခုလိုက်လျှောနိုင်မလား၊ အဲဒါက ရှင် အခုဆွဲတဲ့ ပန်းချီကားကို ကျွန်မကို ပေး၊ ကျွန်မက ဟောဟို လှောင်ချိုင့်ထဲက ကြက်တူရွေးလေးနှစ်ကောင်ကို လွှတ်လိုက်မယ်၊ ဘယ်လိုလဲ'

'ရတာပေါ့ဗျာ… ပေးပါ့မယ်၊ စိတ်ချ'

ကျွန်တော် တော်တော်ဝမ်းသာသွားပါသည်။ သည်လိုကျတော့လည်း ပပဝတီမှာ စာနာကြင်နာ သနားတတ်သည့်စိတ် ရှိပါလားဟု။

ကျွန်တော်က ပန်းချီကားကို ပြီးအောင်ဆွဲလိုက်ပါသည်။ ပပဝတီက ကျွန်တော့်ဘေးနားကနေ ထိုင်ကြည့်နေပါသည်။

'ပန်းချီကားကတော့ ပြီးပြီ'

'ရတယ် မင်းကုသ၊ ရှင် ဆွဲတဲ့ ပန်းချီကားကို ညေ့ခန်းမှာ ချိတ်ထားမယ်'

ပပဝတီကို ကျွန်တော်က ကျွန်တော်ဆွဲပြီးသား ပန်းချီကားကို ပေးလိုက်ပါသည်။ ပပဝတီကလည်း ကျေကျေနပ်နပ်ကြီး လှမ်းယူပါသည်။

'ကဲ… ရှင်ပါ လာ၊ ဟောဟိုက လှောင်အိမ်ကို ဖြုတ်လိုက်ပါဦး'

ပပဝတီက နိုင်းသဖြင့် ကျွန်တော်က သစ်ပင်မှာ ချိတ်ဆွဲထားသော လှောင်အိမ်ကို ဖြုတ်လိုက်သည်။

'ကဲ… ကျွန်မက ကြက်တူရွေးတစ်ကောင် လွှတ်မယ်၊ ရှင်က တစ်ကောင်လွှတ်'

ပပဝတီက လှောင်အိမ်တံခါးကိုဖွင့်ပြီး ကြက်တူရွေးတစ်ကောင်ကို လက်ကကိုင်ရင်း…





'ကဲ… ကြက်တူရွေးလေးရေ၊ မင်း ပျံသန်းချင်ရာ ပျံသန်းပေတော့၊ လွတ်လွတ်လပ်လပ် ပျံပေတော့နော်'

ကြက်တူရွေးငှက်ကလေးက အတောင်ပံနှစ်ဖက်ကို ခပ်ရင်း ပပဝတီ လက်ထဲကနေ ပျံထွက်သွားသည်။ ကျွန်တော်လည်း ကျွန်သည့် ကြက်တူရွေးငှက်ကို လက်ထဲကိုင်လိုက်ရင်း…

'ကြက်တူရွေးလေးရေ… ဘဝမှာ ဘယ်တော့မှ အခုလိုဘဝမျိုး မရောက်ပါစေနဲ့၊ ကြက်တူရွေးဆိုတဲ့ ကိုယ့်ရဲ့ ဂုဏ်ဒြပ်နဲ့ ကိုယ့် ဖြစ်တည်မှုနဲ့ ကိုယ့်သဘာဝတရားကြီးနဲ့ နေထိုင်ရင်း လွတ်လပ်စွာ ရှင်သန်ပါစေ'

ကြက်တူရွေးငှက်ကလေးက ကျွန်တော့်လက်ထဲကနေ အားယူရင်း ပျံသန်းသွားပါသည်။ ကျွန်တော့်ဘဝမှာ ကျွန်တော် ဒါမျိုးလောက် တစ်ခါဖူးမျှ မကြည်နူးဖူးပါ။ ကျွန်တော် ဆွဲပြီးသွားသော ပန်းချီကားကနေ အခုလိုမျိုး ဖြစ်သွားသည့်အတွက် အကျေနပ်ကြီး ကျွန်တော် ကျေနပ်နေပါသည်။

'ဒီည ကျွန်မ အပြင်မှာ ဝယ်စရာနည်းနည်းရှိတယ်၊ ဒီနေ့ ကျွန်မ ကုသိုလ်ရတဲ့အနေနဲ့ ရှင့်ကို တစ်ခုခုကျွေးမယ်'

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါသည်။ ပပဝတီက ပန်းချီကားကို လက်ကကိုင်ရင်း ကျွန်တော့်အနားက ထွက်သွားပါသည်။

နည်းနည်းတော့ ကျွန်တော် ကြံစည်ထားသောကိစ္စ အောင်မြင်သွားပြီလို့။ ဆက်လက်ပြီး ကျွန်တော် ဘာဆက်လုပ်ရမလဲဆိုတာ ကျွန်တော် ကုလားထိုင်မှာထိုင်ရင်း တွေးနေမိပါသည်။

* * *

www.burmeseclassic.com

ကိုယ့်အင်္ကျီအိတ်ကပ်ထဲ ထည့်ထားတဲ့
နှလုံးသားကို
သေသေချာချာ
လှန်လှောကြည့်မိမှ
မင်းကိုချစ်တတ်လာမှန်း သိလာတာ။

## ၁၂

မြစ်လယ်ခေါင်မှာ သင်္ဘောတွေက ကျောက်ချပြီး နားခိုနေကြသည်။ ညအမှောင်မှာ သင်္ဘောတွေက ထွန်းညှိထားသည့် မီးအလင်းရောင်က မြစ်ရေပြင်ထဲ ဖြာကျနေသည်။ ဆိပ်ခံဘောတံတားမှာ ဆောက်ထားသည့် စားသောက်ဆိုင်က မြစ်ပြင်ဘက်ကိုလှည့်ထားသဖြင့် လေက အတားအဆီးမရှိ တိုက်ခတ်နေသောကြောင့် အေးမြလို့နေပါသည်။

ကျွန်တော်က ကျွန်တော့်ရှေ့တည့်တည့်မှာရှိသော ပပဝတီကို ကြည့်ဘဲ မြစ်ပြင်ကိုကြည့်ရင်း သဘာဝအရသာ ခံစားလို့နေမိပါသည်။ သည်လိုအရသာမျိုး မခံစားရတာ ကျွန်တော့်အဖို့ အချိန်ကာလ အတော်ကြာမြင့်နေပြီဖြစ်ပါသည်။

ကျွန်တော့်ဘဝမှာ ပပဝတီနှင့် နှစ်ယောက်သား ယခုလို တစ်ပွဲတည်း ထိုင်စားရမည်ဟု ပပဝတီတို့ အိမ်ရောက်နေသော ယခုလို ကိုယ့်အနေအထားနှင့် လုံးဝမမျှော်လင့်ထားပါ။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုဖြစ်ရတာ ဟန်းချိကားကြောင့်ပဲ ဖြစ်ပါလိမ့်မည်။

'မင်းကုသ ဘာတွေတွေးနေတာလဲ၊ စားလေ၊ မှာထားတာတွေ ရောက်နေပြီ'

ပပဝတီ သတိပေးစကားဆိုတော့မှပဲ ကျွန်တော့်အာရုံတွေကို စားပွဲဝိုင်းဆီ ပြန်လှည့်ရပါသည်။

'ကျွန်တော် မစားလို့မရဘူးလား၊ ကျွန်တော့်လိုလူမျိုးနဲ့ ဒါနဲ့က မသင့်တော်ပါဘူး'

'အို… မဟုတ်တာ မင်းကုသ၊ ဘာလဲ တစ်ခါက ဟော့ပေါ့ဆိုင်က ကိစ္စကို သတိရလို့လား၊ အဲဒီတုန်းက ရှင့်အကြောင်း ကောင်းကောင်းမသိသေးဘူးလေ'

ပပဝတီက ကျွန်တော့်ကို ရန်စကားဆိုပါသည်။

'မဟုတ်ပါဘူး ပပဝတီ၊ အခုလို လှပတဲ့ ပပဝတီနဲ့ ရုပ်ဆိုးတဲ့ အလုပ်သမား ကျွန်တော် ဒီလိုတွဲပြီးထိုင်စားနေတာ အသိတွေ မြင်ရင် တစ်မျိုးမြင်မှာစိုးလို့ပါ'

ပပဝတီက ကျွန်တော့်စကားကို နားထောင်ရင်းက ပြုံးပါသည်။ ပြီးတော့ ဟင်းအချို့ကို သူမပန်းကန်ထဲ ဇွန်းနှင့် ခပ်ထည့်ပါသည်။

'ဒီမှာ မင်းကုသ၊ ရုပ်ဆိုးတဲ့လူပဲဖြစ်ဖြစ် ရုပ်ချောတဲ့သူပဲဖြစ်ဖြစ် အို… ကုန်ကုန်ပြောမယ်၊ ဒီကမ္ဘာကြီးထဲမှာရှိတဲ့ အယုတ်အလတ် အမြတ်မရွေး အရွယ်သုံးပါးဟာ တစ်ချိန်ကည်းတစ်ပြိုင်တည်းမှာ အတူတကွလုပ်တဲ့အရာဟာ ဘာလဲ'

'အသက်ကြီးလာတာပေါ့ ပပဝတီ၊ အချိန်ကာလကြီးကို တပြေးညီဖြတ်သန်းတာလေ'

'ရှင် တော်လှချည်လား၊ ကျွန်မ မေးတာ တန်းဖြေနိုင်တယ်





ဒါဆိုရင် လူတွေက အတူတူပဲမဟုတ်ဘူးလား၊ ကဲ… ဘာမှ မပြောနဲ့၊ ကျွန်မ ကျွေးတာ ရှင်စား၊ အဲဒါ ရှင့်ရဲ့ ဟန်းချိအနုပညာကို တန်ဖိုးထားလို့ ကျွေးတာမှတ်'

ပပဝတီက ချီးကျူးစကား ကျွန်တော့်ကို ပြောရင်းမှ ကျွန်တော့်ကို စားပွဲပေါ်မှာရှိနေသည့် ဟင်းလျာများကို ဇွန်းနှင့်ခပ်ပြီးထည့်စားခိုင်းပါသည်။ မထူးတော့ပါဘူးဆိုပြီး ကျွန်တော်လည်း အသားငှုန်ဒိုက်ဆာဆာနှင့် တွယ်ပါတော့သည်။

'ရှင် စောစောကပြောတာကို အခု စားနေရင်း ကျွန်မ စဉ်းစားမိတာ၊ မေမေ ပြောတာ သွားသတိရတယ်၊ ရှင့်ရဲ့ နေပုံထိုင်ပုံ အပြုအမူ စကားပြောတာဆိုတာ လုပ်တာကိုင်တာတွေဟာ နည်းနည်းတော့ ထူးဆန်းတယ်ဆိုတာလေ၊ ရှင်က ကျွန်မတို့ခြံမှာ ဒရိုင်ဘာ မာလီလုပ်ပေမယ့် ရှင့်စရိုက်လက္ခဏာတွေက ပညာတတ် လူကြီးလူကောင်းဆန်နေတယ်ဆိုတာ ဟိုတစ်နေ့က ကျွန်မ စဉ်းစားမိတယ်၊ အတန်းပညာ ကိုးတန်းလောက်တတ်တဲ့ သူက နည်းနည်းဆန်းနေသလားလို့'

စားလက်စဇွန်းကို ကျွန်တော် အမြန်ပြန်ချလိုက်မိပါသည်။ ပပဝတီ ပြောလိုက်သော စကားကြောင့် ကျွန်တော့်နဖူးပြင်မှာ ချွေးတွေဘောင် ပြန်လာပါသည်။ ကျွန်တော် မုသာဝါဒကို အမြန်သုံးရတော့သည်။ မဟုတ်လို့ အလိမ်ပေါ်လျှင် ပြဿနာက ဝင်ဆောင့်တော့မှာမို့ပါ။

'ဒါကတော့ ပပဝတီရယ်၊ ကျွန်တော် စာဖတ်တဲ့အသိကြောင့်ပါ၊ ရုပ်ရည် ငွေကြေးမချမ်းသာပေမယ့် အသိပညာ ကြွယ်ဝအောင် လုပ်ရတာပေါ့ဗျာ၊ ဒါကြောင့်ပါ'

'အင်း… ရှင်ကကျတော့လည်း ငွေကြေးမချမ်းသာလို့ ရုပ်ရည်



www.burmeseclassic.com

www.burmeseclassic.com



မချမ်းသာလို့ အသိပညာကြွယ်ဝအောင် လုပ်တယ်လို့ ပြောတယ်၊ ကျွန်မကျတော့လည်း အတိတ်က ဘယ်လိုပါရမီထူးလို့ လူတွေပြောသလို ရုပ်ရည်ရူပကာ လှတယ်လို့ဆိုပေမယ့် အဲဒီအလှကြောင့် ဘေးနားမှာ ပုရိသတွေရဲ့ ပိုးပန်းခြင်း၊ စိတ်နဲ့ပြစ်မှားခြင်းကို ခံနေရဆိုတော့ ဒါကိုက လှဘဝကြီးလို့ ခေါ်မလားပဲ၊ ကျွန်မမှာ ဇရာရောက်ရင် ဒီရုပ်ချောတာ မရှိတော့ဘဲ အိုရမယ်၊ နာရမယ်ဆိုတာ သင်းတို့တွေ မေ့နေကြလား မသိဘူး'

ကျွန်တော် လုံးဝမထင်ထားပါ။ ပပဝတီတစ်ယောက် ယခုလို သုံးသပ်ပြောဆို ဝေဖန်လိမ့်မည်ဆိုတာ။ ပြီးတော့ ကျွန်တော် ပပဝတီတို့အိမ်မှာ ရောက်နေသော ကာလအတွင်းမှာ ပပဝတီတစ်ယောက် သူ့အလှမာနတွေ တက်နေသည်လို့ပဲ ထင်ထားလို့ပါ။ ယနေ့ကတော့ အတော့်ကို မင်္ဂလာရှိလို့နေပါသည်။

'ပပဝတီ ကျွန်တော် ဟောဟိုဘက် စားပွဲကနေ ကြည့်နေတာ ထင်တော့ထင်သားပဲ ပပဝတီနဲ့ တူပါတယ်လို့'

ကျွန်တော်တို့ စားပွဲဝိုင်းရှိရာသို့ လူတစ်ယောက်က ရောက်လာရင်းမှ အော်ကြီးဟစ်ကျယ်မျိုး ပြောလိုက်သဖြင့် ပပဝတီက ထိုလူကို ကြည့်ရင်း မျက်စိမျက်နှာပျက်ဖြစ်သွားပါသည်။ ထိုလူကလည်း မသိမသာ မဟုတ်ဘဲ ပြောင်ကျကျ ကျွန်တော့်ကို ဘုကြည့်ကြည့်ပါသည်။

'ဘာကိစ္စ ကျွန်မဘာသာ ကျွန်မ ဒီမှာစားနေတာ၊ ရှင်က အော်ကြီးဟစ်ကျယ် လုပ်ရတာလဲ'

'ဘာကိစ္စလဲ ဟုတ်လား၊ ချစ်ကိုကိုဆိုတဲ့လူက ပပဝတီ သွားရာနောက်ကို လိုက်တယ်၊ ဒါပေမဲ့ ချစ်ကိုကို တွေ့တာက ပပဝတီဘေးနားမှာ အရုပ်ဆိုးဆိုးလူတစ်ယောက်က ကားမောင်းနေတော့





ချစ်ကိုကို ရှေ့ဆက်လို့မရဘူးလေ၊ ဒီမှာ ပပဝတီ'

'ဟေ့လူ··· ထိုင်ပြောဗျာ၊ မတ်တတ်ကြီး မကောင်းပါဘူး'

ကျွန်တော်က ချစ်ကိုကိုဆိုသော လူကို ထိုင်ခိုင်းသည့်အခါ ပပဝတီက ကျွန်တော့်အား မျက်စောင်းလှမ်းထိုးပါသည်။

'ထိုင်မယ်··· ဒီမှာ ပပဝတီ၊ ဒီတစ်ခါ ကျွန်တော့်ရဲ့ကားကို လမ်းလယ်ခေါင်မှာရပ်ပြီး ဖြတ်တိုက်မယ်ဆိုလို့လည်း ကျွန်တော် အလျှော့မပေးဘူး၊ ကြိုက်သလောက်ဝိုက် ကိုယ်မြတ်နိုးတဲ့သူက တိုက်တာပဲ၊ ကားပျက်စီးသွားလည်း ဘာဖြစ်လဲ၊ ပပဝတီကို ချစ်တဲ့စိတ် ပျက်စီးသွားတာမှ မဟုတ်တာ'

တော်တော်ပေါ့ရဲသည့် ပုဂ္ဂိုလ်။ လူကြားသူကြားထဲ မရှက်မကြောက် ပြောနေတာကိုတော့ ကျွန်တော့်အဖို့ လေးစားရမလို ဖြစ်နေပါသည်။

'အစ်ကိုရာ အစ်ကို့ရဲ့ကားကို မပပဝတီက ဖျက်ဆီးမယ့်အတူတူနှမြောပါတယ်၊ အစ်ကိုလည်း ကုသိုလ်ရအောင် နာရေးကူညီမှုအသင်းကို လှူလိုက်ပါလား၊ အများအကျိုးပဲဟာ၊ တန်ဖိုးရှိပါတယ်'

'ဟေ့ကောင်··· သွားခေါ်၊ မင်း ဘာစကားပြောတာလဲ၊ ဘာလဲ ငါ့ကို လှောင်တာလား၊ ဒရိုင်ဘာက ဒရိုင်ဘာနေရာနေ'

ကျွန်တော့်စကားကြောင့် ချစ်ကိုကိုဆိုသော ပုဂ္ဂိုလ် တော်တော်ဒေါသထွက်သွားပါသည်။ ထိုင်ရာကနေတောင် ထလိုက်ပါသေးသည်။

'ဒီမှာ ချစ်ကိုကို၊ အခု ဒီနေရာက ထွက်သွားပါ၊ သူတစ်ပါးအေးအေးချမ်းချမ်းစားနေတာ၊ ရှင် လာအနှောင့်အယှက်ပေးတာက လွန်လှပြီ၊ တရားဥပဒေအရ ပုဒ်မဘယ်လောက်နဲ့ငြိ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ရှင်လည်း သိမှာပေါ့၊ နေပါဦး… မိန်းမသား တစ်ယောက်ဆီက အချစ်ကို ရှင်က ဒီလို ပြောချင်ရာပြောပြီး ရမယ်ထင်လို့လား၊ ဒီမှာ ချစ်ကိုကို၊ ကျွန်မ မပြောနဲ့၊ ပြည့် တန်ဆာမတစ်ယောက်တောင် ရှင့်အပြုအမူမျိုးကို လက်ခံမှာ မဟုတ်ဘူး၊ အကောင်းဆုံးက ရှင် ထွက်သွားပါ'

'နှင်စရာ မလိုဘူး၊ ရတယ် ပပဝတီရာ၊ တွေ့ဦးမှာပေါ့'

ချစ်ကိုကိုဆိုသူက ဒေါသတကြီး ထွက်သွားပါသည်။ တော်ပါ သေးသည်။ အနီးနား စားပွဲဝိုင်းတွေမှာ လူသိပ်မရှိသဖြင့် ဝိုင်းကြည့် မည့်သူ မရှိတာကိုပဲ ကျေးဇူးတင်ရပါဦးမည်။

'ကဲပါ… စားမှာသာ စားပါ၊ ဒါမျိုး ကျွန်မအဖို့ကတော့ ရိုး နေပြီ'

ဟုတ်ပါသည်။ ပပဝတီက ဘာကိုမျှ ဂရုမစိုက်ဘဲ စားစရာ တာကို ဆက်စားနေပါသည်။

ကျွန်တော်လည်း ဘာမှမပြောတော့ဘဲ စားလက်စ ဆက်စားနေ ပါသည်။

အောင်မယ်… ပြောမည့်သာ ပြောတာ။ သည်ကမ်းနားက ရေပေါ်စားသောက်ဆိုင်က ဟင်းလျာတွေက တော်တော်အရသာရှိလှ ပါသည်။

ဘဲကင်ဆို စားလိုက်လျှင် တပျပ်ပျပ်နှင့်တောင် မြည်နေပါသေး သည်။

* * *





သည်နေ့ တနင်္ဂနွေနေ့ဖြစ်သဖြင့် ကျွန်တော် အလုပ်အားသည်။ နံနက်တုန်းကတော့ ဒေါ်ခင်သန္တာလင်းကို ဈေးလိုက်ပို့ရသည်။ အိမ်အတွက် ဝယ်စရာရှိတာတွေ တစ်လစာ ဝယ်လို့ဖြစ်ပါသည်။ ဦးလင်းမောင်လွင်ကိုတော့ အိမ်မှာ သိပ်မတွေ့ရပါ။ သူ့အလုပ်နှင့်သူ အလုပ်ရှုပ်နေသဖြင့် ညဘက်မှသာ တွေ့ရသည်။

ထို့ကြောင့် နေ့လယ်နေ့ခင်း အားနေတာနှင့် ကျွန်တော်နေသော အခန်းလေးရှေ့ ကွပ်ပျစ်ပေါ်မှာ ထိုင်ရင်း ပန်းချီလည်း မဆွဲချင်တာနှင့် ကျွန်တော့်ခပ်လှမ်းလှမ်းမှာရှိသော သရက်ပင်ပေါ်မှာ ချိတ်ဆွဲထားသည့် ငပါးတွဲလေးတွေကို စာကလေးငှက်ကလေးတွေ စားနေတာကို ထိုင်ကြည့်ရင်း ဟိုတွေး ဒီတွေး တွေးနေမိပါသည်။

'မင်းကုသ ဒီနေ့လည်း အားနေတာ ပန်းချီမဆွဲဘူးလား'

လက်ထဲမှာစာအုပ်တစ်အုပ်ကိုင်ထားသော ပပဝတီက ကျွန်တော့် အနား ရောက်လာပါသည်။

ပြောရပါဦးမည်။ ပပဝတီနှင့် ကျွန်တော်က ပန်းချီကားဆွဲပြီး သူ့ကိုပေးပြီး ချစ်ကိုကိုဆိုသူနှင့် ပြဿနာဖြစ်ပြီးကတည်းက ဆက်ဆံ ရေးက အတော့်ကို ပြေပြစ်လာပါသည်။ သူ့ကို ကားမောင်းပို့ပေးတိုင်း လည်း ယဉ်ယဉ်ကျေးကျေး ပြောဆိုဆက်ဆံပါသည်။ သူ ပျင်းလို့ရှိရင် ကျွန်တော်ရှိသည့်နေရာသို့ ရောက်လာတတ်ပြီး စကားတွေဘာတွေ ပြောတတ်ပါသည်။ ကျွန်တော့်ခမျာလည်း သူနှင့် စကားပြောတိုင်း ကိုယ့်ဘက်က ကျွံမထွက်ဖို့ အမြဲတမ်း ပါးစပ်ကို ဘရိတ်အုပ်ရပါသည်။ မဟုတ်လျှင် အလိမ်ပေါ်သွားမှာမို့လို့ပါ။

'ပန်းချီမဆွဲချင်လို့ပါ၊ ပန်းချီဆိုတာမျိုးက စိတ်ပါပြီး [illegible] ရှိလာမှ ဆွဲမှကောင်းတဲ့ ပန်းချီကားတစ်ကား ဖြစ်လာမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'မင်းကုသဆီ ကျွန်မ လာတာ တစ်ခုသတိထားမိတာ ရှိတယ်၊ အဲဒါ ရှင်က စာကလေးတွေ စပါးတွဲလေးတွေ စားတာကိုကြည့်ပြီး တစ်ခုခုတွေးနေသလိုပဲ'

ပပဝတီက ကျွန်တော်နှင့် ခပ်ဝေးဝေး မလှမ်းမကမ်းမှာ ဝင်ထိုင်လိုက်ပြီး လက်ထဲမှာကိုင်ထားသော စာအုပ်ကို ဟိုလှန်ဒီလှန် လှန်လို့နေပါသည်။

'ဘာရယ် မဟုတ်ပါဘူးဗျာ၊ စာကလေးတွေနဲ့ လူတွေအကြောင်း နှိုင်းနှိုင်းတွေးမိလို့ပါ'

'ဘယ်လိုတွေးမိတာလဲ'

'ဩော်… လူတွေချမ်းသာတာ ပိုင်ဆိုင်တာ ပြောပါတယ်၊ စာကလေးတွေလောက် ပိုင်ဆိုင်မှု များသလားဆိုတာပါ'

ကျွန်တော့်စကားကြောင့် ပပဝတီ ခေါင်းစားသွားသလား မသိပါ။

'ကျွန်မ ရှင်ပြောတာ သိပ်နားမလည်ဘူး'

'ဒီလိုပါဗျာ… လူတွေက သူတို့ ပိုက်ဆံချမ်းသာတာ သူတို့မှာ အိမ်တွေခြံတွေများတာ ဂုဏ်ယူနေကြတယ်လေ၊ စာကလေးတွေလို ချမ်းသာတဲ့နေရာမှာ မီလို့လားလို့၊ စာကလေးတွေက ဘုရင့်နန်းတော်ထဲမှာ နေမလား၊ သမ္မတအိမ်မှာ နေမလား၊ သူဌေးကြီးအိမ်မှာ နေမလား၊ ဟိုကယ်ကြီးတွေမှာ နေမလား၊ တကယ့်နေရာကောင်းတဲ့ နေရာတွေမှာ နေလို့ရတယ်လေ၊ ပိုင်ဆိုင်ကြေးဆို စာကလေးတွေကို မီနိုင်ပါ့မလား။ ကြိုက်တဲ့နေရာမှာ နေလို့ရတယ်၊ အိပ်လို့ရတယ်လေ: သူဌေးကြီး သူကြွယ်ကြီးတွေ သူတို့လောက် ပိုင်ပါ့မလား၊ တစ်ခုပဲ





ရှိတာ၊ အဲဒီလို ပိုင်ဆိုင်မှုပေါပါတယ်ဆိုတဲ့ စာကလေးတွေ အနေမတတ် အစားမတတ်ရင်တော့ ငှက်ပစ်သမားကြောင့် ဘဝဆုံးနိုင်တယ်ဆိုတာလေ၊ ကျွန်တော်တို့ လူတွေဆိုရင်တော့ မပြောနဲ့တော့၊ ကိုယ့်ကြွယ်ဝမှုက စာကလေး ငှက်ကလေးတွေ ပိုင်ဆိုင်တာထက်စာရင် အသေးအမွှားပဲလို့၊ ဒါကိုတွေးမိတာပါ'

ပပဝတီက ကျွန်တော့်စကားအဆုံး ကျွန်တော့်ကို ထူးဆန်းသလို အကဲခတ်ပါသည်။ သူ့မျက်နှာအမူအရာကို ကြည့်ရသည်မှာ တစ်စုံတစ်ရာအတွက် သံသယရှိနေပုံမျိုး ဖြစ်ပါသည်။

'ရှင့်ကို ကျွန်မ ဘယ်လိုနားလည်ရမှန်း မသိဘူး၊ ရှင့်ရဲ့ တွေးခေါ်ယူဆပုံမျိုး ကျွန်မ တစ်ခါဖူးမျှ မတွေးမိဘူး၊ ရှင်က ကိုးတန်းပဲ ပညာသင်ခဲ့တာ ဟုတ်ရောဟုတ်ရဲ့လား မင်းကုသ၊ ကျွန်မတော့ သိပ်မယုံချင်ဘူး'

'ဟုတ်ပါတယ်၊ တကယ် ကိုးတန်းကျောင်းသား အစစ်ပါ၊ တွေးတောတယ်ဆိုတာက မြင်တာ သိတာကို ဆက်စပ်ပြီးတွေးတာက လူတိုင်းလုပ်နိုင်ပါတယ်၊ ဦးနှောက်ကို အလုပ်မပေးကြလို့ပါ၊ လူတိုင်း တွေးနိုင်တာပဲဟာ'

'ကဲ… ဟုတ်ပါပြီလေ၊ ကျွန်မလည်း ပျင်းနေတာနဲ့ အတော်ပဲ၊ ဟောဒီ ဉာဏ်စမ်းစာအုပ်ထဲကပဟာလေးတွေ ရှင့်ကို နည်းနည်းမေးကြည့်ရမယ်'

ပပဝတီက စာအုပ်ကို ဟိုလှန်ဒီလှန် လှန်ရင်းက ပိတ်လိုက်ပါသည်။

'နှစ်နဲ့ နှစ်ပေါင်းရင် ဘယ်လောက်ရလဲ'

ဒီကွာတော့ ကျွန်တော် ရောက်ပြီလို့။ ပပဝတီတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို မည်သည့်စိတ်ကူးနှင့်များ မေးလိုက်လေသလဲ မသိပါ။

'ဉာဏ်စမ်းပဟေဠိဆိုတာမျိုးက ရိုးရိုးဉာဏ်စမ်းနဲ့ ဖြန့်တွက်တွေးပြီး ဖြေရတဲ့ ဉာဏ်စမ်းရှိတယ်၊ အခု မပပဝတီမေးတဲ့ ဉာဏ်စမ်းက အဖြေအမျိုးမျိုး ဖြေလို့ရတယ်၊ သင်္ချာနည်းအရ နှစ်နဲ့ နှစ်ပေါင်းရင် လေးဖြစ်တယ်ဆိုပေမယ့် ကလေးနှစ်ယောက်က မုန့်နှစ်ခုစီကို စားလိုက်လို့ ဗိုက်ထဲရောက်ရင် မစင်ဖြစ်သွားတာဆိုတော့ သုညပဲရမယ်၊ ဒီတော့ ဉာဏ်စမ်းပဟေဠိထဲက အဖြေမှန်ကို တထစ်ချထားလို့ မရဘူး'

'ထားပါတော့၊ ဒါဆို ကြက်ခြံတစ်ခြံမှာ ကြက်ကောင်ရေ တစ်ထောင်ရှိတယ်၊ တစ်နေ့ကို ကြက်ဆယ်ကောင်ခိုးရင် တစ်လဆိုဘယ်နှကောင်ခိုးမလဲ'

ပပဝတီက ထပ်ပြီး မေးခွန်းထုတ်ပြန်ပါသည်။ ဘာဖြစ်လို့ ကျွန်တော့်ကို မေးလေမှန်း မသိ။

'ဒါလည်း စောစောကလိုပဲ ပုံမှန်သင်္ချာနည်းနဲ့ဆို တစ်လကို အကောင်သုံးရာပေါ့၊ ဒါပေမဲ့ အဲဒီကြက်ခြံက လုံခြုံရေးလျော့ပေါ့မယ်၊ ခိုးရတာ လွယ်မယ်ဆိုရင်တော့ တစ်နေ့တည်း ကစ်ခြံလုံးကုန်ရင်လည်း ကုန်သွားမှာပဲ၊ ဒါမှမဟုတ် နောက်နေ့မှာ ပိုင်ရှင်က သိလို့ လုံခြုံရေးတိုးမြှင့်ချထားရင် ခိုးလို့မရမှာလည်း ရှိတယ်၊ ကံမကောင်းလို့ ကြက်ငှက်တုပ်ကွေးဖြစ်ရင် ခိုးစရာတောင် မလိုဘူး၊ ကြက်တွေအကုန်လုံး သေတာပဲ၊ ဒီတော့ အဲဒီမေးခွန်းရဲ့ အဖြေက unknown ပဲ၊ ဘာမှပြောလို့မရဘူး'

ပပဝတီက ကျွန်တော့်စကား ဆုံးသွားသောအခါ ထိုင်ရာထကာ မတ်တတ်ရပ်ရင်းက လက်ဖျောက်တစ်ချက် တီးလိုက်ပါသည်။





'သေချာပြီ မင်းကုသ၊ ရှင်က ဘယ်နည်းနဲ့မှ ကိုးတန်းနဲ့ ကျောင်းထွက်တာ မဖြစ်နိုင်ဘူး၊ ရှင်က ဘွဲ့ရပြီးသား ပညာတတ်ဖြစ်ရမယ်၊ တစ်ခုခုကြောင့် ရှင် ဒီမှာ ခတ်မြှုပ်နေတာ ဖြစ်မယ်၊ အခု ရှင် ဝန်မခံသေးရင်လည်း ရတယ်၊ တစ်နေ့နေ့တော့ ရှင် ဝန်ခံရမယ်၊ မှတ်ထား'

ပပဝတီက လေသံခပ်မာမာနှင့် ပြောပြီးနောက် မျက်စောင်းတစ်ချက်ထိုးပြီး ကျွန်တော့်အနားက ထွက်သွားပါသည်။

သေချာပါသည်။ ပပဝတီက ကျွန်တော့်ကို ပြောဆိုပြီး ထိုးသွားသော မျက်စောင်းက နဂါးမျက်စောင်း မဟုတ်ပါ။ တစ်စုံတစ်ခုကို ကျေနပ်လို့ ထိုးသွားသော အလှမျက်စောင်းသာ ဖြစ်ပါသည်။

✱

ကျွန်တော် မညာပါ။ ပပဝတီ ထိုးသွားသော ထိုမျက်စောင်းကို ကျွန်တော် ချစ်မိသွားသည်ဆိုတာ ဝန်ခံပါရစေ။

အချစ်ဆိုတာ တစ်ခါတလေတော့လည်း ပြောရခက်သားလားလို့။

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com

မင်းဟာ

ငါရဲ့

ကိုယ်ပိုင်ဂြိုဟ်တစ်လုံးပဲ

ဖြစ်ရတယ်။

## ၁၃

ကျွန်တော် သည်နေ့ တော်တော်ပျော်ပါသည်။

ဘာဖြစ်လို့လဲဆို ပပဝတီတို့ခြံထဲမှာ ကျွန်တော် စိုက်ထားသော သီးပင်စားပင်တွေမှ အသီးအနှံတွေက ခူးဆွတ်လို့ရပြီဖြစ်သောကြောင့် မမောမပန်းဘဲ ခူးနေရလို့ ဖြစ်ပါသည်။

ခရမ်းသီးတွေရော၊ ကြက်ဟင်းခါးသီးတွေ့ရော၊ ဂေါ်ဖီထုပ်တွေရော၊ မုန်ညင်းဖူးတွေရော စုံလို့နေပါသည်။ ခူးပြီးသား အသီးအနှံတွေကို သူ့ဟာနှင့်သူ ကျွန်တော် ခွဲပြီးပုံထားကာ ကွပ်ပျစ်ကလေးကနေ ထိုင်ကြည့်နေမိသည်။

သည်အသီးအနှံတွေက ကျွန်တော့်လုပ်အား၊ ကျွန်တော့်ချွေးစက်များဖြင့် ရယူခဲ့သော အရာများဖြစ်သဖြင့် ကျွန်တော့်အတွက် ဥတ်သူလို့မဆုံး ဖြစ်နေပါသည်။

'ဟယ်... မောင်မင်းကုသ၊ များလှချည်လား အသီးအနှံတွေ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်ဖြင့် အသီးအနှံတွေ ဒီလောက်ရမယ်တောင် မထင်ဘူး'

အိမ်ကြီးပေါ်ကနေ ပပဝတီ၏ မိခင် ဒေါ်ခင်သန္တာလင်းက ရောက်လာပြီး ပုံထားသော အသီးအနှံများကို ကိုင်လိုက်ချလိုက်လုပ်ရင်းမှ ကျွန်တော့်ကို လှမ်းပြောပါသည်။

ဒေါ်ခင်သန္တာလင်း၏ မျက်နှာမှာလည်း ကြည်နူးကျေနပ် အံ့ဩနေသည့် အနေအထားမျိုး တွေ့ရပါသည်။

'ကျွန်တော် ပြောပါရောလား ဒေါ်ဒေါ်ရယ်၊ ဒေါ်ဒေါ်တို့ခြံရဲ့ မြေအနေအထားက ကောင်းပါတယ်ဆိုတာလေ၊ ကဲ…ဒေါ်ဒေါ် အသီးအနှံတွေကတော့ အများကြီးပဲ၊ ဒေါ်ဒေါ်တို့ စားလည်း ကုန်မှာ မဟုတ်ဘူး၊ ဘာလုပ်ချင်လဲ'

'ဘာလုပ်ရမှာလဲ ငါ့တူရဲ့၊ ဒါတွေကို အိမ်နီးချင်းတွေကို အကုန်ဝေပေးမယ်၊ ဒေါ်ဒေါ့်တူလည်း ကုသိုလ်ရ၊ ဒေါ်ဒေါ်တို့လည်း ကြည်နူးရတာပေါ့၊ တစ်ခါဖူးမျှ ကိုယ့်ခြံကထွက်တဲ့ သီးနှံနဲ့ ဝေဖူးတာ မဟုတ်ဘူး၊ ဒါ ပထမဦးဆုံးပဲ'

ဒေါ်ခင်သန္တာလင်းက ခရမ်းသီးများကို ရွေးလိုက်၊ ဂေါ်ဖီထုပ်များကို ရွေးလိုက်နှင့် လုပ်နေပါသည်။

'ဒေါ်ဒေါ် ဘယ်လိုပေးချင် ဝေချင်သလဲ၊ ဒေါ်ဒေါ် မရွေးပါနဲ့၊ ကျွန်တော် လုပ်ပေးပါ့မယ်၊ ဒေါ်ဒေါ်တို့စားဖို့သာ သတ်သတ်ဖယ်ထားလိုက်၊ နောက်ထပ် နှစ်ရက် သုံးရက်လောက်ဆို အသီးအနှံတွေက ထပ်ခူးလို့ရသေးတယ်'





'ဟုတ်လား၊ နေဦး… ဒေါ်ဒေါ် အိမ်ထဲသွားပြီး ထမင်းချက်တဲ့ လုလုကို ခေါ်လိုက်ဦးမယ်၊ ပပဝတီတို့အဖေကိုလည်း ခေါ်ပြရမယ်၊ ခဏလေး ငါ့တူ'

ခရမ်းသီးအလုံးကြီး ငါးလုံးနှင့် ဂေါ်ဖီထုပ်ကြီးတစ်ထုပ်ကို ပွေ့ပိုက်ပြီး ဒေါ်ခင်သန္တာလင်းက အိမ်ကြီးဆီသို့ ထွက်သွားပါသည်။ ခြေလှမ်း ခပ်သုတ်သုတ်နှင့် ထွက်သွားသော ဒေါ်ခင်သန္တာလင်းကို ကြည့်ခြင်းအားဖြင့် ဘယ်လောက်မျှ ကျေနပ်နေကြောင်း ကျွန်တော် ကောင်းကောင်းကြီး သဘောပေါက်ပါသည်။

*

'အင်း… ဒီခြံဟာ မင်းရောက်လာမှပဲ စိုစိုပြည်ပြည်ဖြစ်လာတော့တယ်၊ ဦးက ဦးအလုပ်နဲ့ ဦးဆိုတော့ ဘာမှ ကိုယ်နေတဲ့ အိမ်ကို လှည့်မကြည့်အားဘူး၊ အခုတော့ ဦးရဲ့ ခြံဟေဟာက တကယ့် ဥယျာဉ်တစ်ခုလို ဖြစ်နေတာပဲ၊ ဦးတော့ ဒီအလုပ်က မင်းထွက်သွားမှာတောင် စိုးရိမ်နေပြီ'

အိမ်ကြီးထဲကနေ ဒေါ်ခင်သန္တာလင်းနှင့်အတူ ဦးလင်းမောင်လွင်ပါ ကျွန်တော် ရှိရာသို့ ရောက်ချလာပြီး ဦးလင်းမောင်လွင်က သူ့ရှေ့မှာရှိသော အသီးအနှံတွေကို ကြည့်ရင်းက ကျွန်တော့်အား ပြောခြင်းဖြစ်ပါသည်။

'ခင်ရေ… ရှိတာတွေ အကုန်သာ အိမ်နီးချင်းတွေ [illegible]'

ဦးလင်းမောင်လွင်က ဒေါ်ခင်သန္တာလင်းကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



'မောင်မင်းကုသ မင်းလည်း ရေချိုး၊ ဒါတွေ ထားခဲ့၊ လုလု လာလိမ့်မယ်၊ ဒီနေ့ မနက် breakfast တော့ ဦးတို့နဲ့ အိမ်ထဲမှာ အတူတူစားကွာ၊ မင်းရဲ့ လုပ်အားအတွက် ဂုဏ်ပြုတာပေါ့ကွာ၊ မဟုတ်ဘူးလား'

'မလုပ်ပါနဲ့ ဦးရာ၊ မဟုတ်တာ၊ မသင့်တော်ပါဘူး'

ကျွန်တော်က ငြင်းပါသည်။

'ဘာလို့ မဟုတ်ရမှာလဲ၊ ငါတို့ကို ဦး ဒီရောက်ကတည်းက မသိမသာ အကဲခတ်မိပါတယ်ကွာ၊ မင်းက နေတတ်စားတတ် အလိုက်သိတတ် အခွင့်အရေးမယူတတ် ကိုယ့်အလုပ်ကိုယ် လုပ်တယ်ဆိုတာ၊ ကဲ... ရေသွားချိုး'

ဦးလင်းမောင်လွင်က အသားကုန် ကျွန်တော့်ကို အမှက်တွေစွတ် ပေးနေပါသည်။ ကျွန်တော်လည်း မထူးတော့ပါဘူးဆိုပြီး ရေသွားချိုးပါ တော့သည်။

သစ်ပင်အောက်က ဘုံဘိုင်မှာ ရေချိုးနေရင်းက ကျွန်တော် မြင်နေရတာက ဦးလင်းမောင်လွင်နှင့် ဒေါ်ခင်သန္တာလင်းတို့နှစ်ယောက် အသီးအနှံတွေကို ဟိုပုံဒီပုံနှင့် အိမ်နီးချင်းတွေ ဝေဖို့ အလုပ်ရှုပ်နေကြ တာပဲ ဖြစ်ပါသည်။

*





ကျွန်တော် တွေးမိပါသည်။ ဘဝမှာ ပီတိ သို့မဟုတ် ကြည်နူး ခြင်းများကို တစ်ခါတစ်ရံမှာ ငွေနှင့်ဝယ်ယူလို့မရဘူးဆိုတာပဲ ဖြစ်ပါ သည်။

* * *

ပပဝတီက မနက်တုန်းက သူ့အိမ် ထမင်းစားခန်းမှာ ဦးလင်း မောင်လွင်က ခေါ်သဖြင့် ကျွန်တော် breakfast စားတုန်းက ဘာမှ မပြောသေးဘဲ ဦးလင်းမောင်လွင် အလုပ်သွားတော့မှ ကျွန်တော့်ကို ကားနှင့် အပြင်သွားစရာရှိသည်ဆိုပြီး ကားမောင်းပို့ခိုင်းသည်။ ဘယ်ကို မောင်းပို့ရမှာလဲ ကျွန်တော်ကမေးတော့ ပပဝတီက ဘာမျှမပြောဘဲ ကားကိုသာ ဆက်မောင်းခိုင်းသည်။ သည်လိုနှင့် ဗဟန်း (၃)လမ်းမှတ် တိုင်နားသို့ ရောက်လာသည်။

'မင်းကုသ မျှော်စင်ကျွန်းဘက်ကို မောင်း၊ အဲဒီကို သွား မယ်'

ပပဝတီက ကားနောက်ခန်းကနေ လှမ်းပြောပါသည်။ ကျွန်တော် လည်း တိရစ္ဆာန်ရုံ ငါးပြတိုက်ဘက်အခြမ်းသို့ ကားကိုကွေ့ပြီး မျှော်စင် ကျွန်းရှိရာသို့ မောင်းလာခဲ့ပါသည်။

'ဟိုရှေ့က Fun စားသောက်ဆိုင်ရှေ့မှာ ကားကိုရပ်လိုက်'

ကျွန်တော်လည်း ကားကို အရိပ်ရမည့်နေရာကိုရွေးကာ ရပ်လိုက် ပါသည်။

'ကဲ... မင်းကုသ၊ တစ်ခုခုစားရအောင်၊ ဆင်းလေ'



www.burmeseclassic.com

www.burmeseclassic.com



'မပပဝတီသာ စားပါ၊ ကျွန်တော် ဒီကစောင့်နေပါ့မယ်'

'မဟုတ်ဘူး၊ ရှင်ပါမှ ရမယ်၊ လာပါ'

ကျွန်တော်လည်း 'မထူးတော့ပါဘူး ဆိုပြီး ကားပေါ်မှဆင်းကာ ပပဝတီနောက်ကနေ Fun စားသောက်ဆိုင်ရှိရာသို့ လိုက်လာခဲ့သည်။

ပပဝတီက ကန်စပ်နားရှိ လူရှင်းသော စားပွဲခုံမှာ ဝင်ထိုင်သည်။

ပြီးတော့ စားပွဲထိုးကိုခေါ်ပြီး မှာစရာရှိတာများကို မှာပါသည်။

'ရှင့်ကို ဒီခေါ်တာ ပေးစရာရှိလို့၊ ရှင် မငြင်းရဘူး၊ အိမ်မှာဆို ဖေဖေတို့ မေမေတို့မြင်ရင် တစ်မျိုးဖြစ်မှာစိုးလို့'

ပပဝတီက သူမ စလင်းဘက်အိတ်ထဲကနေ ဘူးငယ်လေးတစ်ဘူးကို ထုတ်လိုက်ပါသည်။

'ရော့.. အဲဒါ ဘာလဲသိချင်ရင် ဖွင့်ကြည့်'

ကျွန်တော့်လက်ထဲ ဘူးငယ်လေးတစ်ဘူး လှမ်းပေးပါသည်။ ဘူးအခွံက မီးခိုးရောင်ဖြစ်ပြီး အတော်လှပါသည်။ နိုင်ငံခြားဖြစ် ဖြစ်ဖို့က ပိုများသည်။

ကျွန်တော်လည်း ဘူးထဲက ဘာများဖြစ်လေမလဲ ဖွင့်ကြည့်လိုက်သောအခါ နားလေးသည်သူများ တပ်လေ့ရှိသော နားကြပ်တစ်ခု ဖြစ်နေပါသည်။

'နားကြပ်လေးပါလား'

'ဟုတ်တယ်၊ အဲဒါ ရှင့်ဖို့၊ ရှင်က နားလေးတော့ သဲသဲကွဲကွဲ ကြားရမှာ မဟုတ်ဘူး၊ ဒီတော့ ရှင် နားကြားတော့ ကျွန်မနဲ့





စကားတွေဘာတွေ သဲသဲကွဲကွဲပြောလို့ ရတာပေါ့၊ ပြီးတော့ ရှင့်ဆီက ကျွန်မ မသိတဲ့ ဗဟုသုတတွေလည်း ရတယ်လေ၊ ကဲပါ… ရှင့်နားမှာ တပ်ကြည့်ပါဦး'

'မတပ်ပါရစေနဲ့ဗျာ၊ ရှက်စရာကြီး'

ပြောမည့်သာ ပြောတာ ငြင်းမည့်သာ ငြင်းတာ။ ကျွန်တော့်ရင်ထဲမှာတော့ ဝမ်းသာလုံးဆို့၍ ကုလားဘုရား လှည့်နေသလားတောင် ထင်ရပါသည်။ ကျွန်တော် စီမံထားသော'အစီအစဉ်က အောင်မြင်စပြုလာပြီဆိုတာ ကျွန်တော် ကောင်းကောင်းကြီး သဘောပေါက်လိုက်ပါသည်။

'ပေးတဲ့လူက စေတနာနဲ့ပေးတာကို ရှင်က ငြင်းနေသေးတယ်။ တပ်မှာသာ တပ်စမ်းပါ၊ ဒီက လက်ဆောင်ပေးရတဲ့သူက ကြည်နူးချင်လို့'

တမင်တကာ ဒေါသထွက်လေဟန် ပုံစံမျိုးနှင့် ပပဝတီက ပြောပါသည်။

ကျွန်တော်လည်း လက်ထဲမှာရှိသော နားကြပ်ကိုယူပြီး ညာဘက်နားမှာ တပ်လိုက်ပါသည်။

'အားပါးပါး'လို့ ပြောရမလိုပါပဲ။ ကျယ်လိုက်သည့် အသံ များက ကောင်းနေတာဆိုတော့ ပြင်ပက အသံတွေက နားကြပ်တပ်ထားတော့ ပိုပြီးကျယ်လောင်နေပါသည်။ သေချာကတော့ သည်နားကြပ် တပ်မှ တကယ် နားကန်းရမည့်ကိန်း ဆိုက်နေပါသည်။ နားကြပ်ကို နားထဲမှ ပြန်ချွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် အခုတပ်ရမှာ အကျင့်မရှိသေးတော့ တစ်မျိုးကြီး ဖြစ်နေတယ်၊ ဒီတော့ အိမ်ရောက်မှ တပ်မယ်နော်'

'ရှင်ဟာလေ တစ်ဖက်လူရဲ့ ကြည်နူးမှုကို မမျှဝေတတ်ဘူး ကျွန်မကတော့ ဩော်… ငါလက်ဆောင်ပေးတဲ့ နားကြပ်လေး နဲ့ သူတော့ အဆင်ပြေပြီလို့ တွေးပြီး ကြည်နူးမဝတုန်းပဲ ရှိနေ သေးတယ်၊ ရှင်က ပြန်ချွတ်လိုက်တော့ ဒီမှာ သနင်းဆန်း ဖြစ်သွားတာပေါ့'

ကျွန်တော် မှားသွားပါသည်။ ပပဝတီဘက်က ပြောတာမှ မှန် နေလို့ပါ။

လူတစ်ယောက်၏ ကြည်နူးပီတိ ဖြစ်နေမှုကို ဘာဖြစ်လို့ ကျွန်တော် မျက်ကွယ်ပြုသလဲလို့ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်ရင်း နားကြပ်ကို ပြန်ထုတ်ပါသည်။

'တော်ပါ… ထုတ်မနေနဲ့နော်၊ အိမ်ရောက်မှပဲ တပ်တော့ မှာထားတာတွေလာရင်သာ ကုန်အောင်စား'

'ဟုတ်ကဲ့ပါ ခင်ဗျာ'

'ဘာ ဟုတ်ကဲ့လဲ၊ အခုမှ လာပြီး…'

ဟော… ပပဝတီက မျက်စောင်းထိုးပြန်ပါသည်။ သေချာတာ က ယခုတစ်ခါထိုးသောမျက်စောင်းက မုန်းတီး၍ထိုးသော မျက်စောင်း မဟုတ်ရေးချေ မဟုတ်။

ကျေနပ်တော်မူ၍ထိုးသော မျက်စောင်း ဖြစ်နေပါသည်။

သည်အချိန်မှာပဲ ပပဝတီ မှာထားသော အစားအသောက်များ





ကို စားပွဲထိုးက လာချပေးပါသည်။

'စားစရာရှိတာကို စား၊ ဘာမှ မပြောနဲ့၊ မငြင်းနဲ့'

ပပဝတီက ကျွန်တော့်ကို တစ်ချက်လှမ်းအမိန့်ထုတ်ပြီး အမိန့် ပေးပါသည်။

ကျွန်တော်ကတော့ ဘာမှမစားသေးဘဲ ကန်တော်ကြီး ကရဝိတ် ဖျော်စင်ကျွန်းက သစ်ပင်တွေ အုပ်အုပ်ဆိုင်းဆိုင်း ရှိနေတာကို ငေးမော ကြည့်နေမိပါသည်။

'စားလေ မင်းကုသ၊ ဘာတွေကြည့်ပြီး ငေးနေတာလဲ'

'ဩော်… ဖတ်ဖူးတာလေးတစ်ခု သတိရလို့ပါ၊ သစ်ပင်တစ်ပင် မှာ အဏုစိတ်မှန်ဘီလူးနဲ့ကြည့်ရင် အဲဒီသစ်ပင်ထဲမှာ အင်းဆက် အကောင်လေးတွေ သန်းနှစ်ဆယ်လောက် မှီတင်းနေထိုင်တယ် လို့ သိရတယ်၊ ဒီကန်တော်ကြီး ကရဝိတ်ဖျော်စင်ကျွန်းမှာရှိတဲ့ အပင်တွေဆို သန်းကောင်ရေ ဘယ်လောက်များရှိမလဲ တွေးနေ မိတာပါ'

'အောင်မယ်လေး… ကျွန်မတော့ မှားပြီ၊ ကျွန်မရဲ့ဖေဖေက ကျွန်မအတွက် ဒရိုင်ဘာငှားပေးပါဆိုတာ ဘယ့်နှယ် အဘိဓမ္မာ အတွေးအခေါ်သမားကို ဝန်ထမ်းခန့်လည်း မသိဘူး၊ စားမှာသာ စားပါ'

ပပဝတီက ကျွန်တော့်စကားကို နားထောင်ပြီး ရယ်ရင်းဖြာ ပြောပါသည်။

ကျွန်တော်လည်း မှာထားသည့် ဟင်းတွေကို ဟိုတစ်ခွန်း



www.burmeseclassic.com

www.burmeseclassic.com



သည့်တစ်ခွန်း ကျွန်တော် စားမည့်ပန်းကန်ထဲ ခပ်ထည့်လိုက်ပါသည်။ ထို့နောက် ဘာစကားမှမဆိုတော့ဘဲ ကျွန်တော်ရော ပပဝတီပါ စားစရာရှိတာများကို စားနေမိပါသည်။

'ဒါပဲနော်··· ရှင် အိမ်ရောက်ရင်တော့ ကျွန်မပေးတဲ့ နားကြပ်တပ်ရမှာ၊ အိမ်မှာလည်း ဖေဖေရော မေမေပါ ရှင်စိုက်လို့သီးတဲ့ အသီးအနှံတွေအကြောင်း ပြောနေတာ၊ တစ်နေ့လုံးများပြောမလား မသိဘူး၊ ဟုတ်တော့လည်း ဟုတ်တာပဲ၊ ဒါမျိုးတစ်ခါဖူးမှ မဖြစ်ဖူးတာကိုး'

'ဒါပေါ့ဗျာ··· ပီတိဆိုတာ ပိုက်ဆံပေးဝယ်တိုင်း ရတာမှမဟုတ်တာ'

ပပဝတီက စားပွဲထိုးကို ပိုက်ဆံရှင်းပေးပြီး ပြန်ခါနီးမှာ ပြောပါသည်။

ထို့နောက် ပပဝတီနှင့် ကျွန်တော်တို့ Fun စားသောက်ဆိုင်ကနေ ကားရှိရာသို့ လာခဲ့ကြပါသည်။

✷

'ဘယ်လိုဖြစ်လို့ အောင်မြင့်ဇံက ကားရှေ့ ရောက်နေရတာလဲ ပြောပြသနာပါပဲ'

ရပ်ထားသော ကားနားသို့ ရောက်ခါနီးမှာ အောင်မြင့်ဇံကိုမြင်လိုက်ရသဖြင့် ပပဝတီက ဒေါသဖြစ်သွားပုံရပါသည်။

အောင်မြင့်ဇံ ကတော့ ပပဝတီ ကားရှေ့မှာရပ်ရင်းက ပပဝတီကို





သာမက ကျွန်တော့်ကိုပါ မကျေနပ်သည့်အကြည့်နှင့် ကြည့်နေပါသည်။

'အောင်မြင့်ဇံ နင်က ငါ့ကားရှေ့မှာ ဘာလာလုပ်တာလဲ၊ ဖယ်ပေး'

'ငါ ဒီမှာ စောင့်နေတာ ဖယ်ပေးဖို့မဟုတ်ဘူး၊ နင့်ဆီက ပြတ်သားတဲ့အဖြေ သိချင်လို့၊ နင် ··· ကား ဒီထဲဝင်လာတာ လှမ်းမြင်လို့ ငါ့ကားကို ဒီထဲ ဝင်ချလာပြီး စောင့်နေတာ'

ပွဲကတော့ အောင်မြင့်ဇံဘက်ကနေ ကြမ်းတော့မည့်ပုံ ယူဆလို့ရသည်။

ကားရှေ့မှာ ပိတ်ရပ်ပြီး အပီအပြင် ပေါက်ကွဲနေပါသည်။

'အောင်မြင့်ဇံ နင့်ကို ငါ ဘယ်နှခါပြောရမလဲ၊ ငါ့ကို မနှောင့်ယှက်ပါနဲ့ဆိုတာ၊ နင် လွန်နေပြီနော်'

'ဒီမှာ ပပဝတီ၊ အချစ်မှာ လွန်တာမရှိဘူး၊ လိုတာပဲ ရှိတယ်၊ ဒီတော့ နင်က ငါ့ကို လက်ထပ်မလား၊ မထပ်ဘူးလား ပြောအေး··· ငြင်းရင်တော့ နင့်ကို ငါ ကားတင်ပြေးဖို့ အသင့်ပဲ'

တော်တော်လေး အိုက်တင်ကောင်းသည့် အောင်မြင့်ဇံလို့ ဘာဖြစ်လို့လဲဆို သူပြောနေသည့်ပုံက မြန်မာ့ရုပ်ရှင် ဗီဒီယိုတွေထဲက လူကြမ်းသရုပ်ဆောင် အမူအရာမျိုးနှင့် တူနေလို့ပါ။

'နင် ရူးနေလား အောင်မြင့်ဇံ၊ ဒါ မင်းမဲ့နိုင်ငံ မဟုတ်ဘူး နင် ဘာဖြစ်သွားမယ်ထင်လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ငါက နင့်ကိုရရင် ဘာမှမဖြစ်ဘူး၊ အေး… မရရင်တော့ နင် တစ်ခုခုဖြစ်မှာပဲ'

အောင်မြင့်ဇံက သူပြောချင်တာတွေ စွတ်တင်ပြီး ပြောနေတာ အနေအထားမှာ ကျွန်တော် မရှိသည့် အလားပါပဲ။ ကျွန်တော့်ကို ဒရိုင်ဘာဖြစ်နေလို့ ဂရုမစိုက်တာလည်း ဖြစ်နိုင်ပါသည်။ သည်ပွဲက ကျွန်တော် မဝင်ပါလို့ မရတော့ပါ။

'ဒီက အစ်ကို တော်ပါတော့ဗျာ၊ တစ်ဖက်က လက်မခံမှတော့ အစ်ကို နောက်ဆုတ်ပေးလိုက်ပါ'

'ဘာလို့နောက်ဆုတ်ရမှာလဲ ဒရိုင်ဘာ သွားခေါ်ရ၊ မင်းနဲ့ ဘာဆိုင်လဲ၊ မင်းက ဘာကောင်မို့လို့ ငါ့ကို လာပြောရတာလဲ'

'ကျွန်တော် ဘာကောင်မှ မဟုတ်ပါဘူး၊ မပပဝတီရဲ့ ဒရိုင်ဘာ ဖြစ်နေတော့ တောင်းပန်တာပါ'

ကျွန်တော်က တောင်းပန်ပေမယ့် အောင်မြင့်ဇံက အလျှော့ပေးမည့်ပုံ မပေါ်ဘဲ ကျွန်တော့်ရှေ့သို့ တိုးလာပါသည်။

'ဟေ့ကောင် သွားခေါ်၊ မင်း ဖယ်ကွာ'

'မဖယ်ဘူးဗျာ'

'မဖယ်ရအောင် မင်းက ဘာကောင်လဲ၊ ကဲကွာ'

'ခွပ်'

'ခွပ်'

'ခွပ်'

'အား…'



'ချလွမ်း…'

'ဟင်… မျက်မှန်ကွဲသွားပါလား၊ မင်းကုသ ရှင့်ပါးစပ်ထဲက သွားတုကြီး ကျွတ်ထွက်သွားပါလား၊ ဘာတွေလဲ'

မတတ်နိုင်တော့ပါ။ ကျွန်တော်က တားတာကို အောင်မြင့်ဇံက ပြေးထိုးသဖြင့် ကျွန်တော်က ရှောင်ရင်းမှ လက်သီးဖြင့် အောင်မြင့်ဇံ မျက်နှာကို ထိုးပါသည်။ အောင်မြင့်ဇံကလည်း ကျွန်တော့်ကို ပြန်ထိုးပါသည်။ ကျွန်တော်က နှစ်ချက်ဆက်တိုက် သူ့မျက်နှာကို လက်သီးဖြင့် ထိုးသဖြင့် သူ လဲကျမလိုဖြစ်ရင်းက ကျွန်တော့်ကို တစ်ချက်ပြန်တွယ်ပါသည်။

သူ့ထိုးချက်က ကျွန်တော့်မျက်နှာကို ကွက်တိပင်။ ထို့ကြောင့် မျက်မှန်ကိုထိမိပြီး ကွဲသွားကာ ကျွန်တော့်ပါးစပ်မှ သွားတုလည်း ပြုတ်ကျသွားပါသည်။

အောင်မြင့်ဇံက လဲနေရာမှပြန်ထကာ ကျွန်တော့်အား မိုက်ကြည့်ကြည့်ပြီး သူ့ကားရှိရာသို့သွားကာ မောင်းထွက်သွားပါသည်။

ကျွန်တော်က ကွဲကြေနေသော မှန်ကွဲစများကိုကောက်ပြီး လမ်းဘေးသို့ လွှင့်ပစ်လိုက်ပြီး သွားတုကိုပါ ကောက်လိုက်ပါသည်။ ပါးစပ်မှာ ပြန်တော့မတပ်တော့ပါ။

ပပဝတီကတော့ ကျွန်တော့်ကို နားမလည်သလို ကြည့်နေပါသည်။

'မပပဝတီ ကျွန်တော် အိမ်ရောက်မှပဲ ပြောပြတော့မယ်၊ တက်… ကားပေါ်တက်'



www.burmeseclassic.com

www.burmeseclassic.com



ပပဝတီက ကားနောက်ခန်းထဲ ဝင်ထိုင်ပါသည်။ ကျွန်တော်လည်း Fun စားသောက်ဆိုင်ရှေ့ကနေ ကားကိုမောင်းထွက်ခဲ့ပါသည်။ ကားမောင်းလာရင်း အိမ်ရောက်လျှင်တော့ ပပဝတီက ကျွန်တော့်ကို ပြောချင်တာ ပြောပါလေ့စေ။

အဖြစ်အမှန်ကို ရှင်းပြပြီး ရင်ဆိုင်မည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်။

အိမ်ရောက်သည့်အချိန်ထိ ပပဝတီက တစ်လမ်းလုံး ကားသာစီးလာသည်။ ကျွန်တော့်ကို လုံးဝ ဘာစကားမျှ မဆိုပါ။

✷

'ဪ… ငါ့တူက ဒီလိုလား၊ ဟား… ဟား… ဟား'

ကျွန်တော် ကံမကောင်းပါ။ ပပဝတီတို့ အိမ်ရောက်တော့ ဦးလင်းမောင်လွင်က အလုပ်ကနေ အိမ်ပြန်ရောက်နေပါသည်။ ပပဝတီက ဖြစ်ကြောင်းကုန်စင် ပြောပြပြီး ကျွန်တော့်ကို ဘာကြောင့် သွားတုတပ်၊ မျက်မှန်တပ်ပြီး ခြံမှာ ဒရိုင်ဘာအလုပ် ဘာလို့လာလုပ်ရသလဲ ဆိုပြီး ဖြေရှင်းချက် တောင်းပါသည်။

ကျွန်တော်ကလည်း ဖြစ်ကြောင်းကုန်စင် မလိမ်ညာဘဲ ပြန်ပြောပြပါသည်။

ထိုအခါ ဒေါ်ခင်သန္တာလင်းနှင့် ပပဝတီက အံ့အားတသင့်ဖြစ်ပေမယ့် ဦးလင်းမောင်လွင်က အံ့အားသင့်ခြင်းမရှိဘဲ ရယ်ပါသည်။

'ဖေဖေက ဘာဖြစ်လို့ရယ်တာလဲ'





'ရယ်ချင်လို့ ရယ်တာပေါ့ သမီးရဲ့၊ ဖေဖေက ဒါတွေအားလုံး သိပြီးသား'၊

'ဗျာ… ဦးလေး ဘယ်လို… ဦးလေး သိတယ်၊ ဟုတ်လား'

အခုတစ်ခါ ပြန်လည်အံ့အားသင့်မိသူက ကျွန်တော်ပဲ ဖြစ်ပါသည်။ ဦးလင်းမောင်လွင်တစ်ယောက် ဘယ်လိုများ သိပါသလဲ ကျွန်တော် သိချင်နေပါသည်။

'ငါ့တူ ဒီအိမ်ကို အလုပ်လာလျှောက်ကတည်းက ငါ့တူရဲ့ ဒယ်ဒီက ဦးလေးကို ဖုန်းနဲ့ကြိုပြီး အသိပေးတယ်၊ ပြီးတော့ ငါ့တူ ဒီမှာ ဘယ်လိုနေမယ်၊ ဘယ်လိုပုံစံပြောင်းပြီးနေရင်းက ဦးရဲ့ သမီး ပပဝတီ ဘယ်လိုလေ့လာမယ်ဆိုတာကအစ အသေးစိတ် ဦးကို စားသောက်ဆိုင်မှာ ပြောပြတယ်၊ ဒီက ငါ့တူရဲ့အခြေအနေကိုလည်း ငါ့တူဖဲ့ဒယ်ဒီကို ပြောပြပြီးသား၊ နောက်ပြီး ငါ့တူကို ဦးက လေ့လာခွင့်လည်း ရတာပေါ့၊ ဒါကို ဒီအိမ်က တစ်ယောက်မှ မသိဘူး ငါ့တူ၊ မင်း တော်ပါတယ်ကွာ၊ ဒါမျိုးမှ ဦးရဲ့သမက် ပီသတာ'

ဦးလင်းမောင်လွင်က ကျွန်တော့်ပခုံးကိုပုတ်ပြီး ချီးကျူးစကားဆိုပါသည်။ ကျွန်တော်ကတော့ ဒယ်ဒီကို တော်တော်လျှို့ဝှက်နိုင်တာပဲလို့။ ကျွန်တော့်ကို ပြန်ပြီးပညာပေးတာ ကျွန်တော့်အဖို့ မသိရသေးသေး။

'ဘယ်လိုလဲ… အခုတော့ ငါ့တူက ဦးရဲ့သမီးကို သဘောကျပြီ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဘာမှမပြောဘဲ ပပဝတီကို ကြည့်ရင်းက ခေါင်းညိတ်ပြပါသည်။

'ကဲ… သမီး'ပပဝတီကရော'

'သမီး ဘာမှမသိဘူး၊ သူ ညာတယ်'

ပပဝတီက ကျွန်တော့်ကို လက်ညှိုးထိုးပြီး ဦးလင်းမောင်လွင်ကို ကလေးတစ်ယောက်လို အမူအရာမျိုးနှင့် ပြောပါသည်။

'သမီးရဲ့နှလုံးသားကို သမီး မညာနဲ့၊ ဒရိုင်ဘာ မင်းကုသဘဝမှာ သမီးရဲ့ မသိစိတ်က သူ့ကိုသနားပြီး သံယောဇဉ်တွယ်မိလို့ သမီးက သူ့ကို စားသောက်ဆိုင်မှာကျွေးမွေး၊ နားကြပ်တွေ ဘာတွေဝယ်ပေး လုပ်တာပေါ့၊ အေး… ဖေဖေကလည်း ဒါတွေ မြင်ကတည်းက သိပြီးသား၊ ဒီမှာ သမီးရဲ့၊ အနေနီးရင် ရုပ်ဆိုးတာ ချောတာမလိုဘူး၊ သံယောဇဉ်ဖြစ်တာပဲ'

ပပဝတီက ဘာမျှမပြောပါ။ ကျွန်တော့်ကိုသာ မျက်စောင်းတွေ စွတ်ထိုးပါသည်။ သို့သော် ထိုမျက်စောင်းတွေက ကြည်နူးသော မျက်စောင်းတွေ ဖြစ်ပါသည်။

'ကိုလွင် ဒါဆို ခင်တို့ ဘာဆက်လုပ်မလဲ'

'ဘာလုပ်ရမှာလဲကွ… မင်းကုသနဲ့ အဖေ ဦးတင်ထွတ်ကိုဖုန်းဆက်ပြီး ဒီကိုအမြန်လာလို့ ခေါ်မှာပဲ၊ အခုမှ သမီး ပပဝတီအတွက် စိတ်အေးတာဟေ့'

ဒေါ်ခင်သန္တာလင်းက ဘာမှမပြောတော့ဘဲ ကျွန်တော့်ကိုသာ ပြုံးပြုံးကြီး ကြည့်နေပါသည်။





'ဦးနဲ့ ဒေါ်ဒေါ် ဒီလိုဆို ကျွန်တော့် အဝတ်အစားလေးတွေ သွားသိမ်းလိုက်ပါဦးမယ်'

'သိမ်းရုံမကဘူး၊ အလကားပေးလို့လည်း ရတယ်'

ကျွန်တော်က ဘုတောပါသည်။ မတတ်နိုင်လို့။ ကျွန်တော် နေထိုင်ရာ အခန်းလေးကိုတော့ ကျွန်တော် အရိုအသေပေးရပါဦးမည်။ သည်အခန်းလေးကနေ ကျွန်တော်နှင့် လက်ထပ်မည့် အမျိုးသမီးကို အကဲခတ်ခွင့်ရခဲ့လို့ပဲ ဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူ ... မင်းဟာ ကိုယ်ပဲကွယ်။
ကိုယ်ကလည်း မင်းပါပဲ။
မင်းအတွက်
ကိုယ့်ဘဝတစ်ခုလုံး ရင်းနှီးမြှုပ်နှံပြီးသား
ကိုယ့်ရဲ့ စုံမက်ချစ်ခင်မှုတွေကို
မင်း သိမ်းထားဖို့ အပိုင်ပေးလိုက်ပြီ။

# ၁၄

နေရောင်ခြည်အောက်မှ မူလတန်း နှစ်ထပ်ကျောင်းဆောင်သစ်က ထည်ဝါခန့်ညားစွာဖြင့် လှပလို့နေပါသည်။ အညာဒေသဖြစ်တာမို့ နေက ပူပြင်းပေမယ့် စာသင်ကျောင်းရှေ့မှာ ရွာလုံးကျွတ်နီးပါး လူက အပြည့်ရှိနေသည်။ ဒိုးပတ်ဝိုင်းမှ အိုးစည်သံတွေကလည်း ပျံ့လွင့်နေပါသည်။

'ယခု ဆောက်လုပ်ပြီးစီးသွားတဲ့ နှစ်ထပ် မူလတန်းစာသင်ကျောင်းသစ်ကို အလှူရှင် ဦးမင်းထွတ်နှင့် ဇနီးဖြစ်သူ ဒေါ်ဝဝတီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပါတော့မယ် ခင်ဗျား'

အစီအစဉ်ကြေညာသူ၏ စကားသံတွေအဆုံး ကျွန်တော်နှင့် ဇနီးဖြစ်သူ ပပဝတီ၏ လက်ထဲသို့ ကတ်ကြေးနှစ်လက် ကျောင်းအထက်တော်ဆောင်အဖွဲ့မှ လာပေးပါသည်။

မိုးပျံပူစီဖောင်းများကို ချည်နှောင်ထားသော ဖဲကြိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပပဝတီတို့က ကတ်ကြေးဖြင့် ဖြတ်လိုက်သည်။

'ဖြောင်း... ဖြောင်း... ဖြောင်း'

ကောင်းကင်ယံသို့ တက်သွားသော မိုးပျံပူဖောင်းများနှင့်အတူ လ..ခုပ်သံတွေက တစ်ပြိုင်နက်ဆိုသလို ပေါ်ထွက်လာပါသည်။

စာသင်ကျောင်းမရှိသော ရွာကလေးမှာ စာသင်ကျောင်းရော သင်မည့်ဆရာရော၊ ကျောင်းသားတွေပါ ရှိလာပြီဖြစ်သဖြင့် ရွာသူရွာသားများ၏ မျက်နှာတွေက ပြုံးချိုရွှင်ပျ ဝင်းလဲ့နေကြပါသည်။

ဒါတင်ပဲလား။

ကျွန်တော့်ဒယ်ဒီ ဦးတင်ထွတ်ရော၊ ပပဝတီ၏ ဖခင် ဦးလင်းမောင်လွင်နှင့် မိခင် ဒေါ်ခင်သန္တာလင်း အပါအဝင် ကျွန်တော်ရော ဇနီးဖြစ်သူ ပပဝတီပါ ကြည်နူးလို့မဆုံး ဖြစ်ရပါသည်။

ကျွန်တော်တို့ ဇနီးမောင်နှံနှင့် နှစ်ဖက်မိဘများ လှူဒါန်းသော ဤကျောင်းကလေးမှနေ၍ ကိုယ့်ရပ်ရွာ ကိုယ့်နိုင်ငံ ကိုယ့်လူ့အဖွဲ့အစည်းကို အကျိုးပြုမည့် အနာဂတ်ရင်သွေးငယ်များ မည်ရွေ့မည်မျှ ထွက်ပေါ်လာလေမလဲလို့ မျှော်လည်း မျှော်လင့်မိပါသည်။ စာပေပညာသင်ကြားခြင်းအားဖြင့် ရင်သွေးငယ်များ သူတစ်ပါးလိမ်ညာခြင်းမှ ကင်းဝေးကြရပါတော့မည်။

ဤအစီအစဉ်ကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသော ကျွန်တော့်ဒယ်ဒီနှင့် ပပဝတီ၏ ဖခင်ကိုလည်း ကျွန်တော်တို့ဇနီးမောင်နှံနှစ်ဦးက ကျေးဇူးအခါခါ တင်မိပါသည်။



'ပပဝတီ ကိုယ်တို့လှူတဲ့ စာသင်ကျောင်းကလေးထဲမှာ စာသ
ကြားရမယ့် ပန်းကလေးတွေ ဝေဝေဆာဆာ ပွင့်ပါစေ၊ ပန်းဖူ
မိုးကြောင့် ပညာသင်ကြားခြင်းမှ မဝေးပါစေနဲ့လို့ ကိုယ်
ညအိပ်ရာဝင်တိုင်း ဆုတောင်းရမယ်'

'ဒါပေါ့ ကိုရဲ၊ ပညာဉာဏ် အသိပညာ ဆင်းရဲခြင်းမှ ကင်းဝေ
ရပါလို့လည်း ညစဉ် ဘုရားရှိခိုးတိုင်း ဆုတောင်းရဦးမ
လေ'

ကျွန်တော်က ကျွန်တော့်ချစ်ဇနီး၏လက်ကိုကိုင်ရင်းမှ ကျွန်တေ
တို့ ဇနီးမောင်နှံ လှူထားသော စာသင်ကျောင်းကလေးကို ကြည့်မိပြ
ပါသေးသည်။

နေရောင်အောက်မှာ ရွှေရည်တွေဖျန်းပက်ထားသလို ဘာနှင့်မှ
နှိုင်းယှဉ်မရနိုင်အောင် စာသင်ကျောင်းလေးက တင့်တယ်လှပ ထည်
လို့နေပါသည်။

✷

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတွေ ပြောမလဲ။

ကန္တာရထဲမှာ ကြာပန်းတွေ မပွင့်ဘူး ဆိုတာ။

ထိုကန္တာရထဲမှ ကြာပန်းများ ဝေဝေဆာဆာ ပွင့်လာမည့်နေ့ကို ေ.၇ ကျွန်တော်ရော ကျွန်တော့်ဇနီးဖြစ်သူပါ မြင်တွေ့ရမှာက အမှန်ပင် ဖြစ်ပါတော့သည်။

ကိုယ်တို့ခေတ်မှာ မဖြစ်ဘူးလို့ မည်သူပြောနိုင်ပါမည်လဲ။

ပဒ္ဒုမံဒီရိုင်း

www.burmeseclassic.com